**ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်**

**ဘာသာပြန် - ထွန်းလင်းအောင်**

အခန်း (၃၇၆)

**အနုကြမ်း ခြိမ်းခြောက်ခြင်း**

လင်းရီ၏ စကားလုံးများက ဝိုင်းအုံကြည့်ရှုနေကြသည့် လူအုပ်ကြီးကို ကြက်သေသေသွားစေသည်။

ဒုက္ခရောက်နေတဲ့သူကို လက်ကမ်းသင့်တာ ပုံမှန်ပဲ မဟုတ်ဘူးလား...

"ညီကို.... မင်းမှာ ကိုယ်ချင်းစာစိတ်ဆိုတာ မရှိဘူးလား.... ဒီအဘိုးရဲ့ အူအတက်ပေါက်တာက အရေးကြီးတဲ့ အခြေနေကို ရောက်နေပြီ... ဒါတောင်မှ မင်းက

ကားမငှားပေးချင်ဘူးတဲ့လားကွ...."မျက်မှန်တပ်ဆင်ထားသည့် လူငယ်မှ စိတ်တိုဒေါသထွက်စွာဖြင့် ပြောလိုက်ပြီး

"မင်းက အလကား မတင်ချင်တာလား..... ရတယ် ငါတက္ကစီခ ပေးမယ်.... "

"ငါက ငွေပြတ်နေတဲ့ကောင် မဟုတ်ဘူး... "

လင်းရီ၏ စကားလုံးများကို ကြားတော့ မျက်မှန်တပ်ထားသည့် လူငယ်မှာ အထင်သေးသည့်

အမူအရာဖြစ်သွားခဲ့ပြီး "မင်းရဲ့ကား ညစ်ပတ်မှာကို ကြောက်နေတာလား... မင်းရဲ့ ရှာရီအစုတ်ကြီးကကော ဘယ်လောက်များ သန့်ပြန့်နေလို့လဲ....."

လင်းရီ၏ ထူးမခြားနားသည့် အမူအရာကိုမြင်တော့ ရပ်ကြည့်နေကြသူများထံမှ တစ်ယောက်တစ်ပေါက် ဆွေးနွေးသံများ ထွက်ပေါ်လာခဲ့သည်။

"ခုခေတ် လူတွေများ လူမှုရေးဆိုတာကို မရှိကြတော့ဘူးပဲ.... သူများ ဒုက္ခရောက်နေတာကို ဘယ်လိုလုပ်ပြီး မသိကျေးကျွံပြုရက်ကြလဲမသိဘူး...."

"နည်းနည်းလေး အောင်မြင်လာတာနဲ့ တော်ရုံလူတွေဆို လူလို့ကို မမြင်ချင်ကြတော့တာ... ဒါတောင်မှ အဲ့ကောင်လေးစီးတာက ရှာရီမို့လို့နော်... မာစီးတီး

ဆိုလို့ကတော့ ငါတို့ကို တိုက်ခွဲ သွားမလားတောင်
မသိဘူး.... သူတို့လိုကောင်တွေက
မျှော်လင့်ချက်မဲ့နေတဲ့ကောင်တွေ...."

"အမှန်ပဲ... ငါ့အမြင်အရဆိုရင်တော့ သူတို့လို
လူမှုရေးမရှိတဲ့ကောင်တွေကို ဖမ်းဖို့ ဥပဒေ
ထုတ်ထားသင့်တယ်.... "

"ဖမ်းရုံတင် ဘယ်ကမှာ... ဒဏ်ငွေအကြီးကြီး
ဆောင်ခိုင်းပြီးတော့ အဲ့ငွေတွေကိုလည်း
မရှိတဲ့သူတွေဆီ ပြန်ဝေငှသင့်တယ်...."

လူတိုင်း လင်းရီကို လက်ညိုးထိုးပြီး အမျိုးမျိုး
ဝေဖန်နေကြသည်ကို မြင်သည်တွင်
မျက်မှန်တပ်ထားသည့် လူငယ်မှာ နှစ်ထောင်အားရ

ဖြစ်သွားခဲ့ပြီး "မင်းမြင်လား.... မင်းအဲ့လို ဆက်လုပ်နေမယ်ဆိုရင် လူတိုင်းရဲ့တံတွေးခွက်ထဲမှာ ပက်လက်မျောတော့မှာ...."

မျက်မှန်တပ်ထားသည့် လူငယ်မှာ ထိုသို့ ပြောလိုက်သည့်တိုင်အောင် စိတ်ကျေနပ်သေးပုံမပေါ်ဘဲ ဆက်လက်၍ "ပြီးတော့ ဒီရဲ့အဘိုးက အူအတက်ပေါက်နေတာ အသက်အန္တရာယ် စိုးရိမ်ရလောက်တဲ့အထိပဲ ... တကယ်လို့ တစ်ခုခု ဖြစ်သွားခဲ့ရင် အားလုံးက မင်းအပြစ်ပဲ...မင်းတာဝန်ခံရမယ်.... "

လင်းရီ ဒေါသထွက်စွာ ရယ်မောလိုက်သည်။

"ဒီလိုမျိုး အနုနည်းနဲ့ ခြိမ်းခြောက်တာကို ငါပထမဆုံး ကြုံဖူးတာပဲကွ.... သေမင်းတံခါးဝ ရောက်နေတဲ့လူကို ကော်တင်ပေးရမယ်လို့ ဘယ်နိုင်ငံက ဥပဒေထုတ်ထားတာလဲ...ပြီးတော့ မင်းကိုယ်တိုင်ကိုက သောက်သုံးတော့ မကျဘဲနဲ့ သူများ ချမ်းသာနေတာကို လာပြီး အပြစ်တင်နေတယ်....."

"ဒီမှာ ညီလေး ... ငါက မင်းအဖေမဟုတ်သလို မင်းကလည်း ငါ့သားမဟုတ်ဘူး....မင်းကို ကူညီပေးချင်လည်းရတယ်... ဒါပေမယ့် အဲ့လိုလုပ်ဖို့ ရွေးချယ်ပိုင်ခွင့်က ငါ့လက်ထဲမှာပဲ....မင်းဘက်က ဘာလုပ်ပါ ညာလုပ်ပါဆိုပြီး အမိန့်ပေးပိုင်ခွင့် ရှိလို့လား...."

လင်းရီမှ ထိုသို့ မေးခွန်းထုတ်လိုက်သည်တွင် အမှန်တရား ဘက်တော်သားပုံစံဖြစ်နေသည့် မျက်မှန်တပ်ထားသည့် လူငယ်မှာ အံ့အားသင့်သွားခဲ့သည်။

လင်းရီထိုမျှ လျှာစောင်းထက်လိမ့်မည်လို့ သူလုံးဝ ထင်မှတ်မထားခဲ့ချေ။

"ဘာမှ လာမပြောနဲ့... ဒီအဘိုးအသက် ဆုံးရှုံးသွားရင် အားလုံး မင်းအပြစ်ပဲ... အချိန်ကျလာရင် ငါဒီကိစ္စကို Weibo ပေါ်တင်ပြီးတော့ ဟွာရှပြည်သူတစ်ရပ်လုံးကို ပြပြီး ဆဲခိုင်းဦးမယ်....."

"ငါကပဲ မကယ်တင်ဘူးလို့ မင်းသောက်ပါးစပ်က ဆိုနေတာနော်... ငါတကယ်သိချင်မိတာက ခဏလေး

စမ်းကြည့်ပြီးတာနဲ့ အဲ့အဘိုးက
အသက်အန္တရာယ်ရှိနေတယ်ဆိုတာ
မင်းဘယ်လိုလုပ်သိလဲ.... "

"ပြီးတော့ အဘိုးဖြစ်တာက အူအတက်ပေါက်တာပါလို့
မင်းကို ဘယ်သူက ပြောပြလိုက်တာ.... "လင်းရဲ
လျှောင်ပြောင်နေသည့် မျက်နှာထားဖြင့်
မေးလိုက်သည်။

"မင်းငါ့ကို လာနှောက်နေတာလားဟျောင့်.... ငါ
အဲ့အဘိုးရဲ့ ရောဂါနဲ့ ရင်းနှီးပြီးသား...
မှားစရာအကြောင်းကို မရှိတာ...ဖြစ်နေတဲ့
လက္ခဏာတွေက

အူအတက်ပေါက်တဲ့ရောဂါလက္ခဏာတွေဆိုတာ
အားလုံး အမြင်ပဲလေ.... "
မျက်မှန်တပ်ထားသည့် လူငယ်မှာ ကျယ်လောင်စွာ
ဆိုလိုက်၏။

"ဒီကောင်လေးက ဂေါက်ကြောင်လေးလားကွ...
မဖြစ်စလောက် ရှာရီလေး မောင်းပြီးတော့
ဟွာရှန်းဆေးရုံက ဆရာဝန်ကို
မေးခွန်းလာထုတ်နေတယ်...."

"အူအတက်ပေါက်တဲ့ ရောဂါလက္ခဏာတွေက ငါတို့နဲ့
မစိမ်းဘူး... တီဗွီပေါ်က
ပညာပေးအစီအစဉ်တွေမှာလည်း အမြဲတမ်းပါတယ်...
ငါ့လို ဘာမှမဟုတ်တဲ့

အမျိုးသမီးတစ်ယောက်ကတောင် သိနေမှတော့
ဆရာဝန်လုပ်တဲ့သူက
ပိုသိတာပေါ့ဟယ်....အဲ့ဒါတောင်မှ
အူအတက်ပေါက်တာ မဟုတ်ဘူးဆိုတော့
သေချာတယ်... ဒီကောင် မကူညီချင်လို့ တမင်
အကြောင်းပြချက်တွေ ပေးနေတာပဲ ဖြစ်ရမယ်...."

"အမှန်ပဲ... ခုခေတ်လူတွေများ ရုပ်ကလေးတော့
လှအောင်
ပြင်လိုက်ကြတာ...အတွင်းစိတ်ပုပ်ပွနေတာကျ ပြင်ဖို့
စိတ်ကူးမရှိကြဘူး.... အဲ့တာကြောင့် ခုလို
သနားညှာတာစိတ် ကင်းမဲ့သူတွေ ပေါနေကြတာ.... "

လင်းရီကတော့ ပခုံးတွန့်လိုက်ပြီး ဂရုမစိုက်စွာဖြင့်
"မင်းက
အူအတက်ပေါက်တယ်ဆိုတော့လည်းအူအတက်ပေါက်
လိုက်တာပေါ့... ငါ အဲ့အဘိုးကို ကူတင်လာခဲ့ပေးမယ်...
ဒါပေမယ့် မင်းတို့ဘက်ကတော့ ဆေးဖိုးဝါးခ
ကုန်ကျစရိတ်ကို တာဝန်ယူပေးရမယ်...
ဟွာရှန်းဆေးရုံလို အဆင့်မြင့်ဆေးရုံကြီးမှာ အူအတက်
ခွဲစိတ်မယ်ဆိုရင် အနည်းဆုံး
ယွမ်နှစ်သောင်းလောက်တော့ ကုန်မှာပဲ... ခင်များတို့လို
သောက်ရမ်းသဒ္ဓါတရား ထက်သန်နေတဲ့သူတွေ စုပြီး
နည်းနည်းပါးပါး ကူညီလိုက်ရင် ပြည့်ဖို့
လွယ်လွယ်လေးပဲ မဟုတ်လား...."

မိန်းမငယ်လေးမှာ ပတ်ဝန်းကျင်ရှိ လူတိုင်းကို အသနားခံသည့် အကြည့်တို့ဖြင့် ကြည့်လိုက်ပြီး "ဦးလေးတို့ အန်တီတို့ ကျေးဇူးပြုပြီး ပိုက်ဆံလေး နည်းနည်းလောက် ကူညီပေးပါလားရှင်... ကျွန်မတို့ မိသားစုရဲ့ အခြေနေက ဆိုးဆိုးရွားရွားကြီးလည်း မဟုတ်ပါဘူး...ကျွန်မ နာမည်တွေကို သေချာမှတ်ပြီးတော့မှ နောင်ကျ သေချာပေါက် ပြန်ဆပ်ပါမှာ...."

"ဒါ......."

မိန်းမငယ်လေး အနားရှိ လူတိုင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်မိသွားကြပြီး ခက်ခဲနေသည့် လေသံဖြင့် "ဟေ့ ဟေ့ ငါ့ကိုအဲ့လိုလာမကြည့်နဲ့

မိန်းကလေး... ငါ့အိတ်ကပ်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး....."

"ငါ့ပိုက်ဆံကလည်း ငါ့သား အိမ်ဝယ်ဖို့ အတွက် စုထားပေးတာ... နင့်ကို မချေးပေးနိုင်ဘူး...."

"ချေးတာကတော့ ဟုတ်ပါပြီ.... ပြန်ဆပ်ရမယ့် အချိန်ကျတော့ ဘယ်သူက ပြန်ပေးမှာ....."

"ဦးလေးတို့၊ ဒေါ်ဒေါ်တို့ ..
တောင်းဆိုပါတယ်...."မိန်းမငယ်လေးမှ ငိုကြွေးလိုက်ပြီး "ကျွန်မအဘိုး နေပြန်ကောင်းလာရင် ကျွန်မရဲ့ မိဘတွေကို ပြန်ဆပ်ဖို့ ပြောပေးပါ့မယ်...."

"နင်က အဲ့လိုကတိပေးလိုက်ရုံနဲ့ ပြီးသွားရောတဲ့လား....နင်တောင်းဆိုနေတာကြီးက များလွန်းတယ်... ငါတို့ပိုက်ဆံတွေက မိုးပေါ်က ကျလာတာမဟုတ်ဘူး...."

"မိန်းကလေး... သူတို့နားတောင်းမနေနဲ့... မင်းအဘိုးကို ကုသပေးမယ်ဆိုတဲ့ အစ်ကိုကြီးနားတောင်းလိုက်... သူက ဒီမှာ တာဝန်အရှိဆုံးပဲ....ပြီးတော့ လူတွေကို ကယ်တင်တယ်ဆိုတာက ဆရာဝန်တစ်ယောက်ရဲ့ တာဝန်ပဲလေ... သူသေချာပေါက် ကူညီမှာပါ...."လင်းရီ ပြုံးလျက် ပြောလိုက်သည်။

"အစ်ကို... ညီမကို ကူညီမယ်မလားဟင်....."

"ဒါ......"

မျက်မှန်တပ်ထားသည့် လူငယ်လေးမှာ မည်သို့ငြင်းရမသိ ဖြစ်နေလေသည်။

ယွမ်နှစ်သောင်းဆိုသည်မှာ သေးငယ်သည့် ပမာဏမဟုတ်ချေ။ အကယ်၍ သူတို့မှ ချေးငှားသွားပြီး ပြန်မဆပ်ပါက မည်သို့လုပ်ရမည်နည်း။

ဆေးရုံတွင် ယခုကဲ့သို့ အလားတူဖြစ်ရပ်မျိုး များစွာ ရှိသောကြောင့် သူ စွန့်စားပြီး ပိုက်ဆံမချေးနိုင်ပေ။

"အစ်ကို့မှာကလည်း အဲ့လောက် ပိုက်ဆံအများကြီးကျ မရှိဘူးဟ....."

"ပိုက်ဆံ မရှိဘူး....

မဟုတ်သေးဘူးထင်တယ်နော်....."လင်းရီပြောလိုက်ပြီး

"မင်းရဲ့နာရီဘရန်းက Omega မဟုတ်လား...

အဲ့တာကိုတာ ပေါင်လိုက်မယ်ဆိုရင်

ပိုက်ဆံအတော်ရလောက်တယ်...အဲ့လိုဆို

လူနာအသက်ကို ကယ်တင်လို့ရပြီလေ... ဒါတောင်မှ

မင်းက မကူညီချင်ဘူးဆိုတော့.....ဟင်း......"

သေစမ်းကွာ.....

မျက်မှန်တပ်ထားသည့် လူငယ်မှာ

ယမ်းပုံမီးကျဖြစ်နေပြီး နှုတ်မှ ကျိန်ဆဲလု နီးပါး

ဖြစ်သွားခဲ့သည်။

မင်းက ငါ့လာကစားနေတာပဲကွ....

လင်းရီ ပခုံးတွန့်လိုက်ပြီး "ခင်များတို့ကောင်တွေကပဲ ကျုပ်ကို ကိုယ်ချင်းစာစိတ်မရှိဘူးလေး ဘာလေးနဲ့ ဝေဖန်နေကြတာမဟုတ်လား... ခုခင်များတို့ကို ငွေလေးနည်းနည်းပါးပါး ကူညီခိုင်းတော့ကျ ရှောင်ထွက်လိုက်ကြတာများ ဆီစွတ်ထားသလားတောင် အောက်မေ့ရတယ်...ကျုပ်ဘက်က အများကြီးတောင်းဆိုနေတာလည်း မဟုတ်ပဲနဲ့ကို ခင်များတို့က တစ်ကျပ်ကလေးတောင် မကူညီပေးချင်ကြဘူး.... ဒါလား ခင်များတို့နှုတ်က ရွတ်ရွတ်နေကြတဲ့ ကိုယ်ချင်းစာတရား..... "

လူတိုင်း တေမိ ဖြစ်နေကြ၏။ အကယ်၍ အနီးတွင် ကြွက်တွင်းတွေ့ပါက ထိုတွင်းထဲ၌ ပြေး ဝင်အောင်းမိမှာအမှန်ပင်။

"မင်းလည်း ရပ်ပြီးတော့ လာဝေဖန်မနေနဲ့ဟျောင့်... " မျက်မှန်တပ်ထားသည့် လူငယ်မှ ပြောလိုက်ပြီး "မင်းတတ်နိုင်ရင် မင်းချေးပေးလိုက်လေ...."

မိန်းမငယ်လေးမှ လင်းရီထံ အသနားခံနေသည့် မျက်ဝန်းတို့ဖြင့် ကြည့်လိုက်၏။

"အစ်ကိုကြီး... ကျေးဇူးပြုပြီး ကူညီပေးပါနော်... ဘိုးဘိုးကြီးသာ ဆေးရုံမရောက်ဘူးဆို အသက်ဆုံးရှုံးရတော့မှာ.... "

လင်းရီ မိန်းမငယ်လေး၏ ခေါင်းကို ခပ်ဖွဖွပုတ်၍ "မပူနဲ့... မိန်းကလေးရဲ့အဘိုးက ဘာအသက်အန္တရာယ်မှ မရှိဘူး...."

"ဘာလို့ အသက်အန္တရာယ်မရှိတာ.... အူအတက်ပေါက်တယ်ဆိုတာက......"

"အဲ့ကောင် ပြောတာတွေ နားထဲထည့်မနေနဲ့.... " လင်းရီ ပြောလိုက်ပြီး "မိန်းကလေးရဲ့အဘိုးက မနက်တုန်းက တစ်ခုခု အစားမှားလာခဲ့လို့ အစာအိမ်ထဲမှာ လေခိုနေတာ... ဘာ အူအတက်ပေါက်တာမှ မဟုတ်ဘူး...."

"သူက အစားမှားခဲ့တယ်....."

မျက်မှန်နှင့် လူငယ်မှာ သူ၏ အသံကို မြင့်လိုက်ပြီး လင်းရီနှင့် ထိပ်တိုက်တွေ့ကာ "ဘာသောက်အဓိပ္ပာယ်မရှိတာတွေ လာပြောနေတာ... မင်းပိုက်ဆံ မချေးပေးချင်လို့ ဆင်ခြေတွေ လျှောင်ပေးနေတာ မဟုတ်လားကွ...."

"ဟုတ်တယ် အဲ့လိုပဲ ဖြစ်ရမယ်... "လူအုပ်ကြီးမှာလည်း တစ်သံတည်း ထောက်ခံလိုက်ကြသည်။

"သူ့ပုံစံကိုလည်း ကြည့်လိုက်ဦး .. ရှာရီမောင်းပြီး အုပ်သယ်တဲ့ရုပ်နဲ့... ပိုက်ဆံအများကြီး ထုတ်မချေးနိုင်လို့ ပေါက်တတ်ကရ ဆင်ခြေတွေ လျှောက်ပေးနေတာနေမှာ.... "

"ဟင်း.... ကမ္ဘာကြီးက အကျဘက်ကို ဦးတည်နေပြီပဲ... ရိုးသားဖြောင့်မတ်တဲ့သူဆိုတာ ရှေ့ထက်တောင် ရှားပါးသွားပြီ....."

"ဒီကောင်က ဟွာရှန်းဆေးရုံက ဒေါက်တာရဲ့ ကျွမ်းကျင်မှုတွေကို မေးခွန်းထုတ်နေတယ်တဲ့လား.... ဘယ်လိုတောင် ရယ်ဖို့ကောင်းလိုက်လဲ...."

လူအုပ်ကြီးမှာ လင်းရီကို ဝိုင်းပြီး အပြစ်ဖို့နေကြသည်။

စောနက အရှက်ကွဲခဲ့သည်များကို အတိုးနှင့် ပေါင်းယူကာ အားလုံးမှ တိုင်ပင်ထားကြသကဲ့သို့အတိုင်အဖောက် ညီစွာ ဆိုနေကြတော့၏။

လင်းရီ ထိုလူများကို လျစ်လျူရှုထားပြီး အိတ်ကပ်ထဲမှ ယွမ်တစ်ရာကိုထုတ်ကာ မိန်းမငယ်လေး လက်ထဲသို့ ထည့်ပေး၍

"ရှေ့နားက ဆေးဆိုင်မှာ လက်တစ်အက်စစ်ဘတ်တီးရီးယားနဲ့ ဂလက်တိုဆီဒေးစ် ဝယ်ခဲ့လိုက် ... မြန်မြန်လေး...."

"ဟုတ်ကဲ့ အစ်ကိုကြီး...."

မိန်းမငယ်လေးမှာ လင်းရီ၏ ပိုက်ဆံကို လက်ခံပြီး ဆေးဆိုင်သို့ ပြေးကာ နှစ်မိနစ်အတွင်း အိတ်တစ်လုံးဖြင့် ပြန်ရောက်လာခဲ့၏။

"ရော့ဘူးပေး....."

"ဒီမှာပါ...."

လင်းရီ ဆေးနှစ်လုံးကို ထုတ်လိုက်ပြီး အဘိုးကြီးကို တိုက်လိုက်၏။ ထို့နောက် ဝမ်းဗိုက်ကို နာရီလက်တံအတည့်လည်သည့်ပုံစံဖြင့် တခဏမျှ ပွတ်သပ်လိုက်သည်။

"ဂေ့ ဂေ့ ဂေ့.... "

နာရီဝက်ကြာပြီးနောက် အဘိုးကြီးမှ လေချဉ်များ တက်လာခဲ့ပြီး သူ၏ မျက်နှာအရောင်မှာလည်း သိသိသာသာ ကောင်းမွန်လာခဲ့သည်။ ယခင်ကလောက် ဖြူလျော်နေခြင်း မရှိတော့ချေ။

နောက်မိနစ်ဝက်ခန့်ကြာသည့် အချိန်တွင်တော့
သတိလစ်အံ့ဆဲဆဲ ဖြစ်နေသည့် အဘိုးကြီးမှာ
ကိုယ့်ခြေထောက်နှင့်ကိုယ်
မတ်တပ်ရပ်နေနိုင်ပြီဖြစ်သည်။

သူ၏ မျက်နှာအရောင်မှာလည်း ပုံမှန်ပြန်ဖြစ်သွားပြီး
သာမန်လူတစ်ယောက်ကဲ့သို့ ဖြစ်သွားခဲ့၏။

"အဘိုး အခု ဘယ်လိုနေသေးလဲဟင်....
"မိန်းမငယ်လေးမှ စိုးရိမ်နေသေးဟန်ဖြင့်
မေးလိုက်သည်။

"ခု ပိုကောင်းသွားပြီ... ဒီက လူငယ်လေးက
အရမ်းတော်တာပဲ... အဘိုး လေထတဲ့အစားတွေ

စားခဲ့တာကို တစ်ချက်ကြည့်တာနဲ့
တန်းပြောနိုင်တယ်...."

ဂျင်းကိုကြားတော့ ရပ်ကြည့်နေကြသည့်လူတိုင်း
ကြက်သေသေသွားခဲ့ကြ၏။

ဒါ... ဒါဆို ဗိုက်ထဲ လေခိုနေတာပေါ့နော်....

"ဒါပေမယ့် ဒီရဲ့အစ်ကိုကြီးက အဘိုးကို
အူအတက်ပေါက်တယ်ဆိုပြီး ပြောနေတာကော...."

အဘိုးကြီး မျက်မှန်တပ်ထားသည့် လူငယ်လေးကို
ကြည့်လိုက်ပြီး "ဒီကောင်ကတော့ တစ်စက်မှကို
ကျွမ်းကျင်မှုမရှိတာ... ဘာမှသေချာတာလည်း
မဟုတ်ပဲနဲ့ ရမ်းသန်းပြီး ကောက်ချက်ချနေသေးတယ်...

သူနဲ့သာ ဆေးပြမိလို့ကတော့ သေမင်းဆီသွားမယ့် လက်မှတ်ကို ကိုယ်တိုင်သွားဖြတ်တာနဲ့ အတူတူပဲ.... "

လင်းရီ ဘေးတွင် ရပ်လိုက်ပြီး ကျန်သူများကို ကြည့်ကာ "ခင်များတို့ကောင်တွေ ခုလေးတင် ဒီအဘိုး အူအတက်ပေါက်တယ်ဆိုပြီးတော့ သဘောတူနေကြတာမဟုတ်ဘူးလား... ခု အခြေနေတွေက ပိုကောင်းလာတာတောင်မှ ဆေးရုံ လိုက်ပို့စေချင်နေတုန်းလား...."

အခန်း (၃၇၇)

**သေအောင်ရိုက်သတ်၊ အမျိုးသားအင်္ဂါကုသရေး ဌာနတော့မသွားဘူး**

"ဒါ..... "

ပတ်ဝန်းကျင်ရှိ လူတိုင်း
တိတ်ဆိတ်ငြိမ်သက်သွားခဲ့ကြပြီး မိမိတို့၏
အမှားအတွက် အရှက်ရနေခဲ့ကြသည်။

"အဘိုး... ခင်များ တကယ်ကြီး အဆင်ပြေတာကော
ဟုတ်ရဲ့လား.... "

"မင်းက ငါအဆင်ပြေတာကို မလိုချင်လို့လား.... "

"ကျွန်တော်..... "

မျက်မှန်တပ်ထားသည့် လူငယ်မှာ
ကြက်သေသေသွားခဲ့၏။ သူယခုလို

ကိုးရို့ကားယားနိုင်လှသည့် အခြေနေကို မည်သို့ ကိုင်တွယ်ရမှန်း မသိတော့ချေ။

ယင်းက လုံးဝကို ရှက်ဖွယ်အတိပင်။

"ဟမ့်...အစာမကြေဖြစ်တာလား အူအတက်ပေါက်တာလားတောင် မခွဲခြားနိုင်ပဲနဲ့များ သူ့ကိုယ်သူ ပရော်ဖက်ရှင်နယ် ဒေါက်တာပါတဲ့... သူ့လို ရမ်းသမ်းပြောတဲ့ကောင်တွေကြောင့် အသက်ဆုံးရှုံးလိုက်ရတဲ့ လူနာတွေ ဘယ်လောက်တောင် ရှိနေပြီလဲ... ဘာမှမဖြစ်ရင်တောင် အလကားနေရင်း ခွဲစိတ်ခက ပေးရဦးမယ်...ဆရာဝန်တွေများနော်..... "

"ဟုတ်ပါ့... ဒါတောင် သူ့ကိုယ်သူ ဟွာရှန်း ဆေးရုံက ဆရာဝန်ပါဆိုပြီး ဟစ်ကြွေးလိုက်သေးတယ်... ငါတော့ နောက်ဆို အဲ့ဒီဆေးရုံ သွားရမှာတောင် ခပ်လန့်လန့်ရယ်.... "

"အပြင်မှာ လိုင်စင်မရှိဘဲ ဆေးကုစားနေတဲ့သူတွေတောင် သူ့ထက်သာဦးမယ်... ဒီကောင်က ဟွာရှန်း ဆေးရုံကို ကျက်သရေးတုံးစေတဲ့ကောင်ပဲကွ... "

မျက်မှန်တပ်ထားသည့် လူငယ်မှာ စိတ်ပျက်အားလျော့စွာဖြင့် မတ်တပ်ထရပ်လိုက်ပြီး လူတိုင်းသူ့ကို ဝေဖန်ရှုတ်ချနေသည်ကို တစ်ခွန်းမျှပင်

မဆိုဝံ့ပဲ အများ၏ မြင်ကွင်းအောက်မှ ပျောက်ကွယ်သွားခဲ့၏။

ထိုအဘိုးကြီး သက်သာလာသည်ကိုမြင်တော့ လင်းရီလည်း ထွက်ခွာရန်ဟန်ပြင်လိုက်သည်။ ကိုးနာရီ ထိုးတော့မည်ဖြစ်ပြီး အစည်းဝေးတောင် နောက်ကျပေတော့မည်။

"အစ်ကိုကြီး နာမည်ဘယ်လိုခေါ်လဲဟင်... ညီမ အမေတို့ကို ပြောပြပြီးတော့ အစ်ကိုကြီးရဲ့ပိုက်ဆံ တစ်ရာကို ပြန်ဆပ်မလို့... "

"ပြန်ပေးစရာ မလိုဘူး... ကျောင်းသာ ပုံမှန်တက်ပြီးတော့ အမှတ်ကောင်းအောင်သာလုပ်...

အဲ့လိုဆို ခုနကကောင်လိုမျိုး ပေါက်တတ်ကရတွေ ဖြစ်မှာ မဟုတ်ဘူး..."

ထိုသို့ပြောပြီးနောက် မြေးအဘိုးနှစ်ယောက်လုံးကို ပြုံးပြနှုတ်ဆက်ကာ ဟွာရှန်းဆေးရုံသို့ ထွက်လာခဲ့လိုက်၏။

မိနစ်နှစ်ဆယ်ကြာပြီးနောက် လင်းရီ ဟွာရှန်းဆေးရုံသို့ ရောက်ရှိလာခဲ့သည်။

ခမ်းနားကြီးကျယ်သည့် ပြင်ပလူနာဆောင်ကို ကြည့်ရင်း လင်းရီ စိတ်လှုပ်ရှားခြင်းနှင့် ရင်ဖိုခြင်းတို့ကို တစ်ချိန်တည်းတွင် ခံစားလိုက်ရ၏။

ယခု အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်ကို စနစ်မှ တာဝန်ပေးသည်သာဖြစ်ပြီး မည်သည့်ဌာန၌ တာဝန်ထမ်းဆောင်ရမည်ကိုလည်း လင်းရီ လုံးဝမသိချေ။

မူလကတော့ လင်းရီ မည့်သည့်ဌာနတွင် တာဝန်ကျစေကာမူ အဆင်ပြေသည်။

စနစ်၏ မစ်ရှင်များ ပြုလုပ်ရင်း ယခုကဲ့သို့ အံသြဖွယ်ကောင်းသည့် အလုပ်ကို လုပ်ကိုင်ရသည်မှာ သူ့အတွက်တော့ ပျော်ရွှင်စရာကြီးပင်။

သို့သော်လည်း မနေ့ညက ကျီချင်းရန်နှင့် စနောက်ပြီးသောအခါမှ လင်းရီ ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း သတိထားမိသွားသည်။

အဘယ်ကြောင့်ဆိုသော် သားဖွားမီးယပ်ဌာန ရှိရုံသာမက အမျိုးသားအင်္ဂါ ကုသရေးဌာနလည်း ရှိနေသေး၏။

အကယ်၍ သူသာ ထိုဌာန၌ တာဝန်ကျမည်ဆိုပါက လင်းရီ ဆရာဝန်အလုပ်ကို အကြီးကြီး မုန်းတီးသွားနိုင်သည်။

ဆေးရုံးရှိ လမ်းပြဆိုင်းဘုတ်များနောက် လိုက်လာခဲ့ရင်း လင်းရီ ဝန်ထမ်းရေးရာဌာနသို့ ရောက်လာခဲ့၏။ ထိုအခါ မျက်မှန်တပ်ထားသည့် လူငယ်မှာလည်း ဤနေရာသို့ ရောက်ရှိနေကြောင်း မြင်တွေ့လိုက်ရ၏။

သို့သော် မျက်နှာဝိုင်းဝိုင်းနှင့်
ချစ်စဖွယ်ကောင်မလေးတစ်ဦးမှာ
မျက်မှန်တပ်ထားသည့် လူငယ်ဘေးတွင်
ရပ်နေလေသည်။

ပုံပန်းသွင်ပြင်သဏ္ဍာန်အရတော့ စုန့်ကျားနှင့် အများကြီး
တူညီနေပြီး အပြစ်ကင်းစင်သည့်
မျက်နှာထားပိုင်ရှင်လေးတစ်ဦးပင်။ သို့ပေတည်း သူမ၏
ကိုယ်လုံးကိုယ်ပေါက်မှာတော့ ဖွံ့ဖွံ့ထွားထွားနှင့်
စုန့်ကျားထက် အဆပေါင်းများစွာ ကြီးမားနေတော့၏။

သို့သော်လည်း ရှောင်ထျန်ကဲ့သို့ ဇီဝိန်ခြွေနိုင်သည့်
အလှတရားပိုင်ရှင်နှင့် နှိုင်းယှဉ်မည်ဆိုလျှင်တော့
အနည်းငယ် ကွာဝေးနေဆဲပင်။

လင်းရီ ရောက်လာသည်ကိုမြင်တော့
ဝန်ထမ်းရေးရာဌာနရှိ အမျိုးသမီးများအားလုံး
မျက်လုံးအရောင် လက်သွားခဲ့ကြသည်။

သူလေးက ဘယ်သူလေးလဲ...
အမေ့သားမက်လေးများလားဟင်....

"မင်းပဲ..... "

လင်းရီကို မြင်သည့်အချိန်တွင် မျက်မှန်တပ်ထားသည့်
လူငယ်၏ အမူအရာမှာ အေးစက်သွားခဲ့သည်။
စောနလေးတင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာကို
ပြန်စဉ်းစားမိသည့် အချိန်တွင်တော့ မခံမရပ်နိုင်ဖြစ်ကာ

ဒေါသမီးဟုန်းဟုန်းတောက်လျက် မျက်နှာကြီးများ နီရဲလာခဲ့၏။

"အိုးဟိုး... မင်းလည်း ငါ့လို ဒေါက်တာ အသစ်လေးပေါ့... "

"အဲ့တာမင်းသောက်ပူပါလို့လား...."
မျက်မှန်တပ်ထားသည့် လူငယ်မှ အေးစက်စွာ ဆိုလိုက်ပြီး လင်းရီကို ချေငံစွာ ဆက်ဆံလိုက်၏။

"ရှင်တို့နှစ်ယောက်က အချင်းချင်း သိကြတယ်ပေါ့... "
အမျိုးသမီးဝန်ထမ်းမှ ညင်သာသည့် လေသံဖြင့် မေးလာသည်။

"မသိဘူး..."

"ရှင်ကကော ဒေါက်တာအသစ်ပဲလား...."

မျက်နှာဝိုင်းဝိုင်းနှင့် ကောင်မလေးမှ မေးမြန်းလိုက်၏။

"ဟုတ်တယ်... "လင်းရီ အပြုံးလေးဖြင့်
ခေါင်းလိမ့်လိုက်သည်။

"ဟုတ်ပြီ ဟုတ်ပြီ... ဒီမှာခဏ စောင့်နေဦးနော်... ကျွန်မ
အစ်မပင်းကို သွားရှာလိုက်ဦးမယ်...."

"ကျုပ်တို့က ဘာလို့ ဒီမှာစောင့်ရမှာ.. ခင်များတို့
ဒါရိုက်တာကို ချက်ချင်းခေါ်ပေးလို့မရဘူးလား...."

"ဘာဖြစ်ချင်လို့လဲ.... ကျွန်မတို့
လုပ်ချင်သလိုလုပ်မှာပေါ့... အဲ့တာရှင့်ကိစ္စမဟုတ်ဘူး....
"

မျက်မှန်တပ်ထားသည့် လူငယ်မှာ ပြောစရာစကားများ
ပျောက်ဆုံးသွားခဲ့ရ၏။

သူဆရာဝန်ဖြစ်တော့မည်မှာ မှန်သော်လည်း HR ဌာန၏
စီမံခန့်ခွဲမှုတို့ကို ဝင်ရောက်စွက်ဖက်ရန်
အရည်အချင်းမရှိပေ။

ထို့ကြောင့် ကူကယ်ရာမဲ့စွာဖြင့် မျက်မှောက်အခြေနေကို
လက်ခံလိုက်ရပြီး ရှက်ရွံ့စွာဖြင့်
ခေါင်းငုံ့လိုက်ရလေသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် အသက်လေးဆယ်အရွယ်ဟု ထင်ရသည့် အမျိုးသမီးတစ်ယောက် အပြင်ဘက်မှ ရောက်လာခဲ့၏။

"နင်တို့ အားလုံးက ခုမှ အသစ်ရောက်လာတဲ့ ဆရာဝန်တွေနော်... "

"ဟုတ်ပါတယ် ဒါရိုက်တာချိန်... "မျက်မှန်တပ်ထားသည့် လူငယ်မှ ပြောလိုက်ပြီး "ကျွန်တော်က နှလုံးအထူးကုမေဂျာက ဆရာဝန်ပါဗျ... ကျွန်တော်တို့ အရင်က တွေ့ဖူးတယ်လေ.... "

"အိုး... မှတ်မိပြီ... "

ထို့နောက် ချိန်ပင်း လင်းရီနှင့် သူ့ဘေးရှိ မိန်းကလေးတို့ကို ကြည့်ကာ "နင့်နာမည်ကကျတော့ လင်းရီ... ပြီးတော့ ဒီဘက်က မိန်းကလေးရဲ့ နာမည်ကျတော့ ချောင်ရှင်း ဖြစ်ရမယ်... မှန်တယ်မလား..."

"မှန်ပါတယ်ဗျ/ရှင့်... "

နှစ်ယောက်လုံး ပြိုင်တူ ခေါင်းညိမ့်လိုက်ကြသည်။

"ကောင်းပြီ .. နင်တို့ သုံးယောက်လုံးက နှလုံးအထူးကုတွေပဲ... ဒါပေမယ့် အချိန်တစ်ခုလောက်အထိတော့ နင်တို့ရဲ့ဌာနကို သွားလို့မရသေးဘူး...."ချိန်ပင်း ပြောလိုက်ပြီး "ဘာလို့လဲဆိုတော့ နင်တို့ကို

အလုပ်သင်ဆရာဝန်အဖြစ်နဲ့ အရေးပေါ်ဌာနမှာ တစ်လလောက် ထားထားဦးမယ်...ပြီးမှ နင်တို့ရဲ့ သက်ဆိုင်ရာဌာနကို ပြန်သွားလို့ရမှာ... အဲ့တာကိုတော့ သိပြီးသားပဲ မဟုတ်လား... "

"အလုပ်သင်ဆရာဝန်..... "

ပညာရှိ ဉာဏ်ပညာ၏ အကျိုးကျေးဇူးကြောင့် လင်းရီ ထိုစကားလုံး၏ အဓိပ္ပာယ်ကို နားလည်ပေသည်။

ကြားကောင်းအောင် ပြောမည်ဆိုလျှင်တော့ အဆင့်မြင့်ဆရာဝန်များ ဖြစ်စေရန် လူနာများ၊ ရောဂါအခြေနေများနှင့် လက်ရင်းတန်းရှိအောင် လေ့ကျင့်ပေးသည့် အချိန်အပိုင်းအခြားတစ်ခုပင်။

သို့သော်လည်း တုတ်ထိုးအိုးပေါက်
ပြောရမည်ဆိုလျှင်တော့ အလကားသပ်သပ်
တောက်တိုမယ်ရ လုပ်ခိုင်းသည့် နေရာသာ။

အလုပ်သင်ဆရာအဖြစ် ဝင်ရောက်ပြီးနောက်
ဌာနအမျိုးမျိုးတွင် အချိန်တစ်ခုကြာအောင်
တာဝန်ထမ်းဆောင်ပြီးတော့မှ မိမိတို့ အထူးပြုသည့်
ဌာနကိုယ်စီသို့ ပြန်သွားပိုင်ခွင့်ရှိသည်။

ထို့အပြင် ထိုအချိန်ကာလအတွင်း၌
အလုပ်ဖြုတ်ခံရနိုင်သည့် အခြေနေများလည်း
ရှိသေး၏။

ချီးပဲ... သောက်လုပ်ရှုပ်လိုက်တာ....

သို့သော်လည်း အမျိုးသားအင်္ဂါကုသရေးဌာနသို့ မသွားရောက်ရသည်ကပဲ ကံကောင်းလှချေပြီ။

"နင်တို့မှာ ငွေစရာရှိလား..."ချိန်ပင်း မေးမြန်းလိုက်၏။

"မရှိဘူးဗျ... ဘာပဲဆိုဆို ကျုပ်တို့က အသုံးချခံ ပစ္စည်းကိရိယာတွေပဲလေ... သွားခိုင်းတဲ့နေရာ သွားပေးရမှာပဲ....ထောက်ပံ့ပို့ဆောင်ရေးဌာနမှာ နေရာချပေးရင်တောင် ရတယ်...."

"ခစ်ခစ် ကောင်လေး နင်က စကားအရမ်းတန်တာပဲ..." ချိန်ပင်း သားမက်ကို အကဲခတ်နေသည့် မိခင်တစ်ယောက်ကဲ့သို့ ပြုံးလိုက်ပြီး "အန်တီ့မှာ ကောလိပ်ပြီးတာ မကြာသေးတဲ့ သမီးတစ်ယောက်ရှိတယ်... ပြီးတော့ စင်ဂယ်ပဲ... "

"အားရင် နင်နဲ့ မိတ်ဆက်ပေးမယ်လေ...."

လင်းရီ ပြုံးရုံသာပြုံးပြီး ဘာမျှပြန်မပြောချေ။

လင်းရီဘက်က ဘာမျှ မတုန့်ပြန်လာသည်ကိုမြင်တော့ ချိန်ပင်းလည်း ဆက်ပြောမနေတော့ချေ။

ထိုအစား သူတို့သုံးယောက်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ကူညီကိုင်တွယ်ပေးလိုက်၏။

"နင်တို့ ဒီမှာ စောင့်နေကြဦး... နှလုံးအထူးကုဌာနက ဒေါက်တာလီက နင်တို့ကို သူ့ရဲ့ ဌာနဆီခေါ်သွားပေးလိမ့်မယ်...ကျန်တာကတော့ နင်တို့တွေ သူမစကား နားထောင်ရုံပဲ .. ကြားလား..."

"ဟုတ်ကဲ့...."

လင်းရီမှ နှလုံးရောဂါ အထူးကုဌာနသို့ သွားရောက်တော့မည်ကိုကြားသိတော့ ကျိုးဇီချန် မျက်လုံးများ ကျဉ်းမြောင်းသွားခဲ့သည်။

သူ၏ ဦးလေးမှာ နှလုံးဌာန၏ ဒါရိုက်တာပင်။ ယခု သကောင့်သားမှာ သူဦးလေး၏ ပိုင်နက်ထဲသို့ ကျရောက်သွားပြီ ဖြစ်သောကြောင့် လက်စားချေရာ၌ ပိုမိုလွယ်ကူလိမ့်မည် မဟုတ်ပါလော။

" ဒေါက်တာလင်း... ကျွန်မတို့ ဝီချက်ခ်အပ်လို့ရမလားဟင်... "

HR ဌာနရှိ ကောင်မလေးတစ်ဦးမှ မျှော်လင့်ချက်တို့ ပြည့်နှက်နေသည့်မျက်ဝန်းများဖြင့် လင်းရီထံ တောင်းဆိုလာခဲ့သည်။

"အမ်.. ဒါပေါ့... ရတာပေါ့...."

လုပ်ဖော်ကိုင်ဖက်များ ဖြစ်လာတော့မည် ဖြစ်သောကြောင့် လင်းရီလည်း ကပ်စေးကုပ်မနေဘဲ သူ၏ QR ကုတ်ပို ပြကာ တစ်ယောက်ပြီးတစ်ယောက် စကန်ဖတ်ခိုင်းလိုက်၏။

"ငါလည်း နင်နဲ့ အပ်လို့ရလား... "ချောင်ရှင်းမှ တောင်းဆိုလာခဲ့သည်။

"ဘာလို့ မရမှာ... ငါတို့ကခု လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်လာတော့မှာဆိုတော့ ဝီချက်ခ်မရှိဘဲနဲ့ ဘယ်လိုလုပ် ဆက်သွယ်လို့ ရမှာ...."

"ဟုတ်တယ်နော်...."

ချောင်ရှင်း လေးပင်စွာ ခေါင်းညိမ့်လိုက်ပြီး သူမဖုန်းကိုထုတ်၍ လင်းရီ၏ QR ကုတ်ကို စကန်ဖတ်လိုက်သည်။

"ချောင်လေး.. ဒါက ငါ့ရဲ့ဝီချက်ခ်.. မင်းအပ်လို့ ရတယ်.... "

ကျောက်ကျိန်းရန်မှ လက်ဦးမှုရယူစွာ QR ကုတ်ပြလိုက်ပြီး ချောင်ရှင်း အကောင့်အပ်မှာကို စောင့်နေလိုက်သည်။

"အိုး...."

ချောင်ရှင်း ဟန်ပြ စကန်ဖတ်လိုက်ကာ သူမအိတ်ကပ်ထဲသို့ ဖုန်းပြန်ထည့်လိုက်၏။

"အမ်.. ဘာလို့ သူငယ်ချင်းဖြစ်ခွင့် တောင်းခံလွှာက ရောက်မလာခဲ့တာလဲဟ...."ကျိုးဇီချန် တီးတိုးရေရွတ်လိုက်ပြီး "ချောင်လေး မင်း အကောင့်အပ်လိုက်တ ာကော ဟုတ်ရဲ့လား...."

"အင်း... အပ်လိုက်တယ်.. ဒီက လိုင်းမကောင်းလို့ မတွေ့သေးတာနေမှာ... နောင်ကျ ပေါ်လာပါလိမ့်မယ်...."
ချောင်ရှင်း သာမန်လေသံဖြင့် ပြောလိုက်၏။

ထိုအချိန်တွင် HR ဌာန၏ ရုံးခန်းတံခါးမှာ ပွင့်လာခဲ့ပြီး မြင်းမြီးပုံစံနှင့် အမျိုးသမီးတစ်ဦး ဝင်ရောက်လာခဲ့လေသည်။

ထိုအမျိုးသမီးမှာ ဖြူဖွေးဥစင်းသည့် အသားအရေနှင့် ဘဲဥပုံသဏ္ဍာန် လှပသည့် မျက်နှာရှိ၏။ အမှတ်မထင် ကြည့်လိုက်မည်ဆိုပါက အသက်နှစ်ဆယ်ကျော်လေး အလားပင်။ သို့သော်လည်း ဖက်ရှင်ကတော့

သာမန်ဆန်လှ၏။ အထဲမှ ဘလောက်တစ်ထည်နှင့်
အဖြူရောင် ကုတ်အရှည်ကိုသာ ဝတ်ဆင်ထားသည်။

ယင်းပုံစံက လင်းရီစိတ်ကူးထဲရှိ ဆရာဝန်များ၏ ပုံစံနှင့်
တစ်ထပ်တည်းပင်။

အကယ်၍ ဆရာဝန်တစ်ဦးမှ ကျီချင်းရန်ကဲ့သို့
မြင်သူတကာ ငေးလောက်အောင်
ဝတ်ဆင်ထားမည်ဆိုပါက လင်းရီ သံသယစိတ်များ
ဖြစ်ပွားမိမှာ အမှန်ပင်။

"ဒေါက်တာလီ... နင်ရောက်လာပြီပေါ့..."

ထိုအမျိုးသမီး ရောက်လာသည်ကို မြင်တော့ ချိန်ပင်း မတ်တပ်ရပ်ပြီး လင်းရှီနှင့် ကျန်သူများကို မိတ်ဆက်ပေးလိုက်သည်။

"နင်တို့ကို မိတ်ဆက်ပေးမယ် .. ဒါက နှလုံးရောဂါ အထူးကု ဌာနက ဒေါက်တာ လီချူးဟန်ပဲ....”

အခန်း (၃၇၈)

## နတ်ဘုရားသဖွယ် ကိုယ်ရေးအကျဉ်း

လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး သူမ၏အကြည့်များက လင်းရှီတို့ သုံးဦးစလုံးအပေါ်၌ ဖြတ်ပြေးသွားခဲ့သည်။

"ဒီတော့ သူတို့က အလုပ်သင်ဆရာဝန်လေးတွေပေါ့...."

"အင်း...ဆေးရုံက  လူငယ် ဒေါက်တာလေးတွေကို လေ့ကျင့်ပေးဖို့ဘက် အာရုံစိုက်ခိုင်းထားတယ်မလား... ပြီးတော့ နှလုံးရောဂါ အထူးကုဌာန ဆိုတာကလည်း ငါတို့ ဆေးရုံက ထိပ်တန်းဌာနပဲလေ... ဒီတော့ သူတို့ကို နင်ပဲ ကြည့်ကိုင်တွယ်လိုက်တော့.... "

" ကောင်းပြီလေ.... "လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး "အဲ့ဒါဆို ငါသူတို့ကို ဌာနဆီ အရင်ခေါ်သွားလိုက်ဦးမယ်...."

"ကောင်းပြီ...."

လီချူးဟန် သုံးယောက်စလုံးကို သိမ်းကျုံးကြည့်လိုက်ပြီး

"ငါ့နောက် လိုက်ခဲ့ကြ....."

"ဟုတ် ဟုတ်ကဲ့ ..."ကျိုးဇီချင်း အလျင်စလို ခေါင်းညိမ့်လိုက်ပြီး လီချူးဟန်၏ ခြေလှမ်းများအတိုင်း နောက်မှလိုက်လာခဲ့လေသည်။

"ဒေါက်တာလီ.. ကျွန်တော် ကျောင်းတုန်းက ဒေါက်တာလီရဲ့ လက်ချာတန်းကို တစ်ခေါက်တက်ဖူးတယ်....အမှန်အတိုင်းပြောရရင် ဒေါင်တာလီရဲ့ လက်ချာတန်းကြောင့်သာ မဟုတ်ရင် ကျွန်တော် PhD တောင် ဆက်တက်နိုင်မှာ မဟုတ်ဘူး...အားလုံးက ဒေါက်တာလီရဲ့ ကျေးဇူးတွေကြောင့်ပါပဲဗျ...."

"ငါက ဆေးရုံကတောင်းဆိုလို့ ဒီတိုင်း
လက်ချာပေးလိုက်တာ...
နင်ပြောနေသလောက်ကြီးလည်း မကြီးကျယ်ပါဘူး..."

"ဒေါက်တာလီက အရမ်းနှိမ့်ချနေတာပဲ... "
ကျိုးဇီချန်း ပြောဆိုလိုက်ပြီး မြှောက်ဖားပင့်ကော်
လုပ်သည့်လေသံဖြင့်
"ကျွန်တော်က လက်ချာကို တစ်ခေါက်လေးပဲ
နားထောင်လိုက်ရတယ် ဆိုပေမယ့် စည်းမျဉ်းတွေအရ
ကြည့်မယ်ဆိုရင် ဒေါက်တာလီရဲ့ ကျောင်းသားလို့
ပြောရင်လည်း မမှားဘူး... ဒါကြောင့်မို့ နောင်ကျ
အရေးကြီးတဲ့ တာဝန်တွေရှိခဲ့ရင် ကျွန်တော်ကို ခေါ်ဖို့
သတိရလိုက်ပါဗျ.... "

လီချူးဟန် မျက်မှောင်အနည်းငယ်

ကြုတ်သွားသော်လည်း မကောင်းတတ်စွာဖြင့်

ခေါင်းညိမ့်လိုက်သည်။

ကျိုးဇီချန်း သူ၏ ဦးလေးထံမှ

ဒေါင်တာလီအကြောင်းကို ကြားသိပြီးဖြစ်၏။

ဟွာရှန်းဆေးရုံတွင် သူမ၏ အဆင့်အတန်းမှာ

တော်ရုံမဟုတ်ချေ။ ထို့ကြောင့် သူမနှင့် ရင်းနှီးမှုတစ်ခု

တည်ဆောက်ထားသည်က ပိုကောင်း၏။

ဟွာရှန်းဆေးရုံမှာ လွန်စွာ ကြီးမားလှပြီး

မိနစ်နှစ်ဆယ်ကျော်ကြာအောင်

လမ်းလျှောက်ပြီးသောအခါမှ လင်းရီတို့

နှလုံးအထူးကုဌာနသို့ရောက်ရှိလာခဲ့သည်။

ဌာန၏ နံရံတွင်တော့ ဌာနဒါရိုက်တာများ၏ အမည်နှင့်
ကိုယ်ရေးအကျဉ်းတို့ကို မှတ်တမ်းတင်ထားသည်။

လီချူးဟန်လည်း
လက်ထောက်ဒါရိုက်တာတစ်ဦးဖြစ်ပြီး
အုပ်စုထဲတွင်တော့ အသက်အငယ်ဆုံးဖြစ်လေသည်။

သို့သော်လည်း လင်းရီ ဒါရိုက်တာများ၏
ကိုယ်ရေးအကျဉ်းကို ဖတ်ကြည့်လိုက်သောအခါ
လီချူးဟန်၏ ကိုယ်ရေးအကျဉ်းမှာတော့ လုံးဝကို
နတ်ဘုရားသဖွယ်ဖြစ်နေကြောင်း ခံစားနေမိတော့၏။

သူ၏ အသက်နှစ်ဆယ်ကျော်
သက်တမ်းတစ်လျှောက်တွင် လူအမျိုးအစား

ပေါင်းစုံတို့နှင့် တွေ့ဆုံခဲ့ရပြီး
ကျီချင်းရန်တစ်ဦးတည်းကသာလျှင် ဒေါက်တာလီနှင့်
ပညာအရည်အချင်းပိုင်းဆိုင်ရာ၌
ယှဉ်ပြိုင်နိုင်ပေလိမ့်မည်။

သူမမှာ ရှဲ့ဟော် ဆေးတက္ကသိုလ်မှ
ဒေါက်တာတစ်ဦးဖြစ်ပြီး မေရို(Mayo) ဆေးခန်းတွင်
နှစ်နှစ်မျှ အလုပ်လုပ်ပြီးနောက် ဟွာရှန်းဆေးရုံသို့
ပြောင်းရွှေ့လာခဲ့၏။

ရှဲ့ဟော် ဆေးတက္ကသိုလ်မှာ မည်မျှ
အံ့သြဖွယ်ကောင်းကြောင်း
ထွေထူးရှင်းပြနေရန်မလိုချေ။ သို့တိုင်အောင် သူမမှာ
ကမ္ဘာ့အဆင့်တွင် နံပါတ်တစ်နေရာ၌

ရပ်တည်နေသည့်  မေရိုဆေးခန်း၌
အလုပ်အတွေ့အကြုံယူနိုင်ခဲ့၏။ ယင်းက
မေးရိုးပြုတ်ကျလောက်အောင်
အံ့အားသင့်ဖို့ကောင်းလွန်းလှသည့် နတ်ဘုရားသဖွယ်
ကိုယ်ရေးအကျဉ်းကြီးပင်တည်း။

ထို့ကြောင့် ယခုလို ငယ်ငယ်ရွယ်ရွယ်ဖြင့်
ဟွာရှန်းဆေးရုံ၏ နှလုံးအထူးကုဌာန၌
လက်ထောက်ဒါရိုက်တာ ဖြစ်လာသည်မှာ
မထူးဆန်းတော့ပေ။ အကယ်၍များ ဟွာရှန်းအောက်
တစ်ဆင့်နိမ့်သည့် ဆေးရုံသို့ပြောင်းရွှေ့မည်ဆိုပါက
ဆေးရုံ၏ ဒါရိုက်တာတစ်ဦး ဖြစ်လာရန်မှာ လုံးဝ
ပြဿနာမရှိပေ။

"ဒေါက်တာလီက မေရိုဆေးခန်းမှာတောင် အလုပ်လုပ်ဖူးတယ်ဆိုတော့ လုံးဝကို အမေးဇင်းပါပဲဗျာ....ကျွန်တော်တို့အတွက်တော့ စံပြသဖွယ်ပါပဲ.... "

ကျိုးဇီချန်း ဒေါက်တာလီ၏ နောက်ခံကို သိထားသော်လည်း မြှောက်ပင့်၍ရမည့် အခွင့်အရေးကို လက်လွှတ်မခံခဲ့ပေ။

"ပြောတော့ နင်က ငါ့ကို အရမ်းလေးစားအားကျတယ်ဆို....ငါအဲ့မှာ အလုပ်လုပ်ဖူးတာကို ခုမှ သိတယ်ပေါ့..."

"ဒါ....."

ကျိုးဇီချန်း ကိုးရို့ကားယား ပြုံးလိုက်သည်။

"တကယ်တော့ ကျွန်တော်က သိတာ ကြာပြီ...

အသေးစိတ်ကိုတော့ ခုမှသိတာ...

လေးစားဖွယ်ရာပါပဲဗျာ....."

လီချူးဟန် ပေါ့ပါးစွာ ခေါင်းရမ်းလိုက်ပြီး ဘာမျှ

ဆက်မပြောချေ။

"ကြည့်လိုက်.. ဒေါက်တာလီရဲ့နောက်က

ရှောင်ကောကောက အရမ်းချောတာပဲ...

ဘယ်ဌာနကလဲ မသိဘူးနော်... "

"ဒီခေါ်လာတယ်ဆိုမှတော့ နှလုံးအထူးကုဌာနကပဲ

နေမှာပေါ့ဟဲ့ နင်ကလည်း...."

"ဒါရိုက်တာချောင်ပြောသံကြားတာတော့
ဒေါက်တာလီက HR ဌာနကို သွားပြီး
အလုပ်သင်လေးတွေကို သွားခေါ်တာဆိုပဲ...
ကြည့်ရတာတော့ သူတို့သုံးယောက်လုံးက  အလုပ်သင်
ဆရာဝန်အသစ်လေးတွေနေမှာ....."

"မဖြစ်နိုင်တာ... ဒီလောက်ချောတဲ့
အလုပ်သင်ဆရာဝန်က ရှိသေးတာလားဟ...
မိုးနတ်မင်းကြီးက ငါတို့ မျက်စိအဆာကျွေးလို့ရအောင်
ပို့ပေးလိုက်တာများလားပဲ....."

"အိပ်မက်မက်မနေနဲ့... အဲ့ဒေါက်တာလေးက
ဒီလောက်ချောတာကို ငါတို့မှာ အခွင့်အရေးရှိမယ်လို့
ထင်လား...."

"ဘာပဲဖြစ်ဖြစ်ဟာ... ငါတို့ကို လှည့်မကြည့်ရင်တောင်မှ သူခိုင်းတဲ့အတိုင်းလေး လုပ်ပေးရရင်ကို သေပျော်ပါပြီ....."

သူ့အနီးနားတစ်ဝိုက်ရှိ နာ့စ်များ တီးတိုးပြောနေကြသည့် အသံကိုကြားတော့ ကျိုးဇီချန်း ထေ့ငေါ့စွာ ပြုံးလိုက်သည်။

ဟမ့်... ကမ္ဘာကြီးကို မမြင်ဖူးတဲ့ ငနုံတွေ... ခုက စပြီးတော့ မင်းတို့အားလုံးက ငါ့လက်အောက်ငယ်သားတွေပဲကွ...

ဆေးရုံတွင် ဆရာဝန်နှင့် နာ့စ်တို့မှာ မတူညီသည့် စည်းမျဉ်းနှစ်ခုအောက်၌ တည်ရှိသည်။

ပြည်ပနိုင်ငံများတွင်တော့ ဆရာဝန်တစ်ဦးမှာ မည်မျှပင် စွမ်းပကား ကြီးမားနေစေကာမူ နှာခေါင်းကို ဘာလုပ်ပါဟူ၍ အမိန့်ပေးမရပေ။ သို့သော်လည်း ဟွာရှတွင်တော့ ယင်းစည်းမျဉ်းကို လိုက်နာသူက အတော်လေးရှားသည်။ ယခုလိုဖြစ်ရသည်မှာလည်း ပရော်ဖက်ရှင်နယ် ဒေါက်တာတစ်ဦး၏ အဆင့်အတန်းမှာ နှာခေါင်းထက် မြင့်မားနေသောကြောင့်ပင်။ ထို့ကြောင့် အလုပ်အတွင်း နှာခေါင်းများမှ ပုံမှန်အားဖြင့် ဒေါက်တာများအပေါ် လေးစားသမှုနှင့် နာခံကြလေသည်။

အခြေအနေကို နားမလည်သူများ၏ မျက်လုံးထဲတွင်တော့ နှာခေါင်းများမှာ ခိုင်းသမျှလိုက်လုပ်ပေးရသည့် စားပွဲထိုးကဲ့သို့

ထင်ယောင်ထင်မှား ဖြစ်သွားစေခဲ့သည်။
ထိုအခြင်းအရာက မမှန်ကန်ပေ။

သူတို့ ဌာနသို့ ရောက်သည့်အချိန်တွင်တော့ လင်းရီ အခန်းထဲတွင် ဆရာဝန်ငါးဦးထိုင်နေကြောင်း မြင်တွေ့လိုက်ရသည်။ သူတို့အားလုံးမှာ ငယ်ရွယ်ကြပြီး အသက်သုံးဆယ်အရွယ်မျှရှိကြ၏။ ဘွဲ့ရပြီးတာ မကြာ၍ ဟွာရှန်းဆေးရုံ၌ ထရိန်နင်လာဆင်းကြပုံပင်။

ထိုငါးယောက်အပြင် လင်းရီ မျက်မှန်းတန်းမိသူကတော့ ကျိုးဇီချန်း၏ ဦးလေး ချောင်ကျားဝမ်ပင်။

ထို့နောက် လက်ထောက်ဒါရိုက်တာ လျိုရုန်ရှန်း

လက်ထောက်ဒါရိုက်တာ ဖန်းရှူဖန့်

ကျန်ရှိသည့် အလုပ်သင်ငါးယောက်တို့ကတော့..

ရန်ဟုန်ရူ ၊ လီမိုက် ၊ ကျောက်ရှင်းရီ ၊ ဝမ်ချောင် နှင့် သွမ်းစီယွီတို့ အသီးသီးဖြစ်ကြ၏။

ရိုးရှင်းစွာ မိတ်ဆက်ပေးပြီးနောက် လင်းရီ ထိုသူတို့၏ နာမည်များကို မှတ်မိသွားခဲ့သည်။

ကျန်သူများ၏ နာမည်ကိုတော့ လင်းရီ အလုပ်လုပ်ရင်း တဖြည်းဖြည်း မှတ်သားသွားပေမည်။

"ဒါရိုက်တာချောင်... ဒီမှာ လူသစ်သုံးယောက် ပါလာခဲ့တယ်... သူတို့အတွက်ကော တာဝန်တွေ ခွဲဝေပေးလိုက်ဦး...."

"လျှိုလေးနဲ့ ဖန်းလေးတို့ကလည်း လက်ထဲမှာ လုပ်စရာတွေက ပြည့်နေပြီ...ပြီးတော့ ငါ့မှာလည်း သူတို့ကို ဂရုစိုက်ပေးဖို့ ခွန်အားမရှိတော့ဘူး... ဒီတော့ မင်းပဲ ကြိုးစားပြီး ဂရုစိုက်ပေးလိုက်ဦးကွာ... ငါနောက်ကျမှပဲ လျှိုလေးတို့ကို တာဝန်ပိုပေးလိုက်မယ်.... "

ကျိုးဇီချန်နှင့် ချောင်ကျားဝမ်တို့ သူတို့၏ ရင်းနှီးပတ်သက်မှုကို ပိရိစွာ ဖုံးကွယ်ထားခဲ့ကြ၏။

ယခုအချိန်က သူတို့နှစ်ဦးကြားရှိ ပတ်သက်မှုကို ထုတ်ဖော်ရန် အချိန်ကောင်း မဟုတ်သေးချေ။

"ကောင်းပြီလေ...."

လီချူးဟန် လင်းရီနှင့် ကျန်သူများကို သိမ်းကျုံးကြည့်လိုက်ပြီး "HRဌာနကိုရောက်တော့ ဒါရိုက်တာချိန်က နင်တို့ကို အရေးပေါ်ဌာနမှာ တစ်လ တာဝန်ကျမယ်လို့ ပြောထားပြီးလောက်ရောပေါ့..."

"ဟုတ်ကဲ့ ပြောထားပြီးပါပြီ...."

"ဒါပေမယ့် စိတ်မပူနဲ့... နင်တို့ အရေးပေါ်ဌာနမှာပဲ တစ်ချိန်လုံး နေစရာမလိုဘူး...အလှည့်ကျ တာဝန်ပေးမှာ...နင်တို့မှာ ဘာမှလုပ်စရာမရှိဘူးဆိုရင် ဌာနကိုပြန်ပြီးတော့ အတွေ့ကြုံတွေ ပိုယူလို့လည်း ရတယ်... ဒါပေါ့ မယူချင်လည်း နားလို့ရတယ်လေ... နင်တို့ အချိန်ကို နင်တို့စိတ်ကြိုက် ဆုံးဖြတ်ကြ....."

စည်းမျဉ်းများနှင့် ထုံးတမ်းတို့မှာ
ကျိုးကြောင်းညီညွတ်သည်ဟု ထင်ရသော်လည်း
တကယ့်လက်တွေ့တွင်တော့ မဟုတ်ပေ။

အကယ်၍ နားချိန်တွင် ဌာနသို့ပြန်ပြီး မလေ့လာပါက
အပျင်းကြီးသူ၊ အချောင်ခိုသူတစ်ဦးအဖြစ် သမုတ်ခြင်း
ခံရပေလိမ့်မည်။

ဆေးရုံကဲ့သို့ ပတ်ဝန်းကျင်မျိုးတွင်တော့
အပျင်းကြီးသည်မှာ ပြင်းထန်သည့်
ရာဇဝတ်မှုတစ်ခုပင်။

သုံးယောက်လုံးမှ တည်ငြိမ်စွာ နာခံနေသည်ကိုမြင်တော့
လီချူးဟန် ဖိုင်တွဲတစ်ခုကို ယူ၍
လှန်လောကြည့်လိုက်ပြီး "အရေးပေါ်ဌာနမှာ ဒီည

ညဆိုင်းတစ်ခုရှိတယ်... နင်တို့ သုံးယောက်လုံး သွားလို့ရတယ်ဆိုပေမယ့် ဒီညတော့ နှစ်ယောက်နဲ့တင်ရတယ်... ဒီတော့ ဘယ်သူက ဒီမှာ နေပြီး လုပ်အားပေးလုပ်မလဲ...."

"ကျွန်တော် နေခဲ့လိုက်မယ်လေ... ကျွန်တော်က ဒီဆေးရုံရဲ့ လုပ်ပုံကိုင်ပုံတွေနဲ့ ရင်းနှီးပြီးသားဆိုတော့ သူတို့နှစ်ယောက်ကိုပဲ သွားခိုင်းလိုက်တော့မယ်..."

အရေးပေါ်ဌာန၌ ညဆိုင်းဆင်းရသည်က ပျင်းဖို့ကောင်း၏။ ထို့ကြောင့် ယခုအခြေအနေကို အခွင့်ကောင်းယူပြီး ဌာနရှိ ဒေါက်တာများနှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ထားသည်က ပိုကောင်းသည်။

သူဦးလေး၏ ထပ်ပေါင်းအကူအညီဖြင့်
ယခုပတ်ဝန်းကျင်နှင့်သာ နေသားကျသွားပါက
သူအရေးကြီးသည့်အရာများကို လုပ်ဆောင်ရန်
တာဝန်ပေးအပ်ခြင်း ခံရနိုင်သည်။ ထိုအခါ
အရေးပေါ်ဌာနသို့ အဆိုင်းလဲရန်လည်း
လိုအပ်လိမ့်မည်မဟုတ်တော့ချေ။

ထို့ပြင် လီချူးဟန်မှာလည်း သူ၏
ဒါရိုက်တာအဖြစ်ညွှန်ကြားပေးမည်ဖြစ်သောကြောင့်
တစ်ပတ်အတွင်း သူမနှင့် နီးကပ်ရန်
လုံလောက်ပေသည်။ အကယ်၍ သူမအထင်ကြီးအောင်
မစွမ်းဆောင်နိုင်လျှင်တောင်မှ သူ့ဘက်က

အရည်အချင်းများကို
တိုက်ရိုက်ဖော်ထုတ်လိုက်ပေမည်။

ထို့ကြောင့် သူ၏ အချိန်များကို အရေးပေါ်ဌာန၌ ဖြုန်းရန်မရှိချေ။။

"ကောင်းပြီလေ... အဲ့တာဆိုလည်း နင်ဒီမှာနေခဲ့... ငါဒီည သူတို့နှစ်ယောက်ကို အရေးပေါ်ဌာနဆီ ခေါ်သွားလိုက်မယ်..."

အခန်း (၃၇၉)

**ပထမဦးဆုံး အရေးပေါ်လူနာ**

"ဟမ်...ဒေါက်တာလီက အရေးပေါ်ဌာနကို သွားမလို့လား.."

လီချူးဟန် ခေါင်းညိမ့်၍ "ဟုတ်တယ်...သူတို့ဒီက လုပ်ငန်းစဉ်တွေနဲ့ ရင်းနှီးသွားအောင် တစ်ပတ်လောက် လိုက်ကြည့်ပေးမလို့...
နင်ညဆိုင်းဆင်းတဲ့အလှည့်ကျရင်တော့ အစ်ကိုလျိုက ကြီးကြပ်ပေးလိမ့်မယ်..."

"ဒါ...."

ကျိုးဇီချန်း နောင်တရသလို ခံစားလိုက်ရသည်။

ဘယ်လိုငရဲလဲဟ...

လီချူးဟန်က သူတို့နဲ့ သွားမယ်ဆိုတော့ ငါက ဘယ်လိုလုပ်ပြီး သူမအထင်ကြီးအောင် လုပ်ပြရမှာလဲ...

"အမ်... ဒေါက်တာလီ ကျွန်တော်ခုမှ စဉ်းစားမိတယ်....သုံးယောက်ထဲမှာ ကျွန်တော်က အတွေ့ကြုံအရှိဆုံးဆိုတော့ ကျွန်တော်သူတို့နဲ့ အတူ အဆိုင်းလိုက်ဆင်းလိုက်မယ်... တကယ်လို့ ဒေါက်တာလီ မအားတဲ့အချိန်ကျ ကျွန်တော်သူတို့ကို ဘယ်လိုလုပ်တယ်ဆိုတာ သင်ပြပေးလို့ ရတာပေါ့...."

လက်ထောက်ဒါရိုက်တာလျို၏ မျက်နှာအမူအရာ အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ သို့သော်လည်း မကြာမီ အပြုံးတစ်ခုဖြင့် ပြန်၍ဖုံးကွယ်ထားလိုက်၏။

"ဒေါက်တာလီ... မင်းပဲ သူတို့သုံးယောက်လုံးကို ခေါ်သွားလိုက်တော့ကွာ... "လျိုရှုန်ရှန်းမှ ပြောလိုက်ပြီး "မင်းမအားတဲ့အချိန်ကျမှပဲ ငါလာပြီး ကြီးကြပ်ပေးလိုက်မယ်...."

"အင်း ပြီးတာပဲလေ...."

လီချူးဟန် စကားအများကြီး မပြောပေ။ တာဝန်များခွဲဝေပေးပြီးနောက် လင်းရှီနှင့် ကျန်သူများကို ကြည့်ကာ "နင်တို့တွေ ငါလူနာ လိုက်ကြည့်တာကို လေ့လာလို့ရတယ်... နောက်မှပဲ အရေးပေါ်ဌာနကို သွားကြတာပေါ့...."

"ကောင်းပါပြီဗျ....."

သို့နှင့် လင်းရီတို့အုပ်စု လူနာဆောင်သို့ ရောက်လာခဲ့ပြီး ဖျားနာသည့် လူနာများကို ဒေါက်တာလီမှ လိုက်လံစစ်ဆေးကြည့်ရှုပြီး လင်းရီတို့ကတော့ ဘေးမှ မှတ်စုစာအုပ်များဖြင့် လိုက်လံမှတ်သားကြသည်။

ထိုစဉ် ဒေါက်တာလီမှ လင်းရီတို့ကို နားကြပ်တစ်ခုပေးပြီး "ရော့... နင်တို့ လူနာရဲ့ နှလုံးခုန်သံကို နားထောင်ကြည့်ကြည့်... "

ဒေါက်တာလီရှေ့၌ ကြွားလုံးထုတ်ချင်သည့် ကျိုးဇီချန်းမှ ရှေ့ထွက်၍ အရင်ဆုံး နားထောင်ကြည့်လိုက်သည်။

ဒေါက်တာလီက မေး၏။

"အခြေနေ ဘယ်လိုရှိလဲ...."

" လူနာရဲ့နှလုံးခုန်သံက ပုံမှန်ပါပဲဗျ... ဘာပြဿနာမှ မရှိပါဘူး... "

လီချူးဟန် ခေါင်းညိတ်လိုက်သည်။

ထို့နောက် ချောင်ရှင်းထံကြည့်လိုက်၏။ သူမလည်း ရှေ့သို့ တက်လာပြီး လူနာ၏ နှလုံးခုန်သံကို စမ်းသပ်ကြည့်လိုက်သည်။

လီချူးဟန်မှ တူညီသည့် မေးခွန်းကို ပြန်မေးလာလေသည်။

"လူနာရဲ့နှလုံးက အခြေအနေဘယ်လိုရှိလဲ..."

"အင်း..အဲ.. ပုံမှန်ပါပဲရှင့်..."

နောက်ဆုံး လင်းရီ အလှည့်သို့ ရောက်လာလေသည်။

သူ ချောင်ရှင်းထံမှ နားကြပ်ကို လက်လွှဲယူပြီး လူနာ၏
ရင်ဘက်နား ဖိ၍ နှလုံးခုန်သံကို
နားထောင်ကြည့်လိုက်၏။

လင်းရီ ရုတ်တရက် မျက်မှောင်ကြုတ်သွားခဲ့သည်။
အဘယ်ကြောင့်ဆိုသော် သူဘာအသံကိုမျှ
မကြားရသောကြောင့်ပင်။
သူစမ်းသပ်သည့်နေရာက မှန်၏လောဟု
ဇဝေဇဝါဖြစ်ရင်း လူနာ၏ရင်ဘက်သို့
ပြန်ကြည့်လိုက်သည်။

သို့သော် သူ မမှားပေ။

"ဘယ်လိုလဲ... "

"ကျွန်တော်မသိဘူး... "

"ဟားဟား...နှလုံးခုန်သံတောင် နားမထောင်တတ်ပဲနဲ့ များ
ဆရာဝန်လာလုပ်တယ်တဲ့လားကွာ...မင်းလာနောက်နေ တာလားဟျောင့်"
ချောင်ဇီချိုးမှ အခွင့်အရေးကို လက်လွှတ်မခံပဲ
လင်းရီကို လှောင်ပြောင်လိုက်၏။

လီချူးဟန်မှ ပြုံး၍ မေးမြန်းလိုက်ပြီး
"ဘာလို့ မသိတာ... "

"ဘာလို့လဲဆိုတော့ ဒီ နားကြပ်က ပျက်နေတာလားမှ မသိတာ... ဘာအသံမှ မကြားရတော့ ကျွန်တော်က ဘာကိုနားထောင်ပြီး ပြောရတော့မှာ.... "

လီချူးဟန် အားရကျေနပ်စွာဖြင့် ခေါင်းညိမ့်လိုက်၏။ ထို့နောက် သုံးယောက်လုံးကို သိမ်းကျုံးကြည့်ကာ "အမှန်တော့ ငါ နင်တို့ကို ပေးတဲ့ နားကြပ်က ပျက်နေတာကြီး... ဒါက နင်တို့ကို သပ်သပ် စမ်းသပ်တာပဲ... ဒီရောက်တဲ့ အချိန်ခဏလေးမှာ ကိုယ့်ဘက်က မသိရင် မသိဘူးလို့ အမှန်အတိုင်း ပြောရဲရမယ်... သိသလို လုပ်နေရင် နင်တို့ဘာမှ တတ်မှာမဟုတ်ဘူး... နောက်တစ်ခါဒါမျိုး မဖြစ်စေနဲ့... ကြားကြလား..."

လီချူးဟန်မှ သူ့ကို ကြည့်ပြီး မပြောသော်လည်း
ကျိုးဇီချန်း မျက်နှာ တစ်ခုလုံး ရဲရဲနီနေသည်။
ထိုအခိုက်အတန့်၌ သူ တွင်းတူး၍
ပုန်းအောင်းချင်နေမိတော့၏။

'ငါလခွမ်းတဲ့မှပဲ အမှန်တိုင်း ပြောလိုက်ရမှာကိုကွာ...'

"ဟုတ်ကဲ့ နားလည်ပါပြီခင်ဗျ...."

ထို့နောက် လင်းရီတို့ ဒေါက်တာလီနှင့်အတူ
ဆက်လက်၍ လူနာများ လိုက်ကြည့်ကြသည်။

"ဒေါက်တာလီ... ရှင့်နောက်က
ခပ်ချောချောကောင်လေးက

ဆရာဝန်အသစ်လေးလား...."အသက်သုံးဆယ်အရွယ် ဟု ထင်ရသည့် အမျိုးသမီးတစ်ဦးမှ မေးလိုက်သည်။

"ဟုတ်တယ်... ကျွန်မတို့ဌာနက အလုပ်သင်ဆရာဝန် အသစ်လေးလေ...."

"ဟယ်လို ကျွန်တော်က ကျိုးဇီချန်းပါ... ခုကစပြီးတော့ အန်တီရဲ့နှလုံးရောဂါ အထူးကု ဆရာဝန်......."

"ကောင်လေး... နင်ဘယ်သူ့ကိုလာပြီးတော့ အန်တီလာခေါ်နေတာလဲ... ပြီးတော့ ငါ နင့်ကို မေးနေတာလည်းမဟုတ်ဘူး....."

"အာ...."

ကျိုးဇီချန်း ရှက်ရွံ့စွာဖြင့် နောက်သို့
ခြေတစ်လှမ်းဆုတ်မိလိုက်သည်။ ' ဒီအန်တီက
သွေးဆုံးတော့မယ့် အန်တီကြီးပဲ..'

"ဟယ်လို မိန်းကလေး ကျွန်တော်က
နှလုံးအထူးကုဌာနက အလုပ်သင်ဆရာဝန်အသစ်
လင်းရီပါ...."
လင်းရီ ညင်သာစွာပြုံးပြလိုက်သည်။

"ဒေါက်တာလင်း... ဒေါက်တာလီပြောတာတော့
ကျွန်မက ဒီနေ့ဆို ဆေးရုံဆင်းလို့ရပြီတဲ့... ဒါပေမယ့်
ကျွန်မ နည်းနည်းလေး သက်တောင့်သက်သာ
မဖြစ်သလားလို့... အဲ့တာ ဂလူးကို့စ် နှစ်ခွက်စာလောက်
ပြင်ပေးပါလားဟင်.... ဒီအခြေအနေနဲ့ဆိုရင်

နောက်နှစ်ရက်လောက်အထိ ဆေးရုံမှာ
ဆက်နေရဦးမယ်နဲ့ တူပါတယ်လေ...."

"အကိုလေး... ကျွန်မ နှလုံးသားက ရုတ်တရက်ကြီး
နေလို့ မကောင်းလာသလိုပဲ....ဒီကို လာပြီး
တစ်ချက်လောက် စမ်းသပ်ပေးပါလားဟင်...."

"ဒေါက်တာလီ... ကျွန်မ ရှင့်ရဲ့နှလုံးကုသဆောင်မှာ
နောက်တစ်နှစ်လောက် ဆက်နေလို့ရလား...."

"ရှင်တို့ကတော့...."လီချူးဟန် ကူကယ်ရာမဲ့သွားပြီး
"ရုပ်လေးချောတာနဲ့ပဲ
ဒီလောက်ထိဖြစ်စရာလိုလို့လားလို့...."

"ဟီးဟီး ...သူက ရိုးရိုးချောတာမှ မဟုတ်တာ... အရမ်းချောနေတာလေ..."

"အဲ့လိုဆိုရင်တောင်မှ ရှင်တို့ရဲ့မကောင်းတဲ့ အတွေးတွေကို ခဏလောက် ဖျောက်ထားလိုက်ကြ.. ဆေးရုံရဲ့စည်းမျဉ်းစည်းကမ်းတွေအရဆိုရင် အလုပ်သင်ဆရာဝန်တွေက အရေးပေါ်ဌာနမှာ တစ်လလောက် တာဝန်ကျမှာ... အချိန်တစ်ခုလောက်အထိတော့ သူက နှလုံးကုသဆောင်ကို ဝင်နိုင်သေးမှာ မဟုတ်ဘူး...."

"အဲ့တာဆိုရင်လည်း အစောကြီးကတည်းကနေ ပြောလေ...."

"အမ်.. အစ်မစွန်း.. ဘာလို့ မတ်တပ်တွေရပ်နေတာ... ရှင်ပြောတော့ ဆေးရုံမှာ နောက်နှစ်ရက်လောက် နေဦးမယ်ဆို...."

"အရေးပေါ်ဌာနမှာ ကြိုပြီး နာမည်ပေးထားမလို့ဟော့... တော်နေကြာ ကုတင်မရလိုက်တော့မှဖြင့်...."

"အစ်မစွန်း ခဏလေး... ဒါက ကျွန်မရဲ့ ID ကတ်... ကျွန်မအတွက်လည်း ကုတင်တစ်လုံးလောက် ကြိုဦးထားပေးခဲ့ဦး... မနက်ဖြန်ကျရင် ဒီလူနာဆောင်ကနေ ထွက်ပြီးတော့ အရေးပေါ်ဌာနကို ပြောင်းတော့မယ်.... "

လင်းရီ "........."

"ငါတို့ လူနာလိုက်ကြည့်တာပြီးပြီ... အရေးပေါ်ဌာနကို သွားကြမယ်.... "လီချူးဟန် ပြောပြီးနောက် လင်းရီတို့ အုပ်စုကို အရေးပေါ်ဌာနသို့ ဦးဆောင်လာခဲ့လေသည်။

"လင်းရီ... နောက်တစ်ခါလူနာ လိုက်ကြည့်ရင် နင်ပါစရာမလိုတော့ဘူး...."
လီချူးဟန် ပြောလိုက်၏။

"ဘာလို့လဲ... လူနာလိုက်ကြည့်ဖို့က ကျွန်တော့်တာဝန်မဟုတ်ဘူးလား...."

"ဘာလို့လဲဆိုတော့ လူနာတွေ နင့်ကြောင့် နှလုံးပြန်ဖောက်ပြီး ခွဲစိတ်နေရမှာ ဆိုးလို့ပေါ့...."

လင်းရီ "?????"

ဒါကြီးက ဖြစ်သင့်လား…

အရေးပေါ်ဌာနသို့ ဦးတည်ရင်း လီချူးဟန်မှ အရေးပေါ်ဌာနရှိ လုပ်ငန်းဆောင်တာများကို အကြမ်းဖျင်း ရှင်းပြခဲ့သည်။

အရေးပေါ်ဌာန၌ အလုပ်သမားများကို သူ့နေရာနှင့်သူ တာဝန်ပေးထားသော်လည်း လက်တွေ့တွင်တော့ လင်းရီတို့ကဲ့သို့ အလုပ်သင်လေးများကသာ အသေးစိတ် လိုက်လုပ်ပေးရ၏။

သို့သော်လည်း အခြေခံ လုပ်သန်းဆောင်တာလေးများတာ ဖြစ်သောကြောင့်

ဘာမျှမတတ်ကျွမ်းသည့် ဆရာဝန်ပင်လျှင်
ကိုင်တွယ်နိုင်သည်။
အကယ်၍ အခြေအနေများမှာ ပြင်းထန်ပြီး
သူတို့မကိုင်တွယ်နိုင်မှသာလျှင် နာ့စ်များကိုပြော၍
သင့်တော်သည့် ဌာနသို့ လွှဲပြောင်းပေးလိုက်၏။

ထို့ကြောင့် ကြည့်ရသည်မှာတော့ အရေးပေါ်ဌာတွင်
အရေးတကြီး လုပ်ရန်လိုအပ်သည့် အလုပ်ဟူ၍
သိပ်မရှိပဲ အတော်လေး မဆိုးသည့်ဌာနဟုပင်
ပြော၍ရသည်။

လီချူးဟန်၏ စကားလုံးများအရတော့
အရေးကြီးဆုံးမှာ အချိန်မှီ
အသက်ကယ်နိုင်ရန်သာဖြစ်သည်။ မဟုတ်ပါက

အရေးပေါ်ဟူသည့် စကားလုံးနောက်ကွယ်ရှိ
အဓိပ္ပာယ်ကို ဆုံးရှုံးသွားပေလိမ့်မည်။

အရေးပေါ်ဌာနသို့ ရောက်သည့် အချိန်တွင်တော့
လီချူးဟန်မှ အခြားဆရာဝန်များနှင့်
မိတ်ဆက်ပေးသည်။ ထိုမှတစ်ဆင့် အချင်းချင်းမှာ
အနည်းဆုံး မရင်းနှီးသည့်တိုင် နာမည်များတော့
သိသွားကြလေသည်။ ထို့ကြောင့် တစ်ခုခု လိုအပ်ပါက
အကူညီတောင်းရန် မခက်ခဲတော့ချေ။

"နင်တို့ ဒီမှာ နေနှင့်ခဲ့ကြ... ငါကတော့ မနေ့ည
တစ်ညလုံး အလုပ်ဆင်းထားရတော့
သွားအနားယူလိုက်ဦးမယ်... တကယ်လို့ နင်တို့ မနိုင်တဲ့
ကိစ္စရှိရင် ငါ့ကို လာခေါ်ကြလှည့်...."

"ဟုတ်ကဲ့ပါ ဒေါက်တာလီ အနားယူပါဗျ... အားလုံးကို ကျွန်တော့်လက်ထဲသာ လွှဲထားပေးလိုက်... အားလုံး အဆင်ပြေစေရမယ် အာမခံတယ်...."

လီချင်းဟာန် တည်ငြိမ်စွာ ခေါင်းညိတ်၍ ထွက်ခွာဟန် ပြင်လိုက်၏။

သို့သော်လည်း ထိုအချိန်တွင်ပဲ ရေးကြီးသုတ်ပျာနှင့် အသံတစ်ခုက တိတ်ဆိတ်သည့် ဌာနတစ်ခုလုံးကို လွှမ်းခြုံလာခဲ့သည်။

"လမ်းဖယ် လမ်းဖယ်...."

လှည့်ကြည့်လိုက်သောအခါ သက်လတ်ပိုင်း
အမျိုးသမီးနှစ်ဦးမှ အရေးပေါ်ဌာနထဲသို့
ပြေးလျက်ဝင်လာခဲ့ပြီး ဝမ်းဗိုက်တွင် သွေးများ
ဖုံးလွှမ်းနေသည့် လူငယ်တစ်ဦးကို လှည်းဖြင့်
သယ်ဆောင်လာခဲ့ကြသည်။

"ဆရာဝန် ဘယ်မှာလဲ... ခုချက်ချင်း ငါ့သားကို ခွဲစိတ်ဖို့
ခေါ်ပေးစမ်း....."

လီချင်းဟန် နောက်သို့ ပြန်လှည့်လိုက်ပြီး
လင်းရီတို့ကိုကြည့်ကာ
"နင်တို့ တစ်ချက်လောက် သွားကြည့်ကြည့်လိုက်...."

သုံးယောက်စလုံး ခပ်သွပ်သွက် ပြေးလာခဲ့ကြသည်။

လင်းရီ ရှပ်အင်္ကျီကို ကတ်ကြေးဖြင့် ဖြဲလိုက်သည့် အချိန်တွင်တော့ ဝမ်းဗိုက်တွင် ၂၀ စင်တီမီတာမျှ ရှည်လားသည့် ပြတ်ရှရာ အကြီးစားကြီးတစ်ခုကို မြင်တွေ့လိုက်ရ၏။ အထဲရှိ အသားနုများကိုပင် မြင်နေရပြီး အတော်လေး သွေးပျက်ဖွယ်မြင်ကွင်းကြီးပင်။

"ဒဏ်ရာက ဘယ်လိုရခဲ့တာတုန်းဟ... လူနာက ရန်ဖြစ်ခဲ့တာလား...."

"နင်က ဒေါက်တာမဟုတ်လား... ဘာလို့ ငါ့ပြန်လာမေးနေတာလဲ... "မိခင်ဖြစ်သူမှ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး "နင်တို့ရဲ့

ဒါရိုက်တာကို ဒီခေါ်လာခဲ့စမ်း... ငါ့သားကို ချက်ချင်း ခွဲစိတ်ပေးတာ လိုချင်တယ်...."

"အန်တီ ခင်များ အသိစိတ်လေး ဘာလေး ကပ်စမ်းပါ... ဒီတိုင်း ဓားရှရာလေးပဲကို ဘာမှ ခွဲစိတ်နေစရာ မလိုဘူး... ချုပ်လိုက်ရင်ကို အဆင်ပြေနေပြီ...." လင်းရီ ပြောလိုက်၏။

"ချုပ်ရုံလေးပဲဆိုရင်တောင်မှ နင်တို့ဒါရိုက်တာကို ခေါ်လာခဲ့..... ငါ့တူလေး တစ်ခုခုဖြစ်လို့ကတော့ နင်တို့ တာဝန်ယူနိုင်မှာ မဟုတ်ဘူးနော်..."

"ချုပ်ရုံလေးလောက်ကတော့ ကျုပ်တို့အဆင့်လောက်နဲ့တင်ပြီးတယ်... ဘာဒါရိုက်တာကိုမှ သွားခေါ်နေစရာမလိုဘူး...."

"နင်...."အဒေါ် ဖြစ်သူမှ အထင်သေးစွာ ပြောလိုက်ပြီး "နင့်အသက်ကြည့်တော့ဖြင့် လက်တောက်လောက်နဲ့... ဆေးကကုချင်နေသေးတယ်ပေါ့လေ... ငါလုံးဝ ခွင့်မပြုနိုင်ဘူး....နင်ငါ့တူကို ထိရဲရင် ထိကြည့်စမ်း...."

"ဟုတ်တယ်...တကယ်ကြီး ဆေးရုံဒါရိုက်တာကို ခေါ် ဖို့မလိုတာ..သူတို့အသက်က ငယ်တယ်ဆိုပေမယ့် ဟွာရှန်းဆေးရုံက လူခေါ်တဲ့ နေရာမှာ တင်းကြပ်ထားတာဆိုတော့ စိုးရိမ်နေစရာမလိုဘူး....ဒီကိစ္စလောက်လေးကတော့ သူတို့လက်ထဲ လွှဲထားလို့ရတယ်...."

"အန်တီ.. ကျွန်တော့်မှာ ဖူတန်တက္ကသိုလ်က MD လက်မှတ်ရှိပြီးသား... အန်တီ့သားကို ကိုင်တွယ်ဖို့ ယုံကြည်ချက် အပြည့်ရှိတယ်...."
(TN - MD လက်မှတ်က ဆေးကျောင်းလေးနှစ် ထရိန်နင် သုံးနှစ်ဆင်းပြီးတော့မှ ရလာတဲ့ လက်မှတ်ပါ)
ကျိုးဇီချန်း ယုံကြည်ချက် အပြည့်ဖြင့် ပြောလိုက်သည်။
လီချူးဟန်မှ သူ့ကို ကြည့်နေသောကြောင့် ရင်ဘက်ပင် အနည်းငယ် ကော့ပြလိုက်သေး၏။

သူ ယခင်တုန်းက လူနာများကို ကုသပေးဖူးသောကြောင့် ဒဏ်ရာချုပ်တာလောက်ကတော့ လုံးဝ ပြဿနာ မရှိချေ။

"နင့်မှာ MD ရှိတော့ကော ဘာအရေးလဲ... ငါက ဆောက်လုပ်ရေးကော်မတီက ဒါရိုက်တာနော်... ငါ့သား တစ်ခုခုဖြစ်ကြည့်.. နင် အပြည့်အဝ တာဝန်ယူရမယ်...."

"ဒါက......."

သက်လတ်ပိုင်း အမျိုးသမီး၏ အထောက်အထားကို ကြသိတော့ ကျိုးဇီချန်း ကုသမည့် အကြံကို လက်လျှော့လိုက်တော့သည်။

အကယ်၍ သာမန်ပြည်သူတစ်ဦးဖြစ်ခဲ့ပါက ချုပ်ရာနှင့်ပတ်သက်၍ မကျေနပ်လျှင်တောင် ဘာမျှ ပြောဝံ့လိမ့်မည် မဟုတ်ချေ။

ပြောဝံ့ခဲ့လျှင်တောင် သူ့ဘက်မှ
စကားလုံးအကြီးစားကြီးများဖြင့် နည်းပရိယာယ်သုံး၍
အေးဆေး ပထုတ်လိုက်၍ရသည်။

သို့သော်လည်း သူ့ရှေ့ရှိ အမျိုးသမီးက သာမန်မဟုတ်ပဲ
အဆင့်မြင့် အရာရှိတစ်ဦးဖြစ်နေခဲ့၏။
မတော်တဆမှုများ ဖြစ်ပွားခဲ့ပါက သူသေချာပေါက်
တာဝန်ကို ပခုံးထမ်းရပေမည်။

"နင်လုပ်မလား...."
လီချူးဟန် မေးလိုက်သည်။

## အခန်း (၃၈၀)

**လူတိုင်းကို ပါးစပ်အဟောင်းသား ဖြစ်သွားစေသည့် အံ့သြဖွယ် ချုပ်ရိုးနည်းစနစ်**

"အမ်... ဒေါက်တာလီ... ကျွန်တော်က ချုပ်တဲ့အပိုင်းတွေ သိပ်မရဘူးဗျ.... "

လီချူးဟန် သူမ၏ ကုတ်အရှည်အိတ်ကပ်ထဲ လက်ထည့်ထားပြီး သူမ၏ ဇင်ယော်မျက်ခုံးလေးများကတော့ မကျေနပ်စွာ တွန့်ကွေးနေလေသည်။

ဒဏ်ရာမှာ ကြောက်မက်ဖွယ် ကောင်းနေသော်လည်း ပြင်းထန်နေတာကြီးတော့ မဟုတ်ချေ။

လေးထပ်မျှချုပ်လိုက်သည်နှင့် အဆင်ပြေသွားမည့် ဒဏ်ရာပင်။

သို့သော်လည်း ထိုမျှ ရိုးရှင်းသည့် ချုပ်နည်းကိုတောင်မှ  မရဟု ပြောနေခဲ့၏။
' ထရိန်နင် သုံးနှစ်ဆင်းတုန်းက နင်ခွေးဖြစ်နေတာလား' ဟုတောင် အော်ဆဲချင်စိတ်များ ပေါက်ဖွားလာခဲ့တော့သည်။

"နင်တို့နှစ်ယောက် လုပ်နိုင်လား..."
လီချူးဟန် လင်းရီနှင့် ချောင်ရှင်းတို့ဘက် လှည့်၍ မေးမြန်းလိုက်သည်။

ချောင်ရှင်း စိုးထိတ်စွာဖြင့် လင်းရီကို မော့ကြည့်လိုက်သည်။ သူမ ယခုလိုအခြေနေမျိုးနှင့်

ပထမဆုံးအကြိမ် ရင်ဆိုင်ရသောကြောင့် လက်မှာ ဂနာမငြိမ်ဖြစ်နေလေသည်။ ထို့ကြောင့် အနာချုပ်ရာ၌ အဆင်ပြေလိမ့်မည်မဟုတ်ချေ။

"ရတယ်.... ကျွန်တော်ပဲ လုပ်လိုက်မယ်... "လင်းရီ ပြောလိုက်ပြီး "ဒါက ဘာခက်တာမှ မဟုတ်တာ...."

"မရဘူး...."
သက်လတ်ပိုင်း အမျိုးသမီးမှ ကြမ်းတမ်းစွာ အော်ဟစ်လိုက်ပြီး "နင်တို့ တစ်ယောက်မှ ငါ့သားကို ကုသဖို့ အရည်အချင်းမပြည့်မီဘူး..."

"အဲ့တာဆိုလည်း ခင်များရဲ့သားကို သေခိုင်းလိုက်လေ... ဘာပဲဖြစ်ဖြစ် ဒဏ်ရာရအောင် လုပ်တာကလည်း ကျုပ်မှ မဟုတ်တာ....."

လီချူးဟာန်နှင့် ချောင်ရှင်းတို့ မျက်လုံး အပြူးသားလေး ဖြစ်သွားကြသည်။

ဘယ်လိုတောင် စိတ်ဆတ်လိုက်တဲ့သူလဲ...

"ဟဲ့ နင်စကားကို ဘယ်လိုတွေ ပြောနေတာလဲ...
နင့်လိုလူက ဆရာဝန်တဲ့လား...
ငါကွန်ပလိန်းတက်မယ်..."

"ကဲကဲ တော်တော့... ရန်ဖြစ်မနေကြနဲ့... ဒီနေရာက ဆေးရုံ ရှင် ထင်တိုင်းကြဲလို့ရတဲ့နေရာမဟုတ်ဘူး..."

လီချူးဟာန် သူမလည်ပင်း၌ ချိတ်ဆွဲထားသည့် ဝန်ထမ်းကတ်ပြားကို ဖြုတ်လိုက်ပြီး "ကျွန်မက

ဒီညတာဝန်ကျတဲ့ လက်ထောက် ဒါရိုက်တာပဲ...
တကယ်လို့ ရှင်သဘောတူတယ်ဆိုရင် ကျွန်မ
ချုပ်ပေးမယ်... သဘောမတူဘူးဆိုရင်တော့
နင်ကြိုက်တဲ့ ဆေးရုံကို
သွားလိုက်တော့...ဒဏ်ရာချုပ်တာလေးလောက်နဲ့တော့
ဒါရိုက်တာကိုယ်တိုင် ရောက်လာမှာမဟုတ်ဘူး...."

"ဒါ...."

သက်လတ်ပိုင်း အမျိုးသမီးမှာ
အချိန်အနည်းငယ်ကြာအောင် တုံ့ဆိုင်းသွားပြီးနောက်
"အဲ့တာဆိုလည်း ချုပ်လိုက်...ဒါပေမယ့်
ကြိုပြောထားမယ်နော်... ရှင်သာ သေချာ
သပ်သပ်ရပ်ရပ်လေး မချုပ်ပေးလို့ကတော့ ကျွန်မကို
ကျေနပ်လောက်တဲ့ ဖြေရှင်းချက်တစ်ခု ပေးရမယ်...."

"မယုံဘူးဖြစ်နေရင်လည်း
ထွက်သွားလိုက်တော့..."လီချူးဟန် ပြောလိုက်ပြီး
"ကျွန်မ ဆရာဝန်လုပ်လိုက်တာ ရှင့်အသက်ထက်များတဲ့
လူသေတွေကို မြင်ခဲ့ဖူးပြီးသား... ရှင့်သားက အဲ့ဒီထဲက
တစ်ယောက်ဖြစ်သွားနိုင်တယ်နော....."

လင်းရီ သူမကို ကြည့်လိုက်မိသည်။

ဒေါက်တာလီရဲ့စရိုက်က အရမ်းကို
မဆင်မခြင်နိုင်တာပဲ....

သက်လတ်ပိုင်းအမျိုးသမီးမှာ လီချူးဟန်၏
စကားကိုကြားတော့ ကြက်သေသေသွားခဲ့၏။
သူမသား၏ အခြေအနေမှာ ကြန့်ကြာ၍ မဖြစ်ကြောင်း

သူမနားလည်သည်။ ထို့ပြင် အခြားဆေးရုံရွှေ့မည်ဆိုလျှင်လည်း နောက်ကျသွားတော့မည်။

"အဲ့တာဆိုလည်း လုပ်လိုက်တော့...."

"လူနာကို ခွဲစိတ်ခန်းထဲ ခေါ်လာခဲ့... နင်တို့သုံးယောက်... ငါနဲ့လိုက်ခဲ့ကြ...."

မိနစ်အနည်းငယ်ကြာပြီးနောက် လူနာမှာ ခွဲစိတ်ခန်းထဲသို့ ရောက်ရှိလာခဲ့၏။ ပြောပြစရာ မလိုအောင် လှည်းတွန်းသူကတော့ ကျိုးဇီချန်းပင်။

"ဒေါက်တာလီ... ဒေါက်တာရဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ ကျွန်တော်က

လက်ထောက်လုပ်ပေးမယ်လေ... ကျွန်တော်တို့
လုံးဝပါဖက်ဖြစ်အောင်
ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်..."

လီချူးဟန် ကျိုးဇီချန်းကို ကြည့်လိုက်ပြီး "နင်က
ဒီလောက်ရိုးရှင်းတဲ့ ချုပ်တာလေးတောင်
မလုပ်တတ်တာကိုများ ငါ့တပည့်ပါဆိုပြီးတော့
ပြောဝံ့သေးတယ်ပေါ့လေ....."

"ကျွန်တော်....."

"သွား ဘေးကနေ ရပ်ကြည့်..."

လီချူးဟန် ကျိုးဇီချန်းကို လျစ်လျူရှုထားလိုက်ပြီး လင်းရီနှင့် ချောင်ရှင်းတို့ကို ကြည့်ကာ "နင်တို့နှစ်ယောက်က ငါ့ရဲ့လက်ထောက်လုပ်ရမယ်...."

"နားလည်ပါပြီ...."

ဆေးတက္ကသိုလ်မှ ဘွဲ့ရခဲ့ခြင်း မရှိသော်လည်း လင်းရီ၏ အဆင့်မှာ ပညာရှိဉာဏ်ပညာ၏ အကူအညီဖြင့် ကျိုးဇီချန်းနှင့် ချောင်ရှင်းတို့နီးနီး အရည်အချင်းရှိသည်။ သူကပင် မဆိုသလောက်လေး သာကောင်း သာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဆေးဝါး ကျွမ်းကျင်သူများ၏ ကုသပုံအဆင့်ဆင့်တို့က သူ၏ ခေါင်းထဲတွင် ပုံရိပ်အဖြစ် စွဲထင်နေသေးသောကြောင့်ပင်။ လင်းရီသာ

ယုံကြည်ချက်ရှိရှိဖြင့် လက်ငြိမ်နေပါက အနာချုပ်ရန် ဘာပြဿနာမျှ ရှိလိမ့်မည် မဟုတ်ချေ။

ဒဏ်ရာကို ချုပ်သည့် ဖြစ်စဉ်မှာ ချောမွေ့စွာဖြင့် ခရီးရောက်လာခဲ့သည်။ ဒေါက်တာလီကိုယ်တိုင် ကိုင်တွယ်နေသောကြောင့် ပြဿနာပေါ်ပေါက်ရန်ပင် ခက်ခဲလွန်းလှ၏။

"အတွင်းပိုင်းချုပ်ရိုးကတော့ ပြီးသွားပြီ...အပြင်ပိုင်းချုပ်ရိုးကတော့ နင်တို့နှစ်ယောက် စမ်းကြည့်လိုက်ကြ... ပြဿနာတော့ မရှိဘူးမလား...."

"မရှိပါဘူး...."လင်းရီပြောလိုက်သည်။

"အစ်ကိုလင်း.. ဒီတစ်ခေါက်တော့ ညီမ
အစ်ကို့ရဲ့လက်ထောက်လုပ်ပေးရင်း အစ်ကို
ချစ်တာကိုပဲ ကြည့်ဦးမယ်... နောက်တစ်ခေါက်မှပဲ
ညီမကိုယ်တိုင်ချစ်တော့မယ်...."
ချောင်ရှင်းမှ ပြောလိုက်၏။

အသားချစ်ရသည်မှာ ခက်ခဲခြင်းမရှိသော်လည်း
ချောင်ရှင်းမှ မဝံ့ရဲသေးချေ။

"ပြဿနာမရှိဘူး..."

နှစ်ယောက်သား အပေးယူမှုတစ္စာနှင့်
အနာချစ်နေသည်ကိုမြင်တော့ ကျိုးဇီချန်းမှာ
ဒေါသတကြီး ဖြစ်သွားခဲ့သည်။

"ငိုးပဲ... လုပ်ထားကြဦးပေါ့ကွာ...အနေးနဲ့အမြန်
မင်းတို့ကို ဒီဆေးရုံကနေ ကန်ထုတ်ပစ်ဦးမယ်..."

လင်းရီနှင့် ချောင်ရှင်းတို့ကတော့ အဆီပေါသည့်
အလွှာနှင့် အရေပြားကို စတင်ချုပ်နေကြသည်။

လီချူးဟန်ကတော့ ယမန်နေ့ညမှ ကောင်းစွာ
အိပ်စက်ထားခြင်းမရှိသည့်အတွက်ကြောင့်
ဘေးတွင်ရပ်ကာ သူမ နားထင်များကို ပွတ်သပ်ရင်း
အိပ်မပျော်စေရန် ကြိုးပမ်းနေတော့၏။

ကွမ်းတစ်ယာညက်ခန့် ကြာသည့်အချိန်တွင်တော့
အနာချုပ်ခြင်းလုပ်ငန်းစဉ်မှာ ပြီးဆုံးသွားခဲ့သည်။

"အစ်ကိုလင်းရဲ့ချုပ်ရိုးနည်းစနစ်ကတော့ လုံးဝကို အံ့မခန်းပဲ...."
လင်းရီ ချုပ်ထားသည့် ချုပ်ရိုးရိုမြင်တော့ ချောင်ရှင်း မနေနိုင်ပဲ ကျယ်လောင်စွာ ချီးကျူးမိလိုက်သည်။

"တော်သေးတာပေါ့... အစ်ကိုလင်းကို လုပ်ခိုင်းလိုက်လို့.. ညီမသာဆိုရင် အဲ့လောက် လှလှပပလေး ထွက်လာမှာတောင် မဟုတ်ဘူး..."

လီချူးဟန်ကတော့ ခေါင်းခါရမ်းရင်း နေရာမှထကာ ရောက်လာခဲ့ပြီး စိတ်ထဲတွင်တော့ အားပါးတရ မြည်တွန်တောက်တီးနေတော့၏။

"ဘာလို့ ဒီကောင်မလေးတွေက ဘာမှမဟုတ်တာကို ဇာချဲ့နေကြတာ... ရုပ်လေးချောတိုင်းနဲ့ ဘာလုပ်လုပ်

ကြည့်ကောင်းသွားတယ်လို့တော့ ငါ့ကို
လာမပြောနဲ့...ဘာလောဂျစ်ကြီးမှန်းကို
မသိဘူး...ကြည့်ရတာ အတော်လေး....."

သူမ အတွေးများ ရပ်တန့်သွားခဲ့ရသည်။
အဘယ်ကြောင့်ဆိုသော် လင်းရှီ၏ ချုပ်ရိုးကို
မြင်သည့်အချိန်၌ သူမအတော်လေး
အံ့အားသင့်သွားခြင်းကြောင့်ပင်။

ချုပ်ရိုး၏ လက်ရာကိုကြည့်ပါက ယခုလို ချုပ်နိုင်ရန်
အတွက် အနည်းဆုံး ဆယ်နှစ်တာမျှ ချုပ်ရိုးချုပ်သည့်
အတွေ့အကြုံကို လိုအပ်ပေလိမ့်မည်။

အကယ်၍သူမသာ လင်းရှီနေရာတွင် ဆိုပါက ထိုမျှ
သေသပ်လှပအောင် ချုပ်နိုင်လိမ့်မည် မဟုတ်ပေ။

ထိုသို့ပြောရသည့် အကြောင်းအရင်းမှာလည်း အနာချုပ်သည်မှာ ခက်ခဲသောကြောင့်တော့ မဟုတ်ပဲ သူမအနည်းငယ် အားစိုက်ထုတ်ရုံမျှနှင့် သေသပ်ကျနအောင် ပြုလုပ်နိုင်ပေသည်။ သို့သော်လည်း လင်းရီကဲ့သို့ အတွေ့ကြုံ မရှိသည့် အလုပ်သင်လေးထံမှ ယခုလို ချုပ်ရိုးမျိုး ရလာသည့်အတွက် သူမထိုသို့ ချီးကျူးလိုက်ခြင်းဖြစ်၏။

"မဆိုးပါဘူ... ဆက်ပြီးကြိုးစား မမောက်မာနဲ့... အဲ့လိုဆို တိုးတက်ဖို့ အလားအလာရှိတယ်...."

"ဟုတ်ကဲ့ပါ ဒေါက်တာလီ...."

လီဟန်ချူး ခေါင်းညိမ့်လိုက်ပြီး သူမစိတ်ထဲတွင်တော့ ဆုံးဖြတ်ချက်ချလိုက်သည်။ သူမ အချိန်ရပါက လင်းရှီနှင့် သေချာပေါက် စကားပြောရပေမည်။

ကျိုးဇီချန်းကတော့ အမှုမထားစွာဖြင့် တစ်ချက်ရှုံးကြည့်လိုက်၏။

အဲ့လောက်ကောင်းလို့လားဟ...

ငါ့အထင်တော့ သာမန်ပါပဲ...

"ကောင်းပြီ.. ချုပ်ပြီးပြီဆိုတော့ လူနာကို ပြန်ထုတ်ကြစို့..."

"ဟုတ်ကဲ့ပါဗျ...."

သူမသား ထွက်လာသည်ကိုမြင်တော့ သက်လတ်ပိုင်း အမျိုးသမီးမှာ အပြေးအလွှား ရောက်ချလာပြီး ချုပ်ရိုးကိုကြည့်ကာ စတင်ဆဲဆိုတော့သည်။

"ဒါ ဘယ်လိုတောင် သောက်သုံးမကျတဲ့ ချုပ်ရိုးကြီးလဲ... ဒီပုံစံအတိုင်းဆိုရင် အမာရွတ်အကြီးကြီး ဖြစ်တော့မှာ....ငါ့သားက ခုထိ မိန်းမ မယူရသေးဘူး... ဒီလိုပုံစံကြီးနဲ့ဆို သူ့ကို ဘယ်မိန်းကလေးက လက်ထပ်ယူချင်တော့မှာလဲတဲ့....."

"အမာရွတ်ရှိတာက ပုံမှန်ပဲလေ... အနာက ဒီလောက်ကြီးနေမှတော့ အမာရွတ်မရှိဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာ...."

လီချူးဟန် ပြောလိုက်ပြီး "လေးငါးလ လောက်နေရင်
အနာက လုံးဝ ကျက်သွားလိမ့်မယ်... အဲ့ခါကျ
ပိုကြည့်ကောင်းသွားပြီး ခုလောက် သိသာနေမှာ
မဟုတ်တော့ဘူး...."

"နင် လိမ်နေတာ... "အမျိုးသမီးမှ လီချူးဟန်ကို
လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပြီး "နင့်
အရည်အချင်းက တစ်စက်မှမရှိလို့ ဒီလိုစကားလုံးတွေ
ပြောနေတာမလား... ခုတော့ ငါ့သားဘဝကြီး
တစ်ခုလုံးက နင့်လက်ထဲက ချုပ်ရိုးအပ်ကြောင့်
ကြေမွသွားပြီ..."

"ဒီမှာအဘွားကြီး....ခင်များရဲ့ကျက်သရေယုတ်တဲ့
လက်ညိုးကြီးနဲ့ သူများကို လိုက်ထိုးမနေစမ်းနဲ့...."

လင်းရီပြောလိုက်ပြီး "ခင်များသားရဲ့ဝမ်းဗိုက်ဒဏ်ရာကို ချုပ်တာ ကျုပ်ပဲ... မကျေနပ်လို့ ပြောစရာရှိရင် ကျုပ်ကိုပဲပြော...."

"နင်..."

လင်းရီချုပ်သည့်လက်ရာဖြစ်ကြောင်း သိသွားသည့်အချိန်၌ သက်လတ်ပိုင်း အမျိုးသမီးမှာ ပို၍ပင် ရှုံးရှုံးရှားရှား ဖြစ်သွားခဲ့ပြီး လီချူးဟန်ဘက်သို့လှည့်၍ "နင်က ဘယ်လိုဆရာဝန်လဲ... ပြောတော့ ငါ့သားကို ကိုယ်တိုင်ချုပ်ပေးပါ့မယ်ဆို... ခုကျတော့ နင့်ရဲ့လက်ထောက်ကို

ချုပ်ခိုင်းလိုက်တယ်တဲ့လား...နင်က
ဖြောင်လိမ်ဖြောင်စား လုပ်နေတာပဲ...."

"ကျွန်မက အရေးကြီးတဲ့ အတွင်းပိုင်းကို
ချုပ်ပေးပြီးပြီလေ... သူ့ကိုလည်း အရေးမကြီးတဲ့
အပြင်ပိုင်းပဲ ချုပ်ခိုင်းလိုက်တာ... သူချုပ်တာကလည်း
မဆိုးပါဘူး... ကျွန်မဆိုရင်တောင်မှ သူ့လောက်
သေသပ်နေမှာ မဟုတ်ဘူး...."

"နင် ဘာပြောလိုက်တယ်... နင်က ဒါရိုက်တာလေ...
ဒါတောင်မှ နင့်ရဲ့လက်ထောက် အဆင့်လောက်တောင်
မရှိဘူးလို့ နင်ဘယ်လိုတောင်
ပြောထွက်တာလဲ...."သက်လတ်ပိုင်း အမျိုးသမီးမှ
ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး "ပြီးတော့နင်...

နင်က ကိုယ့်အဆင့်ကိုယ် မသိပဲ ငါ့သားရဲ့ဒဏ်ရာကို ချုပ်ပေးရဲတယ်ပေါ့လေ... ဘယ်လိုတောင် အတင့်ရဲ့လိုက်သလဲ... ယုံလားတော့မသိဘူး... ငါဖုန်းတစ်ချက်ဆက်လိုက်တာနဲ့ နင့်ကို အလုပ်ဖြုတ်လိုက်လို့ရတယ်ဆိုတာ ယုံလား...."

"နောက်ပြီးနင် ... ဒါရိုက်တာဖြစ်ပြီးတော့ စကားကမတည်... ဘာသောက်အရည်အချင်းမှ မရှိတဲ့ဆရာဝန်မ.... နင်တို့ကံကောင်းတယ်... ဒီကနေ့ ငါ့ယောက်ျား မလိုက်လာခဲ့လို့သာပေါ့..... လိုက်များလိုက်လာခဲ့လို့ကတော့ နင်တို့ငါ့သားအပေါ် ဖြစ်ကတတ်ဆန်း လုပ်ထားတာတွေ မြင်ပြီး ဆေးရုံတစ်ခုလုံး ပရမ်းပတာတွေ ဖြစ်ကုန်လိမ့်မယ်..."

လင်းရှီကတော့ ဂရုမစိုက်စွာ ပခုံးတွန့်လိုက်ပြီး ဆော့ကစားချင်နေသည့် အမူအရာဖြင့် "အဲ့တာဆိုလည်း ဘယ်သူအရင် အလုပ်ဖြုတ်ခံရမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့....”

အခန်း (၃၈၁)
လင်းရှီကို အလုပ်ဖြုတ်ပစ်လိုက်

လင်းရှီ၏ မျက်နှာအမူအရာကို မြင်တော့ လီချူးဟန် စက္ကန့်အနည်းငယ်မျှ တုံ့ဆိုင်းသွားခဲ့သည်။

'သူက ဘာပြောချင်နေတာလဲ....'

"ရတယ်လေ... နင်တို့စောင့်နေလိုက်...."

သက်လတ်ပိုင်းအမျိုးသမီးမှာ သူမဘေးရှိ အမျိုးသမီးကို အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်ပြီး "အစ်မ နင် ဒီမှ စောင့်နေလိုက်... ကျွန်မ သူ့အဖေကို သွားခေါ်လာခဲ့မယ်...ကျွန်မတို့ ဒီကိစ္စကို ပြင်းပြင်းထန်ထန် အရေးယူမှ ဖြစ်မှာ...."

"သွား... မြန်မြန်သွားပြီးတော့ ငါ့အစ်ကို ကို ခေါ်လာခဲ့လိုက်....." အဒေါ်ဖြစ်သူဟန်မှ ပြောလိုက်ပြီး "ဒီဘက်ခေတ် ဒေါက်တာတွေက သူတို့ကိုယ်သူတို့ ဟုတ်လှပြီ ထင်နေတာဆိုတော့ မှတ်လောက်သားလောက် ဖြစ်သွားအောင် အေးဆေး လွှတ်ပေးလိုက်လို့တော့ ဘယ်ဖြစ်မှာ.."

"ဟုတ်တယ် ကျွန်မတို့ ဖြေရှင်းချက်တစ်ခုတော့ ရမှာဖြစ်မယ်... ဒါရိုက်တာကိုယ်တိုင် ချုပ်ပေးမယ် ပြောပြီးတော့မှ ခွဲစိတ်ခန်းထဲရောက်တော့ သူ့လက်ထောက်ကိုလွှဲပေးလိုက်တယ်....ဒီကိစ္စက ခွင့်လွှတ်လို့ရတဲ့ ပြစ်မှုကြီးပဲ...."

ထိုသို့ ပြောပြီးနောက် သက်တလတ်ပိုင်းအမျိုးသမီးမှာ အရေးပေါ်ဌာနမှ ထွက်ခွာသွားခဲ့သည်။

လူနာ၏မိခင် ထွက်ခွာသွားပြီးနောက် အရေးပေါ်ဌာနရှိ ဆေးဝန်ထမ်းများနှင့် လူနာအားလုံး၏ အာရုံမှာ လင်းရီနှင့် လီချူးဟန်တို့ထံ စုပြုံသွားခဲ့ကြ၏။ သူမတို့ ဘာဆက်လုပ်ကြမလဲဆိုတာကို သိချင်နေကြသည်။

ပုံမှန်အားဖြင့်တော့ ဒေါက်တာများမှာ အရေးကြီးသည့် လုပ်ငန်းတာဝန်များကိုသာ ကိုင်တွယ်လေ့ရှိပြီး အရေးပြားချုပ်သည့် လုပ်ငန်းစဉ်ကဲ့သို့ ရိုးရှင်းသည့် တာဝန်များကိုတော့ သူတို့၏ လက်ထောက်နှင့်သာ လွှဲထားလေ့ရှိသည်။

၎င်းက ပုံမှန်ပင်။ ထို့ပြင် မည်သည့်ပြဿနာမျှလည်း မရှိချေ။ သို့သော်လည်း ထိုဘာမှမဟုတ်သည့်ကိစ္စကို အကျယ်ချဲ့လိုက်သူကတော့ ထိုသက်လတ်ပိုင်းအမျိုးသမီးပင်။

မျှော်လင့်ထားသည့်အတိုင်း ရာထူးအဆင့်အတန်းတစ်ခု ရှိသူတို့မှာ ကိုင်တွယ်ရ အခက်ခဲဆုံးဖြစ်၏။

"ဒေါက်တာလီ... အစ်ကိုလင်း... ညီမတို့ ခု ဘယ်လိုလုပ်ကြမလဲဟင်.." ချောင်ရှင်းမှ စိတ်ပူစွာဖြင့် ဆိုလာခဲ့သည်။

"မင်း စောနလေးတင် ဗွီဒီယိုရိုက်နေတာ မြင်လိုက်ပါတယ်...အဲ့ဗွီဒီယိုက ခု မင်းဖုန်းထဲမှာ ရှိသေးတယ်မလား...."

"အွန်း ရှိတယ်လေ... ညီမလည်း သက်သေအထောက်အထားအနေနဲ့ မှတ်တမ်းတင်ထားလိုက်တာ... အသုံးဝင်မဝင်တော့ မပြောတတ်ဘူး...."

"အဲ့ဗွီဒီယိုကို ငါ့ဆီပို့လိုက်..."

"အိုကေ.... "

ချောင်ရှင်းထံမှ ဗွီဒီယိုကို ရရှိပြီးနောက် လင်းရီ ထောင့်တစ်နေရာသို့ လမ်းလျှောက်သွားလိုက်ပြီး လျန်ရှူရွှယ်ထံ ပြန်ပို့လိုက်သည်။

" ဒီဗွီဒီယိုထဲက အမျိုးသမီးက ဆောက်လုပ်ရေးကော်မတီဥက္ကဌပဲ... သူမက ဆေးရုံလာပြီးတော့ ဝတ္တာရားနှောင့်ယှက်နေတယ်... မိန်းကလေးလျန် ကြည့်ကြပ်ပြီး ကိုင်တွယ်ပေးဦး...."

မိနစ်အနည်းငယ် ကြာပြီးနောက် လျန်ရှူရွှယ်ထံမှ အိုကေ စတစ်ကာ တစ်ခု ရောက်လာခဲ့သည်။

လင်းရီဘက်မှ အများကြီး မရှင်းပြခဲ့သော်လည်း လီမ္မာပါးနပ်သည့် လျှန်ရူရှယ်ကတော့ သေချာပေါက် သဘောပေါက်ပြီး ဤကိစ္စကို ကိုင်တွယ်လိုက်ပေမည်။

လင်းရီ ဖုန်းပွတ်ရင်း ပြန်ရောက်လာသည်ကိုမြင်တော့ လီချူးဟန်ရင်ထဲ သံသယစိတ်တို့ ပေါက်ဖွားလာခဲ့သည်။

သူ ဒီကိစ္စကို ဖြေရှင်းဖို့ သွားခဲ့တာလား...

အဲ့လိုဆိုရင်တောင်မှ သူ့မှာဒီကိစ္စကို ကိုင်တွယ်ဖို့ စွမ်းရည်က ရှိနိုင်ပါ့မလားပဲ...

"တခြားဘာမှ မရှိတော့ဘူးဆိုရင် ဌာနကို ပြန်ကြစို့လေ... ဒီမှာ ဘာရပ်လုပ်နေဦးမှာ...."

လင်းရီ၏ ထီမထင်ဟန် အမူအရာကိုမြင်တော့ ချောင်ရှင်းမှာ ရှုပ်ထွေးသွားခဲ့ရသည်။

ကိစ္စတွေက ဒီအခြေအနေထိ ရောက်နေတာတောင်မှ အစ်ကိုလင်းက အေးဆေး နေနိုင်သေးတယ်ပေါ့နော်....

"မင်းတို့အရင်သွားနှင့်ကြ... ငါဖုန်းခဏ ပြောလိုက်ဦးမယ်...."

ထိုသို့ပြောပြီးနောက် ကျိုးဇီချန်း ဖုန်းထုတ်ကာ လှေကားဆီသို့ ထွက်လာခဲ့လိုက်၏။

"ဦးလေး... ဖုန်းခေါ်ထားတာတွေလို့... ဘာကိစ္စလဲ...."

"ဘာတွေ ဖြစ်နေတာ...ဒီနေ့က မင်းအလုပ်ဆင်းတဲ့ ပထမနေ့လေကွာ... ဘာလို့ အရေးပေါ်ဌာနမှာ အဲ့လောက် ပွဲဆူနေတာလဲဟ...."

"ဟမ့်... ဒါတွေ အကုန်လုံးက လင်းရီဆိုတဲ့ ငတိလေးကြောင့်လေ... ဘာစကေးမှ မရှိပဲနဲ့ လူနာကို ချုပ်ရိုးပေးတယ်လေ...နောက်ဆုံးကျတော့ လူနာရဲ့ မိခင်က ချုပ်ရိုးကို မကျေနပ်တာနဲ့ ကွန်ပလိန်းစတက်ပါလေရော...."

"အရေပြားချုပ်တာလေးလောက်ကတော့ မခက်ခဲဘူး မဟုတ်လားကွ...."

"ကျွန်တော့်အတွက်တော့ ဘယ်ခက်ခဲမှာ... ဒါပေမယ့် အဲ့ကောင်ရဲ့စကေးတွေက အကန့်အသတ်နဲ့လေ... အဲ့တာကြောင့် ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်တာ..."

"ပြီးတော့ အဲ့ကောင်က လူနာရဲ့ မိသားစုဝင်တွေကိုလည်း ရိုင်းရိုင်းစိုင်းစိုင်းက ပြောလိုက်သေးတယ်...အရေးပေါ်ဌာနက လူတိုင်း မျက်မြင်သက်သေရှိပြီးသား... တကယ်လို့ ဒီကိစ္စသာ အပြင်ကို ပျံ့သွားလို့ကတော့ ဆေးရုံရဲ့ နာမည်ဂုဏ်သတင်းကို ထိခိုက်လာနိုင်တယ်နော...သူ့လိုလူမျိုးက ကျွန်တော်တို့ ဟွာရှန်းဆေးရုံမှာ ရှိကိုမရှိသင့်တာ...."

"နားလည်ပြီ... မင်းတို့ကောင်တွေ အရေးပေါ်ဌာနမှာ စောင့်နေလိုက်... ဘယ်မှ မသွားသေးကြနဲ့ဦး....ငါနဲ့ ဒါရိုက်တာကျော်ကျောက် အဲ့ဒီကို လာခဲ့မယ်...."

"ဟမ်...ဒါရိုက်တာကျော်ကျောက်ကော လာမှာလား...."

"သူက ဆေးရုံရဲ့ ဒုဥက္ကဌလေ... ပြီးတော့ ဒီလောက်ကိစ္စအကြီးကြီး ဖြစ်သွားမှာတော့ သူဝင်ပါရမှာပေါ့..."

"ကောင်းတယ်.. အဲ့လိုဆို ကျွန်တော် အရေးပေါ်ဌာနကို ပြန်ပြီးတော့ ဦးလေးတို့အလာကို စောင့်နေလိုက်မယ်..."

ဖုန်းချပြီးနောက် ကျိုးဇီချန်း အရေးပေါ်ဌာနသို့ ပြုံးလျက် ပြန်လာခဲ့သည်။

ကျောက်ကျန်းဝေမှာ ဟွာရှန်းဆေးရုံ၏
လက်ထောက်ဒါရိုက်တာ ဖြစ်ရုံသာမက
ဆေးတက္ကသိုလ် နည်းပြတစ်ဦးလည်းဖြစ်၏။ သူ၏
ဒေါသကြီးမှု၊ စိတ်မရှည်မှုတို့ကြောင့်
ကျောင်းသားများအကြားတွင် နာမည်ဆိုးနှင့်
ကျော်ကြားလေသည်။

လင်းရှီမှာ ယခု ပြဿနာအကြီးစားကြီးကို
မီးမွှေးပြီးဖြစ်၏။ ဒါရိုက်တာကျောက်၏ စိတ်နှင့်ဆိုပါက
သူ့ကို အလွတ်ပေးလိမ့်မည် မဟုတ်ချေ။

ယနေ့ ညတွင်းချင်း မောင်းထုတ်ခံလိုက်ရသည်လည်း
ဖြစ်နိုင်သည်။

၎င်းကိုတွေးမိတော့ ကျိုးဇီချန်း၏ အပြုံးမှာ ပို၍ ပီပြင်လာခဲ့သည်။

သူမချုပ်ခဲ့၍ တော်သေးသည်။

မဟုတ်ပါက အခြေအနေများမှာ တစ်မျိုးပြောင်းသွားနိုင်သည်။

ထိုအချိန်တွင်တော့ ရုံးခန်းထဲရှိလူတိုင်း အမူအရာကိုယ်စီနှင့် ရှိနေကြ၏။

လီဟန်ချူးမှာ သူမ၏ လုပ်သက်ထက် အရည်အချင်း များပြားသူဖြစ်သည်။ သူမ၏ စကေးနှင့်ဆိုပါက ကြီးကြီးမားမား ပြဿနာ မဖြစ်သရွေ့တော့ ဆေးရုံက ဘာမျှပြောဝံ့လိမ့်မည် မဟုတ်ချေ။ မဟုတ်ပါက

ဟွာရှန်းဆေးရုံမှ အရည်အချင်းရှိသည့်
ဒေါက်တာတစ်လက်ကို
ဆုံးရှုံးသွားရနိုင်သည်မဟုတ်ပါလော။

ချောင်ရှင်း၏ မျက်နှာအမူအရာမှာတော့ အလွန်အမင်း
စိုးရိမ်ထိတ်လန့်နေသည်။ ရှေ့
ဘာဆက်ဖြစ်မလဲဆိုတာကို သူမဘက်မှ ရင်တမမနှင့်
စောင့်ဆိုင်းနေရ၏။

မိနစ်အနည်းငယ်ကြာပြီးနောက် ရုံးခန်းတံခါးမှာ
ပွင့်လာခဲ့ပြီး သက်လတ်ပိုင်းလူနှစ်ယောက် အထဲသို့
ဝင်လာခဲ့သည်။

တစ်ဦးကတော့ ချောင်ကျားဝမ်ဖြစ်ပြီး အဖြူရောင် ကုတ်အရှည်ကို ဝတ်ဆင်ထားပြီး ညှပ်ဖိနပ်တစ်ရံကို စီးထားသည်။

အခြားတစ်ဦးကတော့ အရပ်အမောင်း ခပ်ကောင်းကောင်းဖြင့် မျက်မှောင်ကြီးကြုတ်လျက် မြင်သူတို့အား မလွယ်ကူသည်ဟူသော ခံစားချက်ကို ရရှိစေသည်။

ထိုပုဂ္ဂိုလ်ကတော့  ဒုဥက္ကဌ ကျောက်ကျန်းဝေဖြစ်ပြီး ဟွာရှန်းဆေးရုံတွင် အာဏာအများအပြားကို ချုပ်ကိုင်ထားသည်။

"ဒါရိုက်တာကျောက်...."

သက်လတ်ပိုင်းလူကိုမြင်တော့ လီဟန်ချူး
မတ်တပ်ရပ်ပြီး လင်းရှီနှင့် ကျန်သူများကို
မိတ်ဆက်ပေးလိုက်၏။

"ဒေါက်တာလီ ... ဘာတွေဖြစ်နေတာ...
ကျွန်တော့်ဝန်ထမ်းတွေ ပြောသံကြားတာတော့
ဒေါက်တာ့ကို ကွန်ပလိန်းတက်ချင်နေကြတဲ့သူတွေ
ရှိတယ်ဆို...."

"လူနာရှင်ဘက်ကိုက တမင်တကာ ပြဿနာ ရှာနေတာ..
ကျွန်မတို့ လုပ်နိုင်တာ ဘာမှမရှိဘူး..."လီဟန်ချူး
တည်ငြိမ်စွာ ပြောလိုက်သည်။ သူမကတော့
ယခုဖြစ်ရပ်ကို ခေါင်းထဲပင် မထည့်ချေ။

"ဒေါက်တာလီ.. ကျုပ်ခင်များကို ဝေဖန်တာတော့ မဟုတ်ဘူး...တကယ်လို့ သာမန်လူနာဆိုရင်တော့ ကိုင်တွယ်ရတာ ဘာပြဿနာမှ ရှိမှာ မဟုတ်ဘူး... ဒါပေမယ့် ခင်များလည်း တစ်ဖက်လူရဲ့ အထောက်အထားကို သိနေတာပဲမဟုတ်လား... ဒါတောင်မှ ဘာလို့ အလုပ်သင်ဆရာဝန်ကိုမှ သွားပြီး လက်လွှဲပေးလိုက်တာ.... "

"ကျွန်မရဲ့ မျက်လုံးထဲမှာတော့ လူနာတိုင်းက အတူတူပဲ...ရိုးရှင်းတဲ့ ချုပ်ရိုးအကြောင်း မပြောသေးနဲ့ဦး... တကယ်လို့ နှလုံးခွဲစိတ်တယ်ဆိုရင်တောင်မှ ကျွန်မရဲ့ လက်ထောက်ကို ကျွန်မ လက်လွှဲပေးဦးမှာပဲ...." လီဟန်ချူးမှ တည်ငြိမ်သည့် လေသံဖြင့် ဆိုသည်။

"ပြီးတော့ သူချုပ်ထားတာလည်း မဆိုးပါဘူး....
အလုပ်သင်ဆိုပေမယ့် ချုပ်ထားတာက ကျွန်မရဲ့
စံနှုန်းကိုပြည့်မှီတယ်...ဘာပြဿနာမှမရှိဘူး...လူနာရဲ့
မိသားစုကိုက အကြောင်းပြချက် ရေရေရာရာမရှိပဲ
တမင်ပြဿနာရှာနေတာ....ဒါရိုက်တာကျောက်ဘက်က
ဒီကိစ္စကို သေချာလေး ကိုင်တွယ် ဖြေရှင်းပေးမယ်လို့
မျှော်လင့်ပါတယ်...."

"ကျုပ်လည်း အခြေအနေတွေကို
နားလည်ပါတယ်...ဒါပေမယ့် လူနာရဲ့မိသားစုက
အနေအထား တစ်ခုနဲ့လေ... သိပ်မကြာခင် ကျုပ်တို့ကို
ကွန်းပလိန်းတက်လာတော့မှာ...ပြီးတော့ ကိစ္စတွေက
ဒီထက်ပိုပြီး ကြီးမားသွားရင် ဆေးရုံရဲ့

ဂုဏ်သတင်းကိုလည်း ထိခိုက်လာနိုင်တယ်...ဆိုတော့ ကျုပ်တို့ ဒီပြဿနာကို လေးလေးနက်နက်နဲ့ ဆုံးဖြတ်ရမှာပဲ...."

"ဒါရိုက်တာကျော်...လူနာရှင်ဘက်က ကျေနပ်သွားအောင် ကျုပ်တို့ သူ့ကို အလုပ်ဖြုတ်လိုက်ရင်ကော...." ချောင်ကျားဝမ်မှ ပြောလိုက်၏။

လင်းရီ ချောင်ကျားဝမ်ကို တစ်ချက်ကြည့်လိုက်သည်။

ဘိုးတော်က တာဝန်မယူချင်တာနဲ့ သူ့အပေါ် အပြစ်ပုံချဖို့ စီစဉ်နေတယ်ပေါ့လေ......

ကျောက်ကျန်းဝေ ခေါင်းညိမ့်လိုက်ပြီး "ကျုပ်စဉ်းစားလိုက်ပါ့မယ်...."

အကယ်၍ ဆရာဝန်အသစ်လေးဆိုပါက ကျောက်ကျန်းဝေ တုံ့ဆိုင်းခြင်းမရှိ တန်းအလုပ်ဖြုတ်လိုက်ပေမည်။

သို့သော်လည်း ယခုကိစ္စ၌ လီဟာန်ချူးမှ ပါဝင်နေလေသည်။ ထို့ကြောင့် ကိစ္စများမှာ ပို၍ ကိုင်တွယ်ရ ခက်ခဲသွား၏။

လင်းရီကို တိုက်ရိုက် အလုပ်ဖြုတ်လိုက်သည်က သူမ မျက်နှာကို ဖြတ်ရိုက်လိုက်ခြင်းပင်။
ထိုအခါ သူမ စိတ်ကွက်ပြီး အလုပ်ထွက်သွားနိုင်သည်။

ဆေးရုံဒါရိုက်တာမှ သူမကို ကြေးကြီးကြီးပေးပြီး ခေါ်ယူထားရသောကြောင့် သေချာဂရုစိုက်ရမည်မှာ မလွဲမသွေပင်။

"ဒါရိုက်တာကျော်က်... ခုအားလုံးက လယ်ပြင်ဆင်နှင်းသလို ထင်ရှားနေပြီကိုပဲ... ဘာမှစဉ်းစားနေစရာမလိုဘူး...အဲ့ကောင်ကို အလုပ်ဖြုတ်ပစ်လိုက်တော့..."

ကျောက်ကျန်းဝေ တုံ့ဆိုင်းနေစဉ် ရုံးခန်းတံခါးမှာ ခေါက်သံကြားရခြင်းမရှိဘဲ ပွင့်ဟလာခဲ့၏။

အမျိုးသမီးတစ်ဦးမှ အလောသုံးဆယ်ဖြင့် ပြေးဝင်လာခဲ့ပြီး

"ဒေါက်တာလီ... ကျွန်မ အမှားကို ကျွန်မသိသွားပါပြီ...ကျေးဇူးပြုပြီး ကျွန်မကို အခွင့်အရေး တစ်ခါလောက်ပဲ ထပ်ပေးပါရှင်.... ဒီအလုပ်သာမရှိရင်တော့ ကျွန်မ အဆုံးသတ်သွားရပါလိမ့်မယ်.... ခွင့်လွှတ်ပေးပါ ဒေါက်တာရယ်...."

အခန်း (၃၈၂)

**နင့်ကို တစ်နေရာခေါ်သွားမယ်..နင်လိုက်ရဲလား...**

အခန်းထဲရှိ လူတိုင်း ကြက်သေသေသွားကြ၏။

လီဟာန်ချူးက နှလုံးအထူးကု ဌာနရဲ့လက်ထောက်

ဒါရိုက်တာလေ... ပြီးတော့ အဲ့မိန်းမရဲ့အလုပ်အကိုင်နဲ့

ဘာမှ မသက်ဆိုင်တာကို ဘယ်လိုလုပ်ပြီး

အလုပ်ဖြုတ်ပစ်လိုက်တာ....

ဒါကြီးက သောက်ရေးမပါတာပါကွာ...

လီချူးဟာန် သူမဦးနှောက်ကို

စတင်အလုပ်လုပ်လိုက်သည်။

သူမ ဘာတစ်ခုမျှ မလုပ်ထားချေ။ သို့တိုင်အောင်

အနှီအမျိုးသမီးမှာ အဘယ်ကြောင့်

အလုပ်ထုတ်ခံလိုက်ရပါသနည်း။

မသိလိုက်စွာဖြင့် လင်းရီပြောခဲ့သည့်

စကားလုံးတစ်ချို့ကို သူမ နားယောင်မိသွားသည်။

'ဘယ်သူ အလုပ်အရင်ဖြုတ်ခံရမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့....'

သူ ဗေဒင်များ ကြိုမေးထားသလားပဲ....

မသိလိုက်စွာဖြင့် လီချူးဟာန် လင်းရီဘက်သို့ လှည့်ကြည့်လိုက်ပြီး သူမ၏ မျက်ဝန်းများက လင်းရီထံမှ အဖြေတောင်းနေသကဲ့သို့ပင်။

လင်းရီကတော့ ပခုံးသာတွန့်လိုက်ပြီး ဘာမျှ မပြောချေ။ သူ့ဘက်မှ ဤကိစ္စကို ရှင်းပြရန်ရည်ရွယ်ချက်မရှိပါ။

"ရှင်အလုပ်ဖြုတ်ခံရတာက ကျွန်မနဲ့ ဘာမှ မသက်ဆိုင်ဘူး.. ဒီတော့ ရှင်ထွက်သွားလိုက်တော့...." လီချူးဟာန်မှ ပြောလိုက်သည်။

"မဟုတ်ဘူး ဒေါက်တာလီ.. ရှင်ကျွန်မကို အာဃာတတွေ ထားနေတုန်းပဲဆိုတာ ကျွန်မသိတယ်... ကျေးဇူးပြုပြီး ကျွန်မကို တောင်းပန်ဖို့ အခွင့်အရေးလေး တစ်ခါလောက်ပဲပေးပါ...ခုက ကျွန်မ တစ်ယောက်တည်းပဲ မဟုတ်ဘူး...ကျွန်မ ယောကျ်ားလည်းပဲ အလုပ်ဖြုတ်ခံလိုက်ရပြီ... နှစ်ယောက်စလုံးက အလုပ်လက်မဲ့ ဖြစ်သွားပြီဆိုတော့ ကျွန်မတို့မိသားစုက ဘယ်လိုရှေ့ဆက်ရတော့မှာလဲလို့... "

"ရှင်တို့ အလုပ်ဖြုတ်ခံရတဲ့ ကိစ္စက တကယ်ကြီး ကျွန်မနဲ့ မသက်ဆိုင်တာ... ရှင်ဆေးရုံမှာ ဝုန်းဒိုင်းကြဲနေတဲ့အချိန် တခြားလူနာ မိသားစုကနေပြီးတော့ ဗွီဒီယိုရိုက်ပြီး

လိုင်းပေါ်တင်လိုက်တာကော မဖြစ်နိုင်ဘူးလား... ရှင်ရဲ့
အထက်လူကြီးတွေက အဲ့ဗွီဒီယိုကို မြင်တော့
သူတို့ကုမ္ပဏီ သိက္ခာကျမှာစိုးလို့ဆိုပြီး
အလုပ်ထုတ်ပစ်လိုက်တာနေမှာပေါ့....ရှင့်ဘက်က
အကြောင်းအရင်းကို သေချာရှာသင့်တယ်... ဒါပေမယ့်
ကျွန်မရဲ့အလုပ်ကိုတော့ ကျေးဇူးပြုပြီး
လာမနှောက်ယှက်ပါနဲ့...."

ကျောက်ကျန်းဝေနှင့် ချောင်ကျားဝမ်တို့
သူတို့ရှေ့ရှိသက်လတ်ပိုင်း အမျိုးသမီးကို
မျက်လုံးလှန်၍ ကြည့်လိုက်သည်။

'ပြောတော့ ကွန်ပလိန်းတက်မယ်ဆို ... ဘယ်လိုလုပ်ပြီး မျက်စိတစ်မှိတ်အတွင်း ခင်များက အလုပ်ပြုတ်သွားတာလဲဟ....

တကယ်လို့ ဒီဖြစ်ရပ်က အင်တာနက်ပေါ် တင်ခံရတယ်ဆိုရင်တောင်မှ ဒီလောက်မြန်မြန်ကြီး အလုပ်ဖြုတ်ဖို့ မဖြစ်နိုင်ဘူးလေ... ဟုတ်တယ်မလား...

ဖြစ်နိုင်တာက တစ်ယောက်ယောက်ကများ လောင်စာထပ်ထည့်လိုက်သလားပဲ...

ဒါပေမယ့် ဒီမှာက လူနည်းနည်းလေး ရှိတာလေ... ပြီးတော့ အားလုံးကလည်း ငါတို့ဆေးရုံက ဆရာဝန်တွေချည်းပဲ...ဒီတော့ ဘယ်သူက အဲ့လိုမျိုး စွမ်းဆောင်နိုင်တဲ့ အရည်အချင်းတွေ ရှိသွားတာ...'

"မဒမ်.. ဘာတွေဖြစ်နေတာ... ခင်များတို့
စောနကလေးတင် အကောင်းကြီးမဟုတ်ဘူးလား...
ဘယ်လိုလုပ်ပြီး ပြုတ်စဗျင်းတောင်းကြီး
အလုပ်ဖြုတ်ခံလိုက်ရတာ...."
ကျိုးဇီချန်း မေးမြန်းလိုက်၏။

သူ့ဘက်မှ လင်းရှီ
အလုပ်ဖြုတ်ခံလိုက်ရသည်ကိုစောင့်ဆိုင်းနေသော်လည်း
မထင်မှတ်ထားသည့် အလှည့်အပြောင်းတို့
ဖြစ်ပျက်လာခဲ့သည်။

ဖြစ်ပျက်သွားတာကြီးက မမြန်ဆန်လွန်းဘူးလားဟ...

"ငါလည်း မသိတော့ဘူး... အစက ငါနင်တို့ကို
ကွန်ပလိန်းတက်မယ်ဆိုပြီးတော့ ထွက်သွားခဲ့တာပဲ..
ဒါပေမယ့် ငါ့ယောက်ျားဆီက ဖုန်းဝင်လာပြီးတော့ ငါ့ကို
အထက်လူကြီးတွေက အလုပ်ဖြုတ်လိုက်တယ်ဆိုပြီး
ပြောလာတယ်... နောက်တော့ အထက်လူကြီးတွေက
သူ့ကိုပါ အလုပ်ဖြုတ်ပစ်လိုက်တယ်ဆိုပဲ..."
သက်လတ်ပိုင်း အမျိုးသမီးမှ မျက်ရည်ပေါက်
ကြီးငယ်တို့ဖြင့် ပြောနေခဲ့၏။

"ကျွန်မရဲ့အပြုအမူက ရှင်တို့ကို မပျော်မရွှင်
ဖြစ်စေခဲ့တယ်ဆိုတာ ဝန်ခံပါတယ်... ကျေးဇူးပြုပြီး
အထက်လူကြီးတွေကို အခွင့်အရေး
နောက်တစ်ကြိမ်လောက် ထပ်ပေးဖို့
ပြောပေးပါလားဟင်... "

သက်လတ်ပိုင်း အမျိုးသမီးမှ လက်နှစ်ဖက်ဖြင့် မျက်ရည်တို့ကို သုတ်လျက် ပြောလိုက်သည်။

အကြောင်းရင်းမှန်ကို ကြားသိပြီးနောက် ကျောက်ကျန်းဝေနှင့် ချောင်ကျားဝမ်တို့ အကြည့်ချင်းဖလှယ်လိုက်ကြ၏။

'သူမက အလုပ်ဖြုတ်ခံလိုက်ရပြီဆိုတော့ ကိုင်တွယ်ရ ပိုလွယ်သွားပြီမဟုတ်လား...'

"မဒမ်... ဒီကိစ္စက ကျုပ်တို့နဲ့ လားလားမှကို မသက်ဆိုင်တာ... ဒီတော့ ထွက်သွားပြီး ကျုပ်တို့ရဲ့ တာဝန်ဝတ္တရားကို မနှောင့်ယှက်ဖို့ မျှော်လင့်ပါတယ်..."

ကျောက်ကျန်းဝေ လုံခြုံရေး ဝန်ထမ်းများကို
ခေါ်လိုက်ပြီး သက်လတ်ပိုင်း အမျိုးသမီးကို
အရေးပေါ်ဌာန အပြင်ဘက်သို့ ပို့ခိုင်းလိုက်၏။
အခြားလူနာများကို စိတ်အနှောင့်အယှက်
မပေးနိုင်စေရန်အတွက် သူမ သားကိုလည်း
အခြားကုသဆောင် တစ်ခုသို့ လွှဲပြောင်းပေးလိုက်သည်။

သို့သော်လည်း ထိုအခိုက်အတန့်တွင်တော့ လူတိုင်း၏
ရင်ထဲ၌ မေးခွန်း သင်္ကေတများဖြင့်
ပြည့်နှက်နေလေသည်။

'သူမက ဘာလို့ ဒီလောက် မြန်မြန်ကြီး
အလုပ်ပြုတ်သွားတာလဲ...'

အကြောင်းအရင်းကိုတော့ မည်သူကမျှ

သေချာမသိချေ။

"ကဲ ဒီကိစ္စကို ဒီမှာတင် အဆုံးသတ်ကြတာပေါ့...."

ပြောပြီးနောက် ကျောက်ကျန်းဝေနှင့် ချောင်ကျားဝမ်တို့

ထွက်ခွာသွားကြသည်။

ကျိုးဇီချန်းတစ်ဦးတည်းကသာလျှင် အရုပ်ဆိုးသည့်

အမူအရာဖြင့် ကျန်ရစ်နေခဲ့၏။ သူ့ဘက်မှ လင်းရီကို

ပထုတ်လို့ရမည့် အခွင့်အရေးရှိပြီဟူ၍ ပျော်ခါရှိသေး

သူ၏ အပျော်လေးများပင် ကြာရှည်မခံလိုက်ပေ။

ကြည့်ရသည်မှာတော့ သူနောက်ထပ် အခွင့်အရေးတစ်ခု

ဖန်ရမည့်ပုံပင်။

ဒါရိုက်တာများ ထွက်ခွာသွားပြီးနောက် ရုံးခန်းထဲရှိ

ဒေါက်တာများအားလုံး

ရည်ရွက်ချက်ရှိရှိနှင့်သော်လည်းကောင်း ၊

သွယ်ဝိုက်၍သော်လည်းကောင်း

ပြိုင်တူကြည့်လိုက်ကြသည်။

သို့သော်လည်း လင်းရီကတော့ ထိုအကြည့်များကို

အလေးထားနေရန် အချိန်မရှိခဲ့ပါ။

အကြောင်းအရင်းမှာတော့ သူ၏ စိတ်ထဲတွင် စနစ်၏

အသိပေးချက်တစ်ခု ရောက်ရှိလာသောကြောင့်ပင်။

[လူနာတစ်ယောက်ကို ကုသပြီးပါပြီ..]

[ ဆုလဒ် : အတွေ့အကြုံမှတ် ၁၀၀,၀၀၀  ]

[ အလုပ်ပြီးမြောက်နှုန်း : ၁၀% ]

[ ဆုလဒ် : ဆရာအဆင့် ချုပ်ရိုးနည်းပညာ ]

စနစ်၏ အသိပေးချက်ကို ကြားသည့်အချိန်တွင်တော့ လင်းရီ၏ အမူအရာမှာ လေးနက်ခြင်းနှင့် သံသယပွားခြင်းတို့ ရောပြွန်းနေလေသည်။

ဆရာအဆင့် ချုပ်ရိုးနည်းစနစ်မှာ ဆရာအဆင့်မှတ်ဉာဏ်နည်းတူ အကျိုးသက်ရောက်ပုံခြင်း တူညီလောက်၏။

သို့သော်လည်း ဆုလဒ်မှာ ရွေးချယ်ရခြင်းမျိုးမဟုတ်ပဲ ချုပ်ရိုးစကေးတစ်ခုတည်းကိုသာလျှင် ချီးမြှင့်ထားလေသည်။

"စနစ်... ဒီရဲ့ဆရာအဆင့် ချုပ်ရိုးနည်းစနစ်က အံ့အားသင့်ဖို့တော့ ကောင်းလောက်ပါတယ်နော...."

"မှန်ပါတယ် စနစ်ရှင်..."

"ဒါပေမယ့် ဒီရဲ့နည်းစနစ်က ဘယ်လောက်တောင် အံ့သြဖို့ကောင်းလဲဆိုတာ သိချင်တယ်..."

"ကမ္ဘာ့အကောင်းဆုံးပါပဲ ..."

လင်းရီ လေးအေးတစ်ရှိုက် ရှူသွင်းလိုက်ရပြီး "ဆရာအဆင့် မှတ်ဉာဏ်လိုပဲ မဟုတ်ဘူးလား..."

"ဟုတ်ပါတယ်... ဒါပေမယ့် စနစ်ရှင်ရဲ့ ချုပ်ရိုးနည်းစနစ်ကပဲ ဆရာအဆင့်မှာပါ... ကျန်တဲ့ ဆေးပညာ ကျွမ်းကျင်မှုတွေကတော့ အခြေခံအဆင့်မှာပဲ ရှိနေတုန်းပါ စနစ်ရှင်...."

"အိုကေ နားလည်ပြီ..."

ဒီစနစ်ရဲ့စံနှုန်းက ဘာလို့ အဲ့လောက်တောင် မြင့်နေတာလဲဟ...

ပညာရှိ ဉာဏ်ပညာမှ ပေးအပ်ထားသည့်
ကျွမ်းကျင်မှုတို့မှာ စနစ်၏ မျက်လုံးထဲတွင်တော့
အခြေခံ အဆင့်များသာ ဖြစ်နေလေသည်။

ဆရာအဆင့်ကသာလျှင် ၎င်း၏ မျက်လုံးထဲ၌
ကျွမ်းကျသည်ဟု သတ်မှတ်ထားပုံရ၏။

သူဦးနှောက်ထဲရှိ မှတ်ဉာဏ်များကို ခံစားရင်း လင်းရီ
ဤနည်းစနစ်မှာ မျက်လုံးဖမ်းစားနိုင်ခြင်းမရှိသော်လည်း
ချုပ်သည့်နည်းလမ်း အမြောက်အများတော့ရှိကြောင်း
သိရှိသွားခဲ့သည်။

အကယ်၍ သာသာ ယခုနည်းစနစ်ကို စော၍
တတ်မြောက်ခဲ့မည်ဆိုပါက လင်းရီ၏ ချုပ်ရိုးမှာ
တစ်ဆင့်တက်သွားပေတော့မည်။

ချုပ်ရိုးနှင့် ပတ်သက်၍ နားလည်မှုများ မြင့်တက်လာချိန်တွင်တော့ လီချူးဟန်ကိုယ်တိုင်ပင် လူနာ၏ အဆီနှင့် ကြွက်သားများကို ချုပ်စဉ်က အမှားများ ပြုလုပ်ခဲ့မိကြောင်း လင်းရီသိရှိသွားခဲ့သည်။ သို့သော်လည်း ထိုအမှားများမှာ မပြောပလောက်သည့် အမှားများသာ ဖြစ်ပြီး လူနာ၏ ကျန်းမာရေးကိုတော့ ထိခိုက်စေနိုင်ဖြင်း မရှိချေ။

သို့သော်လည်း ရင်ဘက် သို့မဟုတ် ဦးခေါင်းခွံ အစရှိသည့် အစိတ်အပိုင်းများကို ချုပ်မည်ဆိုလျှင်တော့ မည်သည့်အမှားမျှ ပြုလုပ်၍ မရပါ။

"လင်းရီ.... "

ထိုအကြောင်းများ စဉ်းစားနေတခိုက် လင်းရီ လီချူးဟန်၏ ခေါ်သံကို ကြားလိုက်ရသည်။

"ဒေါက်တာလီ ပြောစရာရှိလို့လားဗျ...."

"လာခဲ့.... ငါနင့်ကို ပြောစရာရှိတယ်..."

"အိုကေ...."

သို့နှင့် လင်းရီ ဒေါက်တာလီနောက် လိုက်သွားရင်း လှေကားထစ်နားသို့ ရောက်ရှိလာခဲ့သည်။

"ဒေါက်တာလီက ဘာလည်း ပြောချင်နေတာ..."

"နင့်ကို ချုပ်ရိုးနည်းစနစ်တွေ ဘယ်သူသင်ပေးလိုက်လဲဆိုတာ ငါသိချင်တယ်....."

လီချူးဟန် သူမ သိလိုသည်ကို တန်းသွားလိုက်သည်။

"ငါ ဒီနှစ်တွေထဲမှာ ဒေါက်တာ အသစ်လေးတွေ အများကြီးနဲ့ ကြုံဖူးတယ်... ဒါပေမယ့် နင့်လောက် ဘယ်သူကမှ လက်ရာသေသေသပ်နဲ့ အနာကို မချုပ်နိုင်ကြဘူး... နင်က အသစ်မှ ဟုတ်ရဲ့လားလို့တောင် သံသယ ဝင်မိတော့မယ်သိလား...."

"အဲ့လောက်ကြီးလည်း မဟုတ်ပါလူး ဒေါက်တာလီရယ်....ဒီတိုင်း ချုပ်တာလေးတင်ပါ... ရေးကြီးခွင်ကျယ်တွေ လုပ်မနေစမ်းပါနဲ့...."

"ဟမ့်...ငါကနင့်ကို တော်လို့ ချီးကျူးနေတာကို နင်က ငြင်းနေတုန်းပေါ့လေ...."

"ဘယ်တတ်နိုင်မှာ... နိမ့်နိမ့်ချချနေလို့ ဒေါက်တာလီပဲ ပြောထားတယ်မဟုတ်ဘူးလား...."

လီချူးဟန်မှ ခေါင်းကို အနည်းငယ် မော့လိုက်ပြီး "ငါနင့်ကို တစ်နေရာ ခေါ်သွားပေးမယ်... နင်သွားရဲလား..."

"ဘယ်ကိုလဲ..."လင်းရီ မေးလိုက်သည်။

"ဘာလို့ မေးခွန်းတွေ အများကြီး လာမေးနေတာ.. နင် သွားရဲလား မသွားရဲဘူးလား ဒါပဲပြော...."

"သွားရဲတာပေါ့...မသွားရဲစရာ ဘာအကြောင်း ရှိလို့လဲ..."

"အဲ့တာဆို ငါနဲ့လိုက်ခဲ့.... "
လီချူးဟန် ပြောပြီး ရှေ့မှ သွားနှင့်လိုက်၏။

လင်းရီ လျှာတစ်ချက် စုတ်သပ်လိုက်သည်။

ဒီရဲ့ အေးစက်စက်နိုင်တဲ့ ဒေါက်တာမလေးက ငါ့ကို
အတင်းဆွဲစားတော့မှာတော့
မဟုတ်လောက်ဘူးမလား....

လီချူးဟန်၏ ဦးဆောင်မှုနှင့် အတူ
လင်းရီတို့နှစ်ယောက် ဓာတ်ခွဲခန်းသို့ ရောက်ရှိလာခဲ့၏။

"ဒေါက်တာလီ... သူက ဆရာဝန်အသစ်လေးလား..."

ပခုံးလောက်ရှိသည့် ဆံကေနှင့် စွန်းလီကျူးဆိုသည့် အမျိုးသမီးမှ ကြင်နာသည်သာသည့် အပြုံးလေးဖြင့် မေးလာခဲ့သည်။

"သူက ဒေါက်တာအသစ်လေး ..ပြီးတော့ ဒီနေ့မှ အလုပ်စဆင်းတာ....ကျွန်မက သူ့ရဲ့တာဝန်ခံပဲ.... "

"အစ်မစွန်း... ကျွန်မကို
နာ့ဖ်ကြောမျှင်တွေနဲ့  သွေးကြောတစ်စုံ
ပြင်ထားပေးဦး... သူ့ကို စမ်းသပ်ချင်လို့.... "

"မဖြစ်နိုင်တာ...ဒေါက်တာလီက သူ့ကို နာ့ဖ်ကြောနဲ့ သွေးကြောတွေကို ချုပ်ခိုင်းချင်နေတာလား...."
အစ်မစွန်းမှ ဆွံ့အသွားခဲ့ပြီး

"ပုံမှန်ဆို ဒီလိုချုပ်နိုင်ဖို့က ငါးနှစ်လောက် အတွေ့အကြုံရှိနေမှနော်... သူ့ကို ခုချက်ချင်းကြီး စမ်းခိုင်းတော့မလို့လား...."

"ဒီရဲ့ဒေါက်တာအသစ်လေးက ပုံမှန်မဟုတ်လို့လေ... ကျွန်မလည်း သူ့ရဲ့လယ်ဗယ်ကို သိချင်နေတာနဲ့ စမ်းကြည့်ခိုင်းဖို့ ဆုံးဖြတ်လိုက်တာ.... "

"ဒါကြီးက နည်းနည်းတော့ များသွားပြီ... ဒီဆေးရုံမှာ နင့်ထက်ပိုတော်တဲ့သူ ရှိတယ်ဆိုတာ ငါမယုံဘူး.. ပြီးတော့ သူက နည်းနည်းလေး ရုပ်ချောတယ်ဆိုပေမယ့် တအား ငယ်လွန်းသေးတယ်...."

အခန်း (၁၈၁)

## ပြီးပြည့်စုံသည့် ချုပ်ရိုး

"ကျွန်မလည်း မယုံဘူးလေ.. အဲ့တာကြောင့် သူ့ရဲ့ စကေးကို စမ်းသပ်ကြည့်မလို့...."

အစ်မစွန်းမှ လင်းရီကို ပြုံးလျက် ကြည့်လိုက်ပြီး
 "မောင်ငယ်လေး... နင် ဒေါက်တာစွန်းကို အပြစ်ပြုထားတာလား... သွား...အော်ဇီစမန်းတပ်စ်ကိတ်သွားဝယ်ပြီးတော့ ပြန်တောင်းပန်လိုက်...."

"ဒီတော့ ဒေါက်တာလီက အော်ဇီစမန်းတပ်စ်ကိတ် ကြိုက်တယ်ပေါ့...ကျွန်တော် အားတဲ့ချိန်ကျ

တစ်ခုလောက် ဝယ်ခဲ့ပေးဦးမှပါ...."လင်းရီ ပြောလိုက်သည်။

"နင့်ဘာနင် ဝယ်ချင်ဝယ်... စစ်ဆေးမှုကိုတော့ ရှောင်လွှဲလို့မရဘူး...."

လီချူးဟန် ပြောလိုက်ပြီး "အစ်မစွန်း... ကျေးဇူးပြုပြီး နှာဖ်ကြောမျှင်နဲ့ သွေးကြောတစ်စုံလောက် ပြင်ဆင်ထားပေးစမ်းပါ... အသုံးပြုခကိုတော့ နှလုံးအထူးကုဌာန အသုံးစရိတ်ထဲ ထည့်ပေါင်းထားလိုက်...."

"ဒေါက်တာလီ .. နင့်ကြောင့်မလို့သာ ငါဒီလောက် အလုပ်ရှုပ်ခံပေးနေတာနော်... ကျန်တဲ့သူဆိုရင်တော့ တာ့တာပဲ...."

"ကျေးဇူးပါ အစ်မစွန်း...."

"ဘာလို့ ကျေးဇူးလာတင်နေတာ... ဒီမှာစောင့်နေ...."

ထိုသို့ ပြောပြီးနောက် သူမ လှည့်ထွက်သွားခဲ့သည်။ မိနစ်အနည်းငယ်ကြာပြီးနောက်  လက်ဗလာဖြင့် ပြန်ရောက်လာခဲ့လေသည်။

"ဘာဖြစ်လို့လဲ... ပစ္စည်းပြတ်သွားတာလား..."

"ဟင့်အင်း... ငါကလည်းလေ ပြောဖို့မေ့နေတာ... အီလက်ထရွန် မိုက်ခရိုစကုပ်က ပျက်နေတာ... အသစ်မှာထားတာကလည်း ခုထိလာမပို့သေးဘူး...တကယ်လို့ နင်သူ့ကို ဒီနေ့

စစ်ဆမယ်ဆိုရင်

မဖြစ်နိုင်လောက်တော့ဘူးနော....မိုက်ခရိုစကုပ်က

နောက်သုံးရက်လောက်နေမှရမှာ ဆိုတော့ နင်အဲ့ခါကျမှ

ထပ်လာခဲ့လိုက်လေ...."

အဘယ်ကြောင့်ဆိုသော် နာ့ဖ်ကြောလေးများမှာ

သေးငယ်လွန်းလှပြီး သာမန်မျက်စိနှင့် မြင်ရန်

ခက်ခဲလှသည်။ ထို့ကြောင့် စွမ်းအားမြင့်

အီလက်ထရွန်မိုက်ခရိုစကုပ်ကို

အသုံးပြုကြရခြင်းဖြစ်၏။

အထူးသဖြင့်တော့ မျက်လုံးခွဲစိတ်မှုများတွင်

အီလက်ထရွန်မိုက်ခရိုစကုပ် မပါရှိပါက

ခွဲစိတ်ရန်အလို့ငှာ မဖြစ်နိုင်ပါ။

"အဲ့တာဆိုလည်း နောက်သုံးရက်လောက်နေမှ
ထပ်လာခဲ့ရတာပေါ့ ...ကျေးဇူးနော် အစ်မစွန်း...."

"အချင်းချင်းတွေကိုပဲ.. အဲ့လောက်ကြီး
ယဉ်ကျေးနေစရာ မလိုပါဘူးဟယ်....."

"အဟွတ် အဟွတ်... ဒေါက်တာလီ.. တကယ်တော့
အီလက်ထရွန်မိုက်ခရိုစကုပ် မရှိလည်းရတယ်...
ရိုးရိုးမိုက်ခရိုစကုပ်ရှိရင် လုံလောက်ပြီ...."

လီချူးဟာန်နှင့် အစ်မစွန်းတို့ ကြက်သေသေသွားကြ၏။

"ဘာပြောလိုက်တယ်.... နင်က နှာဖ်ကြောတွေနဲ့ သွေးကြောတွေကို သာမန် မိုက်ခရိုသကုပ်နဲ့ ချုပ်လို့ရတယ်...."

"အင်း အဲ့လိုပြောလို့ရတယ်... ဘာပဲဖြစ်ဖြစ် စမ်းကြည့်တာပေါ့... ကျွန်တော်သာ သေချာလေးချုပ်နေသရွေ့ကတော့ လူမသေလောက်ပါဘူး...."

"ဒေါက်တာလီ.... နင့်ရဲ့ဆရာဝမ်အသစ်ကလေးက လည်း တော်ရုံတန်ရုံ ယုံကြည်မှု လွန်ကဲနေတာတော့မဟုတ်ဘူးနော်...."

စွန်းလီကျူးမှာ စစချင်းတော့ လင်းရီ၏ ချောမောခန့်ညားသည့် ရုပ်ရည်ကို မြင်တွေ့လိုက်ပြီး

အထင်မြင်ကောင်းများ ရှိခဲ့၏။ သို့သော်လည်း ငနဲမှာ ဆရာဝန်များကို စော်ကားရာ ရောက်သည့် အပြုအမူများကို ပြုလုပ်လာလေသည်။ ထိုကဲ့သို့ ပုံစံမျိုးမှာ သူမ မနှစ်သက်ဆုံး အမျိုးသားပုံစံ ဖြစ်၏။ ဒေါက်တာလီပင်လျှင် လင်းရီ၏ အသက်အရွယ်၌ နှာဖ်ကြောမျှင်များနှင့် သွေးကြောတို့ကို ချုပ်နိုင်ခြင်း မရှိခဲ့ချေ။

'အဲ့တာကို သူက လုပ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား...ပြီးတော့ သာမန်မိုက်ခရိုစကုပ်နဲ့ ချုပ်မယ်တဲ့...'

"သူက စမ်းကြည့်မယ် ပြောနေတော့လည်း
ကြိုးစားကြည့်ခိုင်းလိုက်လေ... ဘာပဲပြောပြော
ပစ္စည်းတွေကလည်း ဈေးကြီးနေတာမှ မဟုတ်တာ...."

"ဟင်း... နင်က အဲ့လိုပြောနေမှတော့ ငါသူ့အတွက်
ပစ္စည်းတွေ သွားယူလာခဲ့ပေးမယ်..."
အစ်မစွန်းမှ ပြောလိုက်သည်။

သူမ ဆန္ဒမရှိသော်လည်း ဒေါက်တာလီ၏
မျက်နှာကြောင့် သရုပ်သကန်တုပဖန်တီးထားသည့်
ပစ္စည်းများကို ယူဆောင်လာခဲ့သည်။

ထို့ပြင် သာမန်မိုက်ခရိုစကုပ် တစ်ခုလည်း
ပါလာခဲ့သေး၏။

"ပစ္စည်းတွေတော့ စုံပြီ... နင်စမ်းကြည့်ကြည့်..."

"အိုကေ...."

လင်းရီယခုလို တုပထားသည့် ပစ္စည်းကို အသုံးပြုသည်မှာ ပထမဆုံးအကြိမ်ဖြစ်သော်လည်း ဆရာအဆင့် ချုပ်ရိုးနည်းစနစ်ကြောင့် မည်သည့်အမှားမျှ ပြုလုပ်ခြင်း မရှိချေ။

သူ လွယ်ကူစွာဖြင့် ဆောင်ရွက်သွားခဲ့၏။

လီချူးဟန်နှင့် စွန်းလီကျူးတို့ကတော့ လင်းရီ လုပ်ဆောင်နေသည်ကို အနှောင့်အယှက် မဖြစ်စေရန် တစ်မီတာခန့် ခွာလျက်နေသည်။

"ဒါရိုက်တာစွန်း.. ဘာတွေလဲလုပ်နေတာ..."

ပစ္စည်းကိရိယာများ ထားသိုသည့် အခန်းထဲမှ လူများရောက်ရှိလာပြီး ဘာဖြစ်နေလဲဆိုတာ စပ်စုကြတော့၏။

"ဒေါက်တာလီက ဆရာဝန်အသစ်လေးရဲ့စကေးကို စမ်းသပ်ချင်လို့ဆိုပြီး သွေးကြောတွေကို ချုပ်ခိုင်းနေတာလေ...."

"အမ်... အီလက်ထရွန်မိုက်ခရိုစကုပ်က ပျက်နေတာမဟုတ်လား...ဘယ်လိုလုပ်ပြီး စမ်းသပ်လို့ရမှာ...."

စွန်းလီကျူး ပခုံးတွန့်လိုက်ပြီး "သူပြောတာတော့ သာမန်မိုက်ခရိုစကုပ်နဲ့လည်း ရတယ်တဲ့...."

"လုံးဝမဖြစ်နိုင်ဘူး... ဒါကြီးကတော့ ချဲ့ကားလွန်းသွားပြီ...."

မျက်မှန်တပ်ထားသည့် ဒေါက်တာမှာ လင်းရီကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး "မဖြစ်နိုင်လိုက်တာ...ဆရာဝန်အသစ်က ဒီလောက်တောင် ငယ်တယ်တဲ့လား...."

"ငါလည်း ကြားနေတယ်လို့ထင်တာပဲ... ဒါပေမယ့် သူကိုက လုပ်နိုင်တယ် ပြောနေမှတော့ စမ်းကြည့်ကြည့်ခိုင်းလိုက်တာ...."

"လာနောက်နေတာလားဟ..."အမျိုးသား ဆရာဝန်မှ ပြောလိုက်ပြီး "ဒေါက်တာလီရဲ့ အရည်အချင်းတွေနဲ့တောင်မှ သူ့အရွယ်တုန်းက သွေးကြောတွေကို မချုပ်နိုင်သေးဘူး... ဟုတ်တယ်မလား...ပြီးတော့ သူကခု သာမန်မိုက်ခရိုစကုပ်ကိုပဲ သုံးနေတာနော်....ဒီရဲ့ ဒေါက်တာလေးက အရမ်းကို ယုံကြည်မှုလွန်ကဲလွန်းတာပဲ...."

"ငါလည်း အဲ့လိုထင်တာပဲ...."စွန်းလီကျူးမှ ပြောလိုက်ပြီး "ဒါပေမယ့်လည်း ဒါပေမယ့်ပေါ့... အဲ့ပစ္စည်းတွေကလည်း ပိုက်ဆံဘယ်လောက်မှ မပေးရတာ... ကလေးတွေက မီးပူတာကို

ကိုယ်တိုင်ကိုင်ကြည့်ဖူးမှ ယုံကြတာလေ... သူ့ကို
ကြိုးစားကြည့်ခိုင်းလိုက်တာလည်း မမှားပါဘူး...."

"သဘောတူတယ်....."

"ရပြီ.. အိုကေသွားပြီ.... " ချုပ်ပြီးနောက် လင်းရီ
လေများ မှုတ်ထုတ်လိုက်သည်။

"ဘာ....ပြီးသွားပြီ...."

စွန်းလီကျူး မနေနိုင်ပဲ အော်ဟစ်မိသွားသည်။ သူမနှင့်
လီချူးဟန်တို့ ရှော့ခ်ရစွာဖြင့် အကြည့်ချင်း
ဖလှယ်မိလိုက်ကြ၏။

"နင်သေချာလုပ်ခဲ့တာတော့ ဟုတ်ပါတယ်နော်...
လျှောက်လုပ်ထားတာတော့ မဟုတ်ဘူးမလား...."

"ကိုယ်တိုင်လာကြည့်လိုက်လေ..."လင်းရီ ပြုံးလျက်
ပြောလိုက်သည်။

 သုံးယောက်လုံး ရှေ့တိုးကြည့်လိုက်ကြပြီး လင်းရီ
နှာဖ်ကြောမျှင်များနှင့် သွေးကြောတို့ကို
ချုပ်ထားသည်ကိုမြင်တော့ အံ့အားသင့်သွားခဲ့ကြသည်။

ချုပ်ရိုးမှာ သူတို့စွမ်းဆောင်လျှင်ပင်
မရနိုင်လောက်သည်အထိ သေသပ်လှပလွန်းလှ၏။

အရေးကြီးဆုံးအချက်ကတော့ လင်းရီမှာ သာမန်မိုက်ခရိုစကုပ်ကိုသာလျှင် အသုံးပြုသွားခြင်းပင်။

ယင်းက မယုံကြည်နိုင်ဖွယ်ရာ ကောင်းလွန်းလှ၏။

"နင်.... နင်ဒါ ဘယ်လိုလုပ်လိုက်တာ..." လီချူးဟန် လင်းရီကို ပြူးကျယ်စွာ ငေးမောလျက် မေးမြန်းလိုက်သည်။ လင်းရီ ယခုလို ပြုလုပ်နိုင်လိုက်သည်ကို သူမ မယုံကြည်နိုင်ဖြစ်နေသေး၏။

"ဒီတိုင်း တစ်ကြိမ်ကို တစ်ချက်ချုပ်တာလေ...."လင်းရီ ချက်လက်ကျကျဖြင့် ပြောလိုက်ပြီး "ဘာမှ

မော်ဆန်နေတာလည်း မဟုတ်ပါဘူးဗျာ...
အဲ့လောက်ကြီး အံ့အားသင့်မနေစမ်းပါနဲ့...."

လင်းရီ၏ ချုပ်ရာများကို ပြန်ကြည့်လိုက်သောအခါ
လီချူးဟန် တိတ်ဆိတ်သွားခဲ့သည်။

ဆေးရုံတွင် နာ့ဖ်ကြောမျှင်များနှင့် သွေးကြောများကို
ချုပ်နိုင်သူ အများအပြားရှိသော်လည်း လင်းရီကဲ့သို့
ကောင်းမွန်စွာ ချုပ်နိုင်သည့်သူကတော့
မရှိသလောက်နည်းပါးသည်။ ယုတ်စွအဆုံး သူမပင်
ထိုသို့ မစွမ်းဆောင်နိုင်ချေ။ ဆေးရုံ၏
အတော်ဆုံးဆရာဝန် ဒါရိုက်တာသွမ်းပင်လျှင်
လင်းရီအောက် မဆိုစလောက်လေး နိမ့်နိုင်လောက်၏။

"ဒေါက်တာလီ... ကျွန်တော် ခင်များရဲ့စာမေးပွဲကို အောင်သွားပြီလား... "

"ပြန်ချုပ်ပြ... နင်ဘယ်လိုလုပ်လဲဆိုတာ ငါကြည့်ချင်တယ်...."

လင်းရီ ပြုံးလိုက်ပြီး "သင်ချင်လို့လား...."

"ဟုတ်တယ်...."

လီချူးဟန် ဟန်ဆောင်ခြင်းမရှိ ခေါင်းညိမ့်လိုက်၏။

ထိုသို့ပြုလုပ်လိုက်ခြင်းဖြင့် သူမ လင်းရီကဲ့သို့ မစွမ်းနိုင်ကြောင်း ဝန်ခံလိုက်သည့် သဘောပင်။

ဒေါက်တာလီမှာ အရည်အချင်းရှိသည့် ဆရာဝန်တစ်ယောက်ဟု ဆိုထိုက်ပါပေသည်။

"ခဏစောင့်... ကျွန်တော် နောက်တစ်စုံလောက် ထပ်သွားယူလိုက်ဦးမယ်..."

စွန်းလီကျုးမှ သူမ၏ ဝန်ထမ်းများကို နောက်ထပ် သရုပ်သကန် တုပထားသည့် ပစ္စည်းများ ယူလာရန် အမိန့်ပေးလိုက်သည်။

လင်းရီကတော့ စကားတစ်ခွန်းမျှ မဆိုပဲ သူ၏ လုပ်ငန်းကို စတင်ဆောင်ရွက်တော့၏။

လီချူးဟန်နှင့် ကျန်သူများကတော့ သူတို့မျက်လုံးကို ပြူးကျယ်နေအောင် ဖွင့်ထားကြလေသည်။

ဤတစ်ကြိမ်တွင်တော့ လင်းရီ၏ လက်ရည်မှာ ပို၍ထက်မြိုလာပြီး ရှေ့တစ်ခေါက်ကထက် ပိုမို မြန်ဆန်နေတော့၏။

 သွေးကြောများကို ချုပ်နေစဉ်ကာလအတွင်း လင်းရီ မည်သည့်အပိုလှုပ်ရှားမှုမျိုးကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပဲ တိကျသည်ဟူသော စကားလုံး၏ အနက်ကို ပြီးပြည့်စုံစွာ သရုပ်ဖော်သွားလေသည်။

၎င်းကလည်း ခွဲစိတ်သည့် နေရာတွင် အရေးကြီးဆုံးအချက်ပင်။ အဘယ်ကြောင့်ဆိုသော် တစ်စက္ကန့်ချင်းဆီတိုင်းက လူနာ၏ အသက်ကို ကယ်တင်နိုင်သောကြောင့်ပင်တည်း။

"ပြီးပြီ..."လင်းရီ ပြောလိုက်၏။

ပြီးပြည့်စုံစွာ ချုပ်ထားသည့်
သွေးကြောမျှင်များကိုကြည့်ရင်း လီချူးဟန်မှာ
အံ့အားသင့်လျက် တွေဝေမိန်းမောနေလေသည်။
ရင်သပ်ရှုမောဖွယ် အနုပညာ တစ်ခုကို
ကြည့်နေရသည့်အလားပင်။

"နင် ချုပ်တဲ့ အချိန်တုန်းက ဘာလို့ လက်ညိုးနဲ့
လက်မကိုပဲ သုံးသွားတာ...."

ထိုမေးခွန်းမှာ လီချူးဟန် စလာကတည်းက
မေးချင်နေသည့် မေးခွန်းပင်။

"ဘာလို့လဲဆိုတော့ ကျွန်တော်က တကယ့်
ခွဲစိတ်မှုတွေပြုနေသလိုမျိုး မြင်ယောင်ပြီးတော့
ချုပ်တာလေ...."
လင်းရီ ပြောလိုက်ပြီး "လူနာရဲ့အခြေအနေတွေက
ထောင်သောင်းမက ရှိနိုင်တယ်...လှုပ်ရှားလို့
အဆင်မပြေတဲ့နေရာတွေကျ ဒီလိုနည်းလမ်းကို
အသုံးပြုပြီး ချုပ်လို့ရတယ်...."

"ဒါပေမယ့် ဒီလိုမျိုး ချုပ်ရတာကြီးက
ပျင်းဖို့တော့ကောင်းတယ်..ဘာလို့ဆို ဘေးမှာ
ဘာသွေးမှလည်း မရှိဘူးဆိုတော့ အားလုံးက
ရှင်းရှင်းလင်းလင်းပဲ...တကယ့်တကယ်
ခွဲစိတ်မှုတွေလုပ်ရင်တော့
အီလက်ထရွန်မိုက်ခရိုစကုပ်ကို သုံးပေးသင့်တယ်...."

အခန်း (၁၈၄)

**ဒါရိုက်တာလင်း ၊ ခင်များက ကျွန်တော်တို့မျိုးဆက်ရဲ့ လေးစား အတုယူဖွယ်ရာပါပဲဗျာ....**

“နင်က တကယ့်ခွဲစိတ်မှုကို မြင်ယောင်ပြီးတော့ ချုပ်နေတာ.....”

လီချူးဟန် သူမ ခံစားချက်များကို မည်သို့ ဖော်ပြရမလဲဆိုတာ မသိတော့ချေ။ မယုံနိုင်စရာကောင်းသည်ဟုသာ ဆိုနိုင်တော့သည်။

အစကတော့ သူမ လင်းရီ၏ ကိုယ်ပိုင်ဟန်ဖြစ်မည်ဟု ထင်မှတ်ထားခဲ့၏။သို့သော်လည်း ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခြင်းဖြစ်လိမ့်မည်လို့ ထင်မှတ်မထားချေ။

အကယ်၍ သူမသာ
သာမန်ဒဏ်ရာချုပ်သည့်ပန်ဝန်းကျင် နှင့် တိကျသည့် အီလက်ထရွန်မိုက်ခရိုစကုပ်ကိုသာ
ပေးလိုက်မည်ဆိုပါက ရလဒ်များမှာ ပို၍
ကောင်မွန်နိုင်လိမ့်မည် မဟုတ်ပါလော။

“ဒီနေ့ကစပြီးတော့ နင်က ငါ့ရဲ့လက်ထောက်ပဲ.....
ငါ့ခွဲစိတ်ခန်း ဝင်တဲ့အချိန်တိုင်း နင်လိုက်ခဲ့ရမယ်.....”
လီချူးဟန်မှ ပြောလိုက်၏။

“ကျွန်တော် ရာထူးတိုးသွားတာလား.....”

“ခစ်ခစ် နင် ငတုံးလေးကတော့…..” စွန်းလီကျူးမှ ပြောလိုက်ပြီး “ဒေါက်တာလီက ဟွာရှန်းဆေးရုံက အလှနတ်သမီးလေးနော်……နင် ရာထူးတိုးရုံတင်ဘယ်ကမှာ … ဒေါက်တာလီနဲ့ အတူတူ အလုပ်လုပ်ဖို့ အခွင့်အရေး ရတယ်လို့တောင် ပြောလို့ရတယ်….”

"အဲ့လိုဆို ကောင်းတာပေါ့..."

စွန်းလီကျူးမှ ထိုလေသံဖြင့် စနောက်လိုက်သော်လည်း လီချူးဟန်၏ မျက်နှာအမူအရာကတော့ တစိုးတစိမျှ ပြောင်းလဲခြင်းမရှိ။ သူမ ဂရုစိုက် မစိုက်ကို ပြောပြရန် ခက်ခဲလေသည်။

တစ်ခါတစ်ရံ လီချူးဟန်မှာ စက်ပစ္စည်းတစ်ခုကဲ့သို့ အေးစက်တည်ငြိမ်လှပြီး လင်းရီ သူမ၏ ခံစားချက်များကို ဖတ်၍မရချေ။ သူမကဲ့သို့ အကျင့်စာရိတ္တရှိသူမျိုးကတော့ ဆေးရုံပတ်ဝန်းကျင်နှင့် အကိုက်ညီဆုံးပင်။

"နင် နေ့လည်စာ စားပြီးပြီလား.. ငါ တစ်ခုခုသွားမှာရင်း နင်နဲ့ ဆွေးနွေးစရာ ကိစ္စလေးလည်း ရှိလို့...." လီချူးဟန် ပြုံးလျက် ဆိုလိုက်သည်။

အကယ်၍ တစ်စုံတစ်ယောက်မှ ထိုသို့ ပြောလာမည်ဆိုပါက သူနှင့် ပရောပရီလုပ်ချင်လို့ဟူ၍ လင်းရီ သံသယ ဝင်မိပေလိမ့်မည်။ သို့သော်လည်း လီချူးဟန်၏ နှုတ်မှထွက်လာသည့်

စကားလုံးတို့ကတော့ အမှန်တကယ် သန့်စင်ပေသည်။
သူမ သူနှင့် အမှန်တကယ်ကြီး
နေ့လည်စာအတူစားချင်နေပုံပင်။

"နင် ငတုံးကောင်လေး ဘာတွေ တွေဝေနေတာ..."
စွန်းလီကျူး နောက်မှ တံတောင်ဖြင့် တွတ်လိုက်ပြီး
"ငါနင့်ကို ပြောပြမယ်... ဒေါက်တာလီက ဒီမှာ
အလုပ်လုပ်တာ နှစ်နှစ်ကျော်နေပြီနော်... သူမ
ဒါပထမဆုံးအကြိမ် ဆန့်ကျင်ဘက်လိင်ကို
ထမင်းအတူစားဖို့ ဖိတ်ခေါ်တာပဲ....အပြင်က
မှာစားတယ်ဆိုရင်တောင်မှ နင်တန်ဖိုး
ထားသင့်တယ်...."

"အဲ့လိုဆိုရင် ကျွန်တော်ကပဲ ဂုဏ်ယူစွာနဲ့
ဒေါက်တာလီရဲ့ဖိတ်ခေါ်မှုကို လက်ခံပါရစေ..."လင်းရီ
အပြုံးလေးဖြင့် ပြောလိုက်ပြီး "ဒါပေမယ့်
ကျွန်တော်ကပဲ ဝယ်ကျွေးလိုက်မယ်လေ...
အမေကပြောထားတယ် မိန်းမလှလေးတွေကို ပိုက်ဆံ
မရှင်းခိုင်းရဘူးတဲ့....."

စွန်းလီကျူး လက်မထောင်ပြလိုက်၏။
"နင့်အမေက အရမ်းတော်တာပဲ...."

"အဲ့တာဆိုလည်း နောက်တစ်ခေါက်ကျ ငါ
ဝယ်ကျွေးရတာပေါ့...."

လီချူးဟန် နေ့လည်စာကျွေးမယ့်ကိစ္စနှင့် စပ်လျဉ်း၍ များစွာ အချိန်ဖြုန်းမနေတော့ပဲ သူမဖုန်းကို ထုတ်ကာ ဝီချက် QR ကုတ်ကို ပြလိုက်သည်။

"ဒါက ငါ့ရဲ့
ဝီချက်ခ်အကောင့်ပဲ...အပ်ထားလိုက်...နောက်ဆိုရင် ဘာပဲလိုလို ဆက်သွယ်ရ လွယ်ကူသွားတာပေါ့...."

"အိုကေ....."

ဝီချက်အပ်ပြီးနောက် လင်းရီ ဝမ်ထျန်းလုံထံ ဖုန်းဆက်၍ နေ့လည်စာ လာပို့ပေးရန် မှာကြားလိုက်သည်။

"နင် ရုံးခန်းနံပါတ် ၈၀၉ ကို သွားပြီးတော့
အဲ့မှာစောင့်နေလိုက်... ငါလုပ်စရာလေးတစ်ခုရှိသေးလို့
ပြီးရင် နင့်နောက် လိုက်လာခဲ့လိုက်မယ်...."

"ကောင်းပါပြီ..."လင်းရီ ခေါင်းညိမ့်လိုက်၏။

ထို့နောက် လီချူးဟန်၏ လမ်းညွှန်မှုအတိုင်း လင်းရီ
ရုံးခန်းနံပါတ် ၈၀၉ သို့ ရောက်လာခဲ့သည်။ ရုံးခန်းမှာ
ကြီးတော့ မကြီးချေ။ ကွန်ပျူတာ တစ်လုံးနှင့်
ပရင်တာတစ်လုံးတည်းတာရှိပြီး လီချူးဟန်၏ အခြား
ပစ္စည်းများလည်း ရှိနေသေးသည်။

ရုံးခန်းတစ်ခုဟု ဆိုသည်ထက် ယာယီနားနေခန်းဟု
အသုံးပြုပါက ပို၍ သင့်လျော်ပေမည်။

ဤနားနေခန်းမှတစ်ဆင့် ဟွာရှန်းဆေးရုံမှာ အခြားသောဆေးရုံများနှင့် မတူညီကြောင်း မြင်တွေ့နိုင်လေသည်။ ကျန်သည့် ဆေးရုံများတွင်တော့ ရုံးခန်း အကျယ်ကြီးတစ်ခုသာ ပေးထားပြီး ဌာနဒါရိုက်တာများ အားလုံးမှ ထိုရုံးခန်းထဲတွင် နားနေကြရသည်။

သို့သော်လည်း ဟွာရှန်းဆေးရုံကတော့ ကိုယ်ပိုင်နားနေခန်းတစ်ခုတောင် ချပေးထား၏။ ယင်းက အထင်ကြီးလောက်စရာပင်။

နာရီဝက်ကြာပြီးနောက် လီချူးဟန် သူမလက်မောင်းထဲတွင် စာဖိုင်တစ်ထပ်လိုက်ကြီးကို သယ်ဆောင်လျက် အခန်းထဲသို့ ရောက်လာခဲ့သည်။

စားပွဲဆီသို့ တန်းသွားပြီး ချောမွေ့စွာဖြင့် ပစ္စည်းများကို ချလိုက်၏။

ထို့နောက် လင်းရီ ရှိနေသည်ကို ဂရုမထားပဲ သူမ နေနေကြပုံစံအတိုင်း ဒေါက်တာကုတ်အရှည်ကို ချွတ်၍ အင်္ကျီချိတ်သည့် နေရာ၌ ချိတ်လိုက်သည်။ အထဲတွင်တော့ ရိုးရှင်းသည့် NIKE တီရှပ်တစ်ထည်ကိုသာလျှင် ဝတ်ဆင်ထား၏။ လင်းရီ၏ စံနှုန်းများအရတော့ သူမ၏ ကိုယ်လုံးကိုယ်ပေါက်မှာ မဆိုးလှချေ။

ကြီးသည်ဟု မဆိုသာသော်လည်း  သေးသည်ဟုလည်း ပြော၍မရချေ။ ခန့်မှန်းကြည့်ရလျှင်တော့ လက်တစ်ဆုပ်စာ ပြည့်ပြည့်ဝဝတော့ ရှိလေသည်။

လင်းရီလည်း သူမ သတိမထားမိခင်
ချောင်းတစ်ချက်ဟန့်၍ မသိမသာ
အကြည့်လွှဲလိုက်တော့၏။

ထိုအချိန်တွင် ချလပ် မြည်သံနှင့်အတူ နားနေခန်း
တံခါးမှာ ပွင့်ဟလာခဲ့ပြီး နှစ်သုံးယောက်မှ
ရယ်ရယ်မောမောနှင့် နားနေခန်းထဲသို့ ရောက်လာခဲ့၏။

"ဒေါက်တာလီ ညီမတို့ ထိုင်စရာနေရာ မရှိတော့လို့
အစ်မနား ခဏလောက်....."

လင်းရီကို မြင်သည့်အချိန်တွင်တော့ သူမတို့
စကားတစ်ဝက်တစ်ပျက်ဖြစ်သွားခဲ့ပြီး
လင်းရီကိုတစ်လှည့် လီချူးဟန်ကိုတစ်လှည့်
ကြည့်နေကြ၏။

"အယ်..... ဒေါက်တာလင်းလည်း

ဒီရောက်နေတာလား.... ကျွန်မတို့

နှောင့်ယှက်မိပြီနဲ့တူတယ်...."

"ဘာမှ မဖြစ်ဘူး... လာလာ အတူထိုင်ပြီး

စားကြတာပေါ့..."

လီချူးဟာန် ယဉ်ကျေးစွာ ဆိုလိုက်သည်။

"တကယ် ဖြစ်ပါတယ်နော်...."ဆံပင်အရှည်နှင့် နာ့စ်မှ

မေးလိုက်၏။ ရင်ဘက်ရှိ တံဆိပ်တွင်တော့ ယွမ်စီးချီဟု

ရေးသားထားလေသည်။

လီချူးဟာန် ခေါင်းညိမ့်လိုက်၏။

"အနောက်စားပွဲပေါ်က ဖိုင်တွဲတွေကို
ပြတင်းပေါက်နားက ဒေါက်တန်းလေးပေါ်
တင်ထားလိုက်...အဲ့တာဆို နေရာလွတ်သွားပြီ...."

"ဒေါက်တာလီနဲ့ ဒေါက်တာလင်းတို့ကရော
စားပြီးကြပြီလား.... မစားရသေးရင် ဒီနေ့ ကန်သင်းက
အရသာရှိတဲ့ အသားညှပ်ပေါင်မုန့်တွေ လုပ်တဲ့နေ့လေ...
ညီမတို့ သွားဝယ်လာခဲ့ပေးမယ်.... "
ယွမ်စီချီးမှ ပြောလိုက်သည်။

"ဒေါက်တာလင်းက အော်ဒါမှာပြီးသွားပြီဆိုတော့
ထားလိုက်တော့...."

"အိုး... အဲ့တာဆို ဒီမှာပဲ စားကြမှာပေါ့နော်...."

"အင်း...."

လီချူးဟန်မှာ အေးစက်သည်ဟု
ထင်ရသော်လည်းသူမ၏
လုပ်ဖော်ကိုင်ဖက်များနှင့်တော့ ကောင်းမွန်သည့်
ပတ်သက်မှုများ ရှိလေသည်။ ပုံမှန်ဆိုလျှင် နှစ်များမှ
ဒေါက်တာများ၏ နားနေခန်းထဲသို့ အရမ်းကာရော
ဝင်လာရဲခြင်း မရှိကြချေ။

နှစ်သုံးယာက်မှာတော့ လင်းရီနှင့် မျက်နှာချင်းဆိုင်
ထိုင်ခုံတွင် ထိုင်၍ တိတ်ဆိတ်စွာ
စားသောက်နေကြပြီး  လင်းရီကိုလည်း မသိမသာ
အကဲခတ်နေကြ၏။

"ဒေါက်တာလင်းက အရမ်းယောကျ်ားပီသတာပဲနော်...
ငါသူ့ရဲ့ပော်မုန်းရန်တောင် ဒီထိ ရနေသလိုပဲ...."

"ငါ့အထင်တော့ နင့်နှာခေါင်းက
ပြဿနာရှိနေပြီထင်တာပဲ.... ရေမွှေးနံ့ကို ဘာတွေ
ဟော်မုန်းနံ့ရတယ် ပြောနေတာ...."

"ဒေါက်တာလင်းက ဘယ်လောက် ချောချော
ငါတို့အတွက် အလကားပဲ... ဒေါက်တာလီက သူ့ကို
သိမ်းပိုက်ပြီးသွားပြီ....."

"အင်း... ဘာပဲဖြစ်ဖြစ် ဒေါက်တာလီကလည်း
ငါတို့ဆေးရုံဝန်းရဲ့အလှနတ်သမီးလေးလေ...
သူတို့နှစ်ယောက်တွဲမယ်ဆိုရင်လည်း
လိုက်ဖက်တာပဲ...."

ယွမ်စီချီမှ ပြောလိုက်သည်။

"ငါတော့ ကောင်းတယ် မထင်ဘူးနော....
ထောက်ပံ့ပို့ဆောင်ရေးဌာနက လက်ထောက်
ဒါရိုက်တာသွမ့်ကလည်း ဒေါက်တာလီကို
လိုက်ပိုးပန်းနေတာကြာပြီ....တကယ်လို့ သူသာ
ဒီကိစ္စတွေ ရှာတွေ့သွားလို့ကတော့
ဘာတွေဖြစ်လာမလဲမသိဘူး.... "

"နင်ပြောတာလည်း
ဟုတ်သလိုတော့ရှိသား...ဒါရိုက်တာသွမ့်က
ချမ်းလည်းချမ်းသာတယ်... ဒီမှာလည်း
အာဏာအတော်အသင့်ရှိတယ်ဆိုတော့
ဒေါက်တာလင်းက ဒီနေရာမှာ တစ်ကွက်လိုသွားပြီ....."

"ကဲ ကဲ စားစရာရှိတာ စားကြ... ဒေါက်တာလီက ဒေါက်တာလင်းနဲ့ ဘာတွေဆွေးနွေးနေလဲမသိဘူး... တော်ကြာ အနှောင့်အယှက် ဖြစ်နေဦးမယ်....."

သို့နှင့် သုံးယောက်သား ဆိတ်ငြိမ်စွာဖြင့် စားသောက်လိုက်ကြသည်။

လီချူးဟန်မှ ဖိုင်တွဲတစ်ခုကို ယူလိုက်ပြီး "ငါနင့်နဲ့ ဆွေးနွေးစရာ ကိစ္စတစ်ခုရှိတယ်...ကြာမှာဆိုတော့ နင်နေ့လည် အနားယူတာကို အနှောင့်ယှက်ဖြစ်ရင် ဖြစ်သွားမှာ.... "လီချူးဟန်မှ ပြောလိုက်ပြီး " ညနေလောက်ကျမှ ဆွေးနွေးကြရင်ကော....."

"ရတယ်... ကျွန်တော်က အားအင်အပြည့်ပဲ
ဘာမှနေ့လည်တစ်ရေး
အိပ်နေစရာမလိုဘူး...ခုပြောလိုက်လည်းရတယ်...."

လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး "ငါ မနက်ဖြန်ကျရင်
အရေးကြီးတဲ့ ခွဲစိတ်မှုတစ်ခု ပြုရမယ်...ဒါပေမယ် အဲ့ဒီ
ခွဲစိတ်မယ့် လုပ်ငန်းစဉ်ကို စဉ်းစားထားတာ
အခေါက်ပေါင်း မနည်းတော့ဘူးဆိုပေမယ့်
ချုပ်တဲ့အပိုင်းကျ လုံလောက်အောင်
မကောင်းမွန်သေးဘူးလို့
ခံစားနေရသလိုပဲ...မတော်လို့များ တစ်ခုခုဖြစ်သွားခဲ့ရင်
အန္တရာယ်လည်း အရမ်းများတယ်... ဒါကြောင့်မို့ နင့်ရဲ့
အမြင်ကို ငါတစ်ချက်လောက်
နားထောင်ကြည့်ချင်လို့....."

"ဒေါက်တာလီရဲ့ အရည်အချင်းတွေနဲ့တောင်မှ မကိုင်တွယ်နိုင်လောက်ဘူးပေါ့...."

လင်းရီ လီချူးဟန်၏ အရည်အချင်းများကို ထိုက်သင့်သလောက်တော့ နားလည်ထားသည်။ သူမပင်လျှင် အန္တာရာယ်များသည့် ခွဲစိတ်မှုဟု သတ်မှတ်ထားသောကြောင့်သာမန်လူတို့ ကိုင်တွယ်နိုင်လောက်မည် မဟုတ်ချေ။

"အန္တာရာယ်က ကဏ္ဍနှစ်ခု... တစ်ခုက လူနာရဲ့ အခြေအနေ....နောက်တစ်ခုကကျတော့ လူနာရဲ့ အထောက်အထားပဲ...."လီချူးဟန် သူမ နဖူးရှေ့ ကျနေသည့် ဆံမြိတ်ကို ဘေးသို့ ပြန်သပ်လိုက်ပြီး

"မတော်လို့များ တစ်ခုခု မှားသွားခဲ့လို့ကတော့

ဟွာရှန်းဆေးရုံကတောင် တာဝန်ခံနိုင်မှာမဟုတ်ဘူး..... "

"ဟမ်...."

လီချူးဟန်၏ စကားလုံးများက လင်းရီ၏ သိချင်စိတ်ကို

နှိုးဆွသွားခဲ့သည်။

ဟွာရှန်း ဆေးရုံဆိုသည်မှာ ကျိုးဟိုင်၌

တော်ရုံသွားရှုပ်လို့မရသည့်

အနေအထားတစ်ခုနှင့်ဖြစ်၏။

မြို့တော်ကပင်လျှင် အထူးအလေးပေး ဆက်ဆံရပြီး

တော်ရုံဆေးဘက်ဆိုင်ရာ

မတော်တဆမှုများလောက်တော့

မျက်ကွယ်ပြုထားပေးလိမ့်မည်။ သို့သော်လည်း

လူနာမှာ အပြစ်ပြု၍ မရသူဟု လီချူးဟန်မှ ဆိုလာခဲ့၏။ မှန်းဆကြည့်ရသလောက်ကတော့ အတော်လေး ထူးခြားသည့်ပုံပင်။

"လူနာ ဘယ်သူလဲဆိုတာ နင်သိချင်နေပြီမလား...."

လင်းရီ ဖုံးကွယ်နေခြင်းမရှိ ခေါင်းညိမ့်လိုက်သည်။

"လူနာက........."

ဒေါက် ဒေါက် ဒေါက်...

လီချူးဟန် ပြောအံ့ဆဲဆဲတွင် နားနေခန်းတံခါးကို တစ်ယောက်ယောက်မှ လာခေါက်သည့်အသံကို ကြားလိုက်ရသည်။

"ဝင်ခဲ့...."လီချူးဟန် အော်လိုက်သည်။

တံခါးမှာ ပွင့်ဟလာခဲ့ပြီး ပုံမှန်အဝတ်အစားတို့နှင့် အမျိုးသားတစ်ဦး ဝင်လာခဲ့သည်။ သူ၏ အရပ်အမောင်းမှာ ၁.၈ မီတာ မြင့်မားပြီး ဂတုံးပေါက်ကေနှင့် ခန္ဓာကိုယ်မှာလည်း တုတ်ခိုင်သန်မာလေသည်။ သူ၏ လက်ထဲတွင်တော့ အိတ်များစွာကို ကိုင်ထားပြီး ပုံသဏ္ဍာန်အရတော့ အပြင်မှ မှာယူထားသည့် စားစရာများ ဖြစ်ဖို့များ၏။

ထိုသူ၏ နာမည်မှာတော့ သွမ့်ဖန့်ဖြစ်ပြီး အများကတော့ ဖက်တီးသွမ့်ဟုသာ ခေါ်လေ့ရှိကြသည်။ ဟွာရှန်းဆေးရုံ ထောက်ပံ့ပို့တောင်ရေးဌာန၏ လက်ထောက်ဒါရိုက်တာတစ်ဦးလည်းဖြစ်၏။

ထောက်ပံ့ပေးဆောင်ရေး ဌာနက ကြားရသည်မှာ အထင်ကြီးဖွယ် မကောင်းလှသော်လည်း ဟွာရှန်းဆေးရုံတွင်တော့ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လေသည်။ အဆိုပါဌာနရုံးခန်းမှာ လွန်စွာကြီးမားလှပြီး ဆေးရုံမှ လိုအပ်သည့် ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ၎င်းတို့ဘက်မှ တာဝန်ယူပေးရ၏။ အကျိုးမြတ် ရှိမရှိကိုတော့ ဆင်စား၍မကုန်သည့် ဖက်တီးသွမ့်၏ ခန္ဓာကိုယ်ကိုကြည့်လျှင် သိနိုင်ပေသည်။

သွမ့်ဖန်၏ ရောက်ရှိလာမှုက သက်တောင့်သက်သာ ဖြစ်နေသည့်လေထုကို သိပ်သည်းတင်းကြပ်သွားစေသည်။

နှစ် သုံးယောက်ကတော့ သူမတို့ ပါးစပ်ထဲတွင် တူများကို ထည့်ရင်း လင်းရီကို တစ်လှည့် ၊ သွမ့်ဖန့်ကြို တစ်လှည့်ကြည့်ရင်း မျက်စိကစားနေကြ၏။

'ပွဲတော့ လှပြီနဲ့တူတယ်...'

လင်းရီကို မြင်သည့်အချိန်တွင်တော့ သွမ့်ဖန့်၏ အမူအရာမှာ အရုပ်ဆိုးသွားခဲ့သည်။

"ဒါရိုက်တာသွမ့်က ဘာကိစ္စရှိလို့လဲ...."လီချူးဟန် အလုပ်သဘောအရ မေးမြန်းလိုက်၏။

"ထွေထူးကြီးတော့ မဟုတ်ပါဘူး... နေ့လည်တောင် ရောက်တော့မှာဆိုတော့ ဒေါက်တာလီ မစားရသေးရင် တစ်ခုခုစားဖို့ လာပို့ပေးတာပါ....."

"မလိုပါဘူး...."လီချူးဟန် ပြောလိုက်ပြီး "ဒေါက်တာလင်းက အော်ဒါမှာပြီးသွားပြီ...ကျွန်မတို့က ဒီနေ့အတူစားမှာမို့လို့ ဒါရိုက်တာသွမ့်ရဲ့စေတနာကို လက်မခံပါရစေနဲ့.... "

သွမ့်ဖန့်၏ အမူအရာတွင် ဒေါသရိပ်များ စွက်လာခဲ့သည်။

ဒီငနဲက ဘယ်ကလဲကွ....

"သူမှာထားတာတွေက ကျွန်တော် ယူလာခဲ့ပေးတာတွေလောက် ဘယ်ကောင်းမှာ...."သွမ့်ဖန့် ပြောလိုက်ပြီး "ဒါတွေအကုန်လုံး ကျွန်တော့်အမေဆိုင်က

ဝယ်ခဲ့တာတွေ...အားလုံးက စားကောင်းတာတွေ ချည်းပဲ... ဒေါက်တာလီက ခုတလော ပင်ပန်းထားတာဆိုတော့ အားရှိသွားအောင်လို့ ဂျင်ဆင်းစွပ်ပြုတ်လေးပါ ယူခဲ့ပေးသေးတယ်...."

"အားတော့ နာပါတယ် ဒါရိုက်တာသွမ့်... ဒေါက်တာလင်းကလည်း မှာပြီးပြီ....ပြီးတော့ သူနဲ့အတူ စားမယ်လို့ ကတိပေးထားတာမို့လို့ပါ...."

"အပြင်စာတွေ ဘယ်လောက်ကောင်းတယ်ပြောပြော ကျွန်တော်ယူလာခဲ့ပေးတာတွေလောက်တော့ ဘယ်ကောင်းမှာ ... "ထိုသို့ပြောပြီးနောက် သူ့လက်ထဲရှိ အထုပ်များကို ဖြေကာ "ဒါက ဘဲကင်၊ ဝက်ကြွပ်ကြွပ်ကျော်၊ အမဲရိုးစွပ်ပြုတ် ပြီးတော့......"

နှာသံသုံးယောက်ကတော့ ထိုဟင်းပွဲများကိုကြည့်ရင်း သွားရည်ယိုနေတော့၏။

ဟင်းကောင်းတွေပဲဟ....

ဒေါက် ဒေါက် ဒေါက်

သွမ့်ဖန့် မိတ်ဆက်ပေးနေစဉ် တစ်စုံတစ်ယောက်မှ နားနေခန်းတံခါး လာခေါက်သည့် အသံကို ကြားလိုက်ရ၏။

"ဝင်ခဲ့...."

အတည်ပြုသံကြားတော့ ဝမ်ထျန်းလုံ နားနေခန်းထဲသို့ ဝင်လာခဲ့ပြီး မနီးမဝေးရှိ

ဒေါက်တာလှလှလေးဘေးနား ထိုင်နေသည့်
လင်းရီကိုမြင်တော့ ဝမ်းထျန်းလုံ
ကြက်သေသေသွားခဲ့သည်။

ဒါရိုက်တာလင်းက ဘာလို့ ကုတ်အဖြူကြီး
ဝတ်ထားတာလဲဟ..

ဒီဆေးရုံက ဒေါက်တာလှလှလေးတွေကို
လာဝိုက်တာများလား....

ဒါကြီးက သောက်ရမ်း အံ့သြဖို့ကောင်းလွန်းသွားပြီ....

ဒါရိုက်တာလင်းက သူ့မျိုးဆက်ရဲ့
လေးစားအတုယူဖွယ်ရာပါပဲ...

"မစ္စတာလင်း မှာယူထားတာတွေ ရပါပြီခင်ဗျ...."

ဝမ်ထျန်းလုံပြောလိုက်ပြီး  လေးနက်တည်ကြည်စွာဖြင့်

"ဒါက ကျွန်တော်တို့ရဲ့အကောင်းဆုံးနဲ့ အကြီးဆုံး ဩစတေးလျ ပင်လယ်ဂုန်းပါ .. ပြီးတော့ ဒါက ဩစတေးလျ ကျောက်ပုစွန် ၊ ဖလူးဖင်းတူနာ ဆာရှီးမီး ၊ ရုရှား စတာဂျန်ငါးဥ ၊ နောက်ပြီး ဒါကကျတော့ ဩစတေးလျက MS3 အဆင့်ရှိတဲ့ အသားစတိတ်ခ်၊ တ-ရုတ် စတာဂျန်ငါးပေါင်းနဲ့ မိုစကာတိုဒက်စ်တီ ဝိုင်တစ်ပုလင်းပါ ... အမျိုးသမီးတို့ သောက်သုံးဖို့ အင်မတန် သင့်လျော်ပါတယ်ဗျ....  "

အခန်း (၃၈၅)

**အထူးလူနာ**

စားပွဲပေါ်ခင်းကျင်းထားသည့် အစားအသောက်များကို
မြင်တော့ လင်းရီတခဏမျှ ကြက်သေသေသွားခဲ့၏။

သူမှာလိုက်တာက ဒီတိုင်း ရိုးရှင်းတဲ့
နေ့လည်စာလေးလေကွာ…

မင်းယူလာတာက ကမ္ဘာပေါ်က
ကောင်းပေ့ဆိုတာကြီးတွေတဲ့လား…

လင်းရီ၏ အတွေးများကို မသိသည့်
ဝမ်ထျန်းလုံကတော့ သူ့ကိုယ်သူ ဂုဏ်ယူလျက်ရှိ၏။

လုံးဝပါဖက်ပဲ... ဒါရိုက်တာလင်းကို ဘယ်သူကမှ ကျောလို့မရဘူးကွ....

"မစ္စတာလင်း မှာထားတာတွေ ပို့ပြီးပြီဆိုတော့ ပြန်ခွင့်ပြုပါဦးဗျ... ကြယ်ငါးပွင့်ရီဗျူးလေးလည်း ပေးဖို့ သတိရပေးပါဦးနော်.... "

ထိုသို့ပြောပြီးနောက် ဝမ်ထျန်းလုံ လှည့်ထွက်လာခဲ့လိုက်၏။

ဒီလီသမားအသွင်ကို ပီပြင်စွာ သရုပ်ဆောင်ပြီး သူ၏ အထောက်အထားကို ပိရိစွာ ဖုံးကွယ်ထားခဲ့လိုက်သည်။

နှစ်သုံးယောက်ကတော့ စားပွဲပေါ် ရှိ
ထိပ်တန်းဟင်းလျာများနှင့် ဆုံသည့်အချိန်တွင်တော့
အကြည့်ပင် မခွာနိုင်ကြပဲ သားရည်ယိုနေကြ၏။

ဒါရိုက်တာသွမ့် ယူလာခဲ့သည့် ဟင်းလျာတို့မှာ
ကောင်းမွန်သော်လည်း လင်းရီ မှာယူထားသည့် အ
စားအသောက်တို့နှင့် ယှဉ်လျှင်တော့ ကွာခြားမှုကြီးမှာ
ကောင်းကင်နှင့် မြေပြင်အလားပင်။
စားပွဲပေါ် ရှိ ဟင်းတစ်ပွဲကပင်လျှင် ဒါရိုက်တာသွမ့်
ဝယ်ယူလာသည့် ဟင်းပွဲအားလုံး၏
စုစုပေါင်းတန်ဖိုးထက် များပေသည်။ ဟင်းပွဲအားလုံး၏
ကျသင့်ငွေဆိုလျှင်တော့
ယွမ်သိန်းဂဏန်းလောက်ကတော့ အသာလေးပင်။

လင်းရီကတော့ ခေါင်းသာ ခါရမ်းလိုက်သည်။

ဝမ်ထျန်းလုံကတော့ ငါ့ကို သိုသိုသိပ်သိပ်လေးကို ပေးမနေတာပဲဟ....

"ဒါရိုက်တာသွမ့်..ဒေါက်တာလင်းက ဟင်းပွဲတွေ အများကြီး ဝယ်ထားတာဆိုတော့ အားနာစရာကြီး ...ရှင့်ရဲ့စေတနာတွေကိုတော့ ကျေးဇူးတင်ပါတယ်...."

သွမ့်ဖန့်၏ အမူအရာ နက်မှောင်သွားခဲ့သည်။

ငါလခွမ်းတဲ့မှ အဲ့တာဘာကိုပြောချင်နေတာ....ငါက မသိရင်ခက်မယ်....

"ရပါတယ်... ကျွန်တော်လည်း ကိစ္စလေးရှိလို့ ပြန်လိုက်ဦးမယ်.... ဒေါက်တာလီတို့ နေ့လည်စာ စားတာကို မနှောင့်ယှက်တော့ဘူး...."

သွမ့်ဖန့် သူမှာယူထားသည့် ပါဆယ်ထုပ်များကို ပြန်သိမ်းရင်း ကသိကအောက်ဖြစ်စွာဖြင့် လီချူးဟန်၏ နားနေခန်းထဲမှ ထွက်သွားခဲ့သည်။

ထို့နောက် နာ့စ်သုံးယောက်၏ ရယ်မောသံတို့မှာ အခန်းထဲ၌ ပျံ့လွင့်လာခဲ့တော့သည်။

ဒေါက်တာလင်းရဲ့ အပြုအမူက မျက်နှာဖြတ်ရိုက်လိုက်တာပဲ မဟုတ်လား...

"ဒါရိုက်တာသွမ့်က ဒုဥက္ကဌရဲ့သားဆိုတော့ ဒေါက်တာလင်းကို ခက်ခဲအောင် လုပ်လောက်မယ်လို့ ထင်လား...."

"အမ်....အဲ့တာက ပြောရခက်တယ်... ငါတော့ ဒါရိုက်တာလင်းအစား ရင်လေးပါတယ်ဟယ်...."

သုံးယောက်သား တီးတိုးပြောနေတုန်း လီချူးဟာန် လင်းရီကို ကြည့်လိုက်ပြီး "နင်မှာလိုက်တာက နည်းနည်းလေး များသွားသလိုပဲ... ငါတို့တွေ အတူစားကြမယ်ဆိုရင် စိတ်မရှိဘူးမလား...."

"ဘာဆိုင်လို့ စိတ်ရှိရမှာ...."လင်းရီပြောလိုက်ပြီး "တကယ်လို့ သူတို့ လာမယ်မှန်းသိရင် သည့်ထက်တောင် ပိုမှာလိုက်ဦးမှာ....."

"ဟော့ အဲ့မှာပဲ ထိုင်မနေကြနဲ့လေ... ဒေါက်တာလင်းက ဒီနေ့ နင်တို့ကို နေ့လည်စာ ကျွေးမယ်တဲ့...."

"ညီမတို့ကော စားလို့ရတယ်ပေါ့နော်...."

"ဘာလို့ မရရမှာ.... လာခဲ့ အတူတူစားကြမယ်...."

"ဟီးဟီး... အဲ့လိုဆို အားမနာတော့ဘူးနော...."

ယခုလို အခြေအနေမျိုးတွင်တော့ အတုံးအဆုံးလူပင်လျှင် တစ်ယောက်တည်းစားရန် ရွေးချယ်လိမ့်မည် မဟုတ်ချေ။

နှစ်သုံးယောက်မှ သူမတို့၏ နေ့လည်စာဗူးလေးများကို သယ်ဆောင်လျက် နောက်ဘက်ရှိခုံမှ ထလာခဲ့ကြ၏။

ထို့နောက် ငါးယောက်သား ဝိုင်းဖွဲ့လိုက်ကြပြီး ပွဲတော်တည်ကြတော့သည်။

"ဒေါက်တာလင်းကျွေးတာတွေ စားပြီးပြီဆိုတော့ နင်တို့ နောက်ကျရင် ဒေါက်တာလင်းနဲ့ သေချာလေး ပူးပေါင်းပေးရမယ်နော်...."

"ပြဿနာမရှိဘူး...."ယွမ်စီးချီမှ ပြောလိုက်ပြီး "ခုကစပြီးတော့ ကျွန်မက ဒေါက်တာလင်းရဲ့အချိန်ပြည့် နာ့စ်လေးပဲ...."

"ဒေါက်တာလင်းက နေ့လည်စာမကျွေးရင်တောင်မှ ညီမတို့က ကူညီဖို့ ဆန္ဒရှိပြီးသားပါနော်..."

"နင်တို့ကတော့လေ….."လီချူးဟန် ပြုံးလျက် ခေါင်းခါရမ်းလိုက်သည်။

နေ့လည်စာစားပြီးနောက် လင်းရှီနှင့် လီချူးယွမ်တို့ထံတွင် အရေးကြီးကိစ္စပြောစရာရှိကြောင်း သတိထားမိတော့ နာ့စ်သုံးယောက်မှာ သူမတို့ နေ့လည်စာကို လျှင်မြန်စွာ အဆုံးသတ်ပြီး ကျန်သည့်ဟင်းပွဲများကို ပြန်သိမ်းကာ နားနေခန်းထဲမှ ထွက်ခွာသွားကြ၏။

"နင် မအိပ်ချင်တာ သေချာတယ်နော်…."

"ဒါပေါ့… "လင်းရှီ ခေါင်းညိမ့်လိုက်ပြီး "ခုနက ခေါင်းစဉ်ကို ဆက်ကြတာပေါ့… ခွဲစိတ်ရမယ့် လူနာက ဘယ်သူကြီးလဲ…. "

"စစ်ဦးစီးမှူး....."

ဖူး....

လင်းရီ သွေးအန်လုနီးပါး ဖြစ်သွားခဲ့ပြီး "အတည်ကြီးလား..."

"ဒါပေါ့... အတည်ပြောနေတာ... မနက်ဖြန် ဉက္ကဌနှစ်ယောက်က အဓိကခွဲစိတ်ကြမှာ... ငါကတော့ အကူအညီပေးရုံသပ်သပ်ပဲ....."

"ဖြစ်သင့်ပါတယ်... ဒီလိုရာထူးကြီးတဲ့သူကို ကိုင်တွယ်ရမယ်ဆိုတော့ ဆေးရုံတစ်ခုလုံး သေချာလေး ဂရုစိုက်သင့်တယ်လေ...."လင်းရီ ပြောလိုက်၏။

"ခွဲစိတ်ရမယ့်အပိုင်းက သတိထားရမယ်ဆိုပေမယ့် ငါတို့ ကိုင်တွယ်နိုင်တယ်... ငါအခုက စိတ်ပူနေတာက ချုပ်တဲ့ အပိုင်းကိုပဲ.... "

"အဲ့အပိုင်းကိုကျ ဘယ်သူတာဝန်ယူထားတာ...."

"ဟွာရှရဲ့ထိပ်တန်းနှလုံးအထူးကု သမားတော်သွမ့်..."

"သူက ဘာပြောလဲ...."

"သူပြောတာက အရမ်းကြီး မခက်ခဲတော့ ဘာပြဿနာမှ မရှိဘူးတဲ့....ဒါပေမယ့် ငါက မေရိုဆေးခန်းမှာ ဒီလိုလူနာမျိုးတွေနဲ့ ကြုံခဲ့ဖူးတယ်....သူတို့ချုပ်တဲ့ နည်းလမ်းတွေက

သမားတော်သွမ့် ရှင်းပြတာတွေနဲ့ တခြားစီပဲ... ငါက အဲ့တာကို စိုးရိမ်နေတာ....."

လင်းရီ မျက်မှောင်ကြုတ်လိုက်ပြီး "လူနာရဲ့ အခြေအနေကြောင်း အရင်ပြောကြတာပေါ့..."

"နှလုံးဧရိယာမှာ အန်နျူရမ်ဇမ်(Aneurysm)တစ်ခု ရှိတယ်....ပြဿနာက အဲ့ဒီ ဧရိယာရဲ့အထက်က အရမ်းထူတဲ့အလွှာကို ခွဲစိတ်ဖို့ လိုအပ်နေတာပဲ...."

လီချူးဟန် ဖိုင်တွဲကို ယူလိုက်ပြီး "အအေအအောတစ် နံရံမှာ အလွှာသုံးခုရှိတယ်...အတွင်းပိုင်း အမြေးပါး ၊ ကျုံ့နိုင်ဆန့်နိုင်တဲ့ အလယ်ပိုင်းနဲ့ အပြင်ဘက်အလွှာ...ခုကအတွင်းပိုင်း အမြေးပါးရဲ့ အအေအအောတစ်နံရံမှာ အနာလာဖြစ်နေတာ....ဒါက

ခန္ဓာကိုယ်တစ်လျှောက်လုံးမှာ ပုံမှန်အတိုင်း
စီးဆင်းနေတဲ့ သွေးတွေကို အနာဆီဖြတ်သန်းပြီးတော့မှ
အလယ်အလွှာကို စီးဆင်းသွားစေလိမ့်မယ်...
စုပြုံလာတဲ့သွေးတွေက ပင်မသွေးလွတ်ကြောကို
ဆက်လက်ပြန့်ကားသွားပြီး အေအောတစ်နံ့ရံကို
မူလရှိရင်းစွဲအထူထက် ခြောက်ပုံတစ်ပုံလောက်
ပါးသွားစေလိမ့်မယ်...ဒီအချိန်မှာ တုန်ခါမှုလေး
အနည်းငယ် ရှိလာခဲ့ရင်တောင်မှ လူနာရဲ့သွေးဖိအားကို
တဟုန်ထိုးဆောင့်တက်စေပြီးတော့ လူနာကို
တစ်မိနစ်အတွင်း ကိစ္စ ချောသွားစေနိုင်တယ်....
ဒါကြောင့်မို့  ငါတို့ကတော့ အနာဖြစ်တဲ့
သွေးကြောနေရာမှာ သွေးကြောအတုကို အစားထိုးပြီး
ကုသဖို့ စီစဉ် ထားတယ်..."

ခွဲစိတ်ကုသမှု၏ ခက်ခဲပုံကို သတိထားမိတော့ လင်းရီ အသက်ပြင်းပြင်း ရှူက်လိုက်သည်။

"မပြီးသေးဘူး... နောက်ထပ်အန္တရာယ်ဖြစ်နိုင်ချေ နှစ်ခုရှိသေးတယ်.... ပထမက လူနာရဲ့ ကိုယ်အလေးချိန်.. ပေါင်၁၈၀ ရှိတယ်ဆိုတော့ အဝလွန်နေတယ်လို့ သတ်မှတ်လို့ရတယ်... အဲ့တာကလည်း ခွဲစိတ်ကုသတဲ့ အချိန်မှာ ခက်ခဲစေတဲ့ တစ်ချက်ပဲ... "

"နောက်တစ်ခုကကျတော့ သွေးကြောချုပ်တာ....ဒီခါ သွေးကြောအတုကို ချုပ်တာက အရေးကြီးဆုံးအပိုင်းဖြစ်သွားပြီ...တကယ်လို့

ချုပ်နေရင်း သွေးထွက်မယ်ဆိုရင် တစ်မိနစ်အတွင်း သွေး ၅၀၀ မီလီလီတာလောက် ဆုံးရှုံးသွားနိုင်တယ်...." လီချူးဟာန် ပခုံးတွန့်လိုက်ပြီး "အဲ့လိုဆို ခွဲစိတ်ခန်း စားပွဲပေါ်က မဆင်းခင် သူသေမှာပဲ...."

ထို့နောက် နောက်ထပ် ဖိုင်တစ်ချို့ကို ဆွဲယူ၍ လင်းရီထံကမ်းပေးကာ "ငါခန့်မှန်းထားသလောက်ကတော့ ဒီရဲ့ခွဲစိတ်မှုမှာ ချုပ်ရမယ့်အမှတ်တွေက ၂၄၀ ကနေ ၃၀၀ လောက်အထိ ရှိမယ်....တစ်မှတ်ကလေး လွဲသွားရင်တောင် ကြိုးစားထားသမျှ အားလုံးက အကုန် သဲထဲရေသွန်ပဲ...."

ဟစ်....

"ဒါကြီးက သေအောင် ခက်တာပဲဟ...."

"နင့်မှာ ယုံကြည်ချက်မရှိဘူးလား....."

"လူပါဆို အမှားတော့ရှိနိုင်တာပဲလေ... ဘုရားမှပဲ ၂၄၀ နဲ့ ၃၀၀ အတွင်းရှိတဲ့ ချုပ်မှတ်တွေကို မမှားမှာ...."

စနစ်မှ သူ့ကို ဆရာအဆင့် ချုပ်ရိုးနည်းစနစ်ကို ချီးမြင့်ထား၏။

တစ်နည်းအားဖြင့်ဆိုသော် သူ၏ စကေးမှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးပင်။

သို့သော်လည်း အကောင်းဆုံးဖြစ်သည်ဆိုသော်ငြား သူသည် လူသားတစ်ယောက်ဖြစ်၏။

စက်ပစ္စည်းတစ်ခုမဟုတ်ပေ။ အမှားလုပ်မိကောင်း
လုပ်မိနိုင်ပေသည်။
ထိုအချက်ကိုလည်း လင်းရီမှ အစိုးရွံ့ဆုံးဖြစ်၏။

"နင့်ငါ့ကို ဘယ်လိုလုပ်သင့်လဲ အကြံလေးဘာလေး
မပေးတော့ဘူးလား... ဖြစ်နိုင်ချေရှိမရှိ
စဉ်းစားကြည့်ကြတာပေါ့...."

"ခင်များ ကျုပ်ကို ယုံနိုင်မှာလား...."

"နင့်ရဲ့စကေးတွေက အတော်လေးမဆိုးဘူး...
အနည်းဆုံးတော့ ငါ့ထက်ကောင်းတယ်....ဒါကြောင့်မို့
ငါစမ်းကြည့်ကြည့်မလို့.... "လီချူးဟာန် ပြောလိုက်ပြီး
"ဒီထက်ပိုကောင်းတဲ့ နည်းလမ်းလည်း
ငါထက်မရှာနိုင်တော့ဘူး.... ဘာလို့လဲဆိုတော့ လူနာရဲ့

ထူးခြားတဲ့ အဆင့်အတန်းကြောင့်မို့ နိုင်ငံခြားက ဆရာဝန်တွေ ငှားဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူးလေ...."

"အိုကေ... အဲ့တာဆို ကျွန်တော် ဒေါက်တာလီကို အစီအစဉ်တစ်ခုပေးမယ်... သင့်လျော်မယ်ထင်ရင် သုံး... မသင့်လျော်ဘူးထင်ရင်လည်း မသုံးနဲ့ပေါ့...."

"ပြဿနာမရှိဘူး..." လီချူးဟန် မတ်တပ်ရပ်လိုက်ပြီး "နင်ဒီည အရေးပေါ်ဌာနမှာ ညဆိုင်းဆင်းဖို့ မလိုတော့ဘူး... တိတ်ဆိတ်တဲ့နေရာတစ်ခုမှာ ရီပို့ရေးလိုက်... မဟုတ်လည်း အိမ်ပြန်ပြီးရေးပေါ့.... နင်ကြိုက်သလိုသာလုပ်...."

"အဲ့တာဆို အိမ်ပဲသွားလိုက်မယ်...."

"အိုကေ...."

လီချူးဟန် ခေါင်းညိမ့်လိုက်ပြီး

"နင်ထွက်သွားတဲ့အချိန်ကျ

တံခါးပိတ်သွားဦးနော်....ငါမနေ့ညက မအိပ်ထားတော့

မျက်လုံးတွေကမရတော့ဘူး... အရမ်းအိပ်ချက်နေပြီ..."

"အိုကေ...."

လင်းရီ လှည့်ပြီး ထွက်လာခဲ့လိုက်သည်။ ထို့နောက်

သူ၏ သာမန် အဝတ်အစားများကိုလဲကာ အိမ်သို့

ထွက်လာခဲ့ပြီး လီချူးဟန်ပေးသည့် တာဝန်ကို

ပြီးမြောက်အောင်ဆောင်ရွက်ရန် အဆင့်သင့်ပင်။

လင်းရီတစ်ခါမျှ မဆုံဖူးသည့်လူနာမှာ
သာမန်အဆင့်အတန်းထက်
သာလွန်နေလိမ့်မည်လို့တော့ ထင်မထားချေ။

သို့တိုင်အောင် လူ့အသက်နှင့် စပ်လျဥ်းသည့်ကိစ္စဖြစ်၍
သူပေါ့ပြက်ပြက်တော့ မလုပ်ဝံ့ချေ။

အိမ်သို့ရောက်သည်နှင့် စားပွဲပေါ်တွင်
စာရွက်တစ်ရွက်ကိုယူကာ ကျီချင်းရန်နှင့်
ဖုန်းပြောချင်းမှလွဲ၍ ရီပို့ကို အာရုံစူးစိုက်မှုအပြည့်နှင့်
စတင်ရေးတော့သည်။

ညသန်းခေါင် မတိုင်မီ ပြီးမြောက်သွားပြီး လီချူးဟန်ထံ
ပို့ပေးလိုက်တော့၏။

လင်းရီ ကျောဆန့်ပြီးနောက် ရေချိုးတော့မည့်အချိန်တွင် လီချူးဟန်ထံမှ ဖုန်းဝင်လာခဲ့၏။

"ဒီ ရီပို့ကို နင့်ဘာနင် ရေးထားတာလား...."

"ဒါပေါ့... အိမ်မှာ ကျွန်တော်တစ်ယောက်တည်းကလွဲရင် ဘယ်သူကမှ မရှိတာ...."

စက္ကန့်အနည်းငယ်ကြာအောင် တိတ်ဆိတ်ပြီးနောက် လီချူးဟန်မှ "ဒီရီပို့က အရမ်းကို ပြောမြောက်လွန်းတယ်...."

အခန်း (၃၈၆)

**လင်းရီကို အဆုံးသတ်ချင်နေတာလား....**

"ဒေါက်တာလီက ကောင်းတယ်ထင်တော့လည်း
ကျွန်တော်ကြိုးစားထားတာတွေက
အလဟဿမဖြစ်တာပေါ့...."

"အင်း... နင် မနက်ဖြန် ကြိုက်တဲ့အချိန်
အလုပ်လာဆင်းလှည့်... အိပ်ရေးဝမှပဲ
ထလာခဲ့လိုက်နော်...."

"ကျေးဇူးပါ ဒေါက်တာလီ...."

"မအိပ်ခင် နွားနို့သောက်ဖို့လည်း မမေ့နဲ့ဦး....
အဲ့တာဆိုပိုပြီး
နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေတယ်.....ဂွတ်နိုက်...."

"ဂွတ်နိုက် ဒေါက်တာလီ....."

ခေါ်ဆိုမှုမှာတော့ ထိုမျှလောက်ပင်။ လီချူးဟန်ကတော့ လိုရင်းတိုရှင်းပြောပြီး ဖုန်းချသွားခဲ့၏။

လင်းရီလည်း ရေမိုးချိုးပြီးနောက် အခန်းသို့ပြန်ကာ တစ်ချိုးတည်း အိပ်ပျော်သွားလေသည်။

သူဦးနှောက်ကို အလုပ်လုပ်ခိုင်းတာ များသွား၍လားတော့မသိ နောက်တစ်နေ့ နံနက် ကိုးနာရီအထိ အိပ်စက်နေခဲ့၏။

ဖုန်းရှိ ဝီချက်ထဲတွင်တော့ ကျီချင်းရန်ထံမှ စာတိုလေးများ ရောက်လို့နေသည်။

"ကောင်စုတ် နင်မထသေးဘူး....."

"ဟဲ့အကောင် ခုထိစာမပြန်သေးဘူးပေါ့...
ခုဘယ်အချိန်ရှိနေပြီလဲ... နံနက်စာကော
စားပြီးပြီလား...."

၎င်းတို့ကို မြင်တော့ လင်းရီ နှုတ်ခမ်းများ
ကွေးညွတ်သွားပြီး အပြုံးတစ်ခု ပေါ်လာခဲ့၏။
စာသားများမှာ ရိုးရှင်းဟန်ရှိသော်လည်း
နွေးထွေးမှုတို့ရောစွက်နေလေသည်။

ကျီချင်းရန်နှင့် တခဏမျှ စကားပြောပြီးနောက် လင်းရီ
လန်းဆန်းသွားအောင် ရေအေးအေးဖြင့်
ရေချိုးလိုက်သည်။ ထို့နောက် ဆေးရုံသို့
သွားသင့်မသွားသင့် တစ်ချက် စဉ်းစားကြည့်လိုက်၏။

အမှန်တော့ သူ သည်ကနေ့ ဆေးရုံသို့ မသွားလည်းရပေသည်။ သို့သော်လည်း စနစ်၏ မစ်ရှင်များမှာ အလုပ်လုပ်နေစဉ်အတွင်း ပေါ်ပေါက်လာတတ်သောကြောင့် သူသွားရန် ဆုံးဖြတ်လိုက်သည်။ မဖြစ်မနေ အရေးကြီးကိစ္စတို့ မရှိပါက အလုပ်သွားသည်က သူ့အတွက် အကောင်းဆုံးပင်။

ကလင် ကလင် ကလင် ...

လင်းရီ ရေချိုးနေစဉ်တစ်ခိုက် အဝတ်လျှော်စက်ပေါ်တွင် တင်ထားခဲ့သည့် သူ၏ဖုန်းမှာ အသံမြည်လာခဲ့သည်။

ဖုန်းခေါ်ဆိုလာသူ၏ နာမည်ကို လင်းရီမြင်သည့်အချိန်တွင်တော့ သူ၏အမူအရာမှာ

ရုတ်ချည်း အေးခဲသွားတော့၏။ ခေါ်ဆိုလာသူကတော့ ချောင်ကျင်းချိုးပင်။

လင်းရှီ ရေပန်းကို ခဏပိတ်ထားလိုက်ပြီး ဖြစ်နိုင်ချေများကို စတင်တွေးတောတော့သည်။

အကယ်၍ အလုပ်ကိစ္စဆိုပါက သူမ ဖုန်းနှင့် ဆက်သွယ်လာလိမ့်မည်မဟုတ်ချေ။ လူကိုယ်တိုင် ရောက်လို့လာပေမည်။

ထို့ကြောင့် ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်ဖို့ရာကများသည်။

မသေချာ မရေရာမှုတို့နှင့်အတူ လင်းရီ သူ့လက်ဝါးပေါ် ရှိ ရေစက်များကို တစ်ချက်ခါရင်း ဖုန်းဖြေလိုက်၏။

"ဘာကိစ်စလဲ...."

"မစ္စတာလင်း....ကျွန်မရှင့်ကို ဒါရိုက်တာလင်းလို့ ခေါ်ရမလား... ဒါမှမဟုတ် ဥက္ကဌလင်းလို့ပဲ ခေါ်လိုက်ရမလား...."

"ဟမ်...."

လင်းရီ ရင်ထိတ်သွားခဲ့သည်။ Sci-tech စက်ရုံဒါရိုက်တာဆိုသည့် အထောက်အထားကို သူမသိသွားသည်လော။

ဘယ်ကောင် ဖော်ထုတ်လိုက်တာလဲကွ....

"အမ်.... မိန်းကလေးချောင်က ဘာပြောချင်နေတာ...."

"ဥက္ကဌလင်း.... ခုကအရမ်းနောက်ကျသွားပြီ...
ရှင်ဖုံးကွယ်ချင်တယ်ဆိုရင်တောင်မှ
အသုံးမဝင်ဘူး...."ချောင်ကျင်းချိုး ပြောလိုက်ပြီး
"ကျွန်မ သိချင်တာက ရှင် ဘာလို့ ကျွန်မအစ်ကိုနဲ့
ရင်းနှီးအောင်လုပ်နေလည်း ဆိုတာကိုပဲ...."

"ကျုပ်တို့အားလုံးက စီးပွားရေးသမားတွေပဲလေ...
ဘာလို့ ရင်းနှီးပတ်သက်နေလဲဆိုတော့
အကျိုးအမြတ်ကြောင့်ပဲပေါ့... ကျုပ်မှာ

ပိုက်ဆံရှိတာတောင်မှ ဝင်ငွေရှာလို့မရဘူးလို့တော့ လာမပြောနဲ့...."

ချောင်ကျင်းချိုး၏ ကြံရည်ဉာဏ်ရည်နှင့်ဆိုပါက သူမ၏ မျက်စိအောက်တွင် မည်သည်ကိုမျှ ဖုံးကွယ်ထား၍ ရလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် သူ့ဘက်မှ ကျယ်ကျယ်လောင်လောင်နှင့် အကြောင်းပြချက်ကို အခိုင်အမာ ပြောဆိုရန် လိုအပ်သည်။ တုံ့ဆိုင်းနေပါက တစ်ဖက်လူမှာ သံသယများသွားနိုင်သည်။

"မစ္စတာလင်း ရှင့်ရဲ့ အရည်အချင်းတွေနဲ့ဆိုရင် ကျွန်မရဲ့ ငတုံးအစ်ကိုနဲ့ အထူးတလှယ် ဆွေးနိုးဖို့ကိစ္စဆိုတာ ရှိလာမှာ မဟုတ်ဘူးထင်တယ်....."

ချောင်ကျင်းချိုး အေးစက်သည့်လေသံဖြင့် ဆိုလိုက်ပြီး

"ပြီးတော့ ရှင့်ဘက်က ချစ်ပ်ထုတ်လုပ်ခွင့်နဲ့ ကုန်လှောင်ရုံတွေကို အလကားသပ်သပ် လွှဲပေးလိုက်ဖို့ ဆိုတာလည်း လုံးဝ မဖြစ်နိုင်ဘူး...."

"ဟိုးဟိုး... မိန်းကလေးလျှန်ကတော့ အတွေးလွန်နေပါပြီ....မိန်းကလေးရဲ့အစ်ကိုက ယာယီပဲ ပိုင်ဆိုင်တာလေ ..ကျုပ်က အပိုင်ပေးလိုက်တာမှ ဟုတ်တာ...ကျုပ်ဘက်က ပိုက်ဆံရနေသရွေ့ကတော့ သူ့ဘာသူ ဘာပဲလုပ်လုပ် သောက်ဂရုကိုမစိုက်တာ...."

ချောင်ကျင်းချိုး တစ်မိနစ်ခန့်လောက် တိတ်ဆိတ်ငြိမ်သက်သွားပြီး "မစ္စတာလင်း ... ကျွန်မတို့ နှစ်ဦးနှစ်ဖက်လုံးက

ငြိမ်းချမ်းရေးအခိုင်အမာနဲ့  စီးပွားရေးဆက်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်..... မသမာတဲ့ အကြံအစည်တွေရှိနေမယ်ဆိုရင်တော့ ကျွန်မတို့ ရှေ့ဆက်လက်တွဲပူးပေါင်းဖို့က ခက်ခဲတော့မှာ...."

"ဒါရိုက်တာချောင် ခင်များဘာတွေပြောနေတာ... ကျုပ်က စာချုပ်ဖိုး ရချင်ရုံသပ်သပ်ပဲ .. ခင်များပြောနေတဲ့ ပုံစံကြီးက ကျုပ်ကပဲ မသူတော်ကြီးကျနေတာပဲ...."

"ရှင်က ရိုးရှင်းတဲ့သူ မဟုတ်ဘူးဆိုတာ ကျွန်မသိပြီးသား...."ချောင်ကျင်းချိုးပြောလိုက်ပြီး "Sci-techက သေရင်သေနေလိမ့်မယ်... ဒါပေမယ့် ရှင့်လက်ထဲမှာဆိုရင်တော့ တစ်ဖန်

အသက်ပြန်ဝင်လာဖို့ဆိုတာ မဖြစ်နိုင်တာ
မဟုတ်ဘူး....."

"ဟားဟား.... ဒါရိုက်တာချောင်ကတော့ ကျုပ်ကို
မြှောက်နေပါပြီ..."လင်းရီ ရယ်မောလျက် ပြောလိုက်ပြီး
"ကျုပ်ဖြင့် အလုပ်တွေများလွန်းလို့ Sci-techကို
လှည့်တောင် မကြည့်နိုင်တာကို ဘယ်နားက ပြန်ပြီး
အသက်ဝင်လာမှာ...."

"အလုပ်များတယ်...."ချောင်ကျင်းချိုး
ဇဝေဇဝါဖြစ်နေသည့်လေသံဖြင့် "ရှင်က
လင်းယွမ်အုပ်စုကို နောက်ကွယ်ကနေ
အမိန့်ပေးထိန်းချုပ်နေတဲ့ သူဌေးကြီးမဟုတ်ဖူးလား...."

"ကျုပ်အဲ့တာကိုတော့ မငြင်းပါဘူး....ဒါပေမယ့် ကျုပ်ကနေ့တိုင်း အသက်ပေါင်းများစွာကို ကယ်တင်ရင်းနဲ့ အလုပ်ရှုပ်နေတာ...."

"အသက်ကယ်တင်းရင်းနဲ့ အလုပ်ရှုပ်နေတယ်...."

"အဟမ်း... ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ပေးပါရစေ.... ကျုပ်ကဟွာရှန်းဆေးရုံရုံရဲ့နှလုံးအထူးကုဌာနက ဒေါက်တာလင်းရီပါ....တကယ်လို့ ဒါရိုက်တာချောင်မှာ သားဖွားမီးယပ်ပြဿနာတွေ ရှိလာခဲ့ရင် ဆေးရုံမှာ တန်းစီမနေနဲ့... ကျုပ်ဆီသာ တန်းလာခဲ့လိုက် အားလုံး အဆင်ပြေစေရမယ်....."

"ရှင် ရှင်က နှလုံးအထူးကု ဆရာဝန်....."

"ကျုပ် နောက်မှပဲ မိန်းကလေးချောင်ကို
အလုပ်လိပ်စာကဒ် ပို့ပေးလိုက်တော့မယ်...ခုတော့ ဒါပဲ
ရေချိုးနေတယ်"

လင်းရီ ပြောပြီးနောက် ဖုန်းချလိုက်၏။
သို့သော်လည်းသူ၏ အမူအရာကတော့ မဖြစ်စဖူး
လေးနက်လို့နေလေသည်။

ချောင်ကျင်းချိုး၏ စကားအသွားအလာကို လင်းရီ
လေ့လာသုံးသပ်ကြည့်ရသလောက်တော့ သူ Sci-tech
စက်ရုံဒါရိုက်တာ ဖြစ်ကြောင်းသာလျှင်
သိသေးပုံရသည်။ မဟုတ်ပါက ယခုလို
စကားအေးဆေးပြောနေလိမ့်မည် မဟုတ်ချေ။

ချောင်ကျင်းချိုးနှင့်စပ်လျဉ်း၍ များစွာ စိတ်ပူစရာ မရှိသော်လည်း လင်းရီ ပို၍ သတိကပ်ထားရန် ဆုံးဖြတ်လိုက်၏။

သို့သော်လည်း သူ  စက်ရုံဒါရိုက်တာဖြစ်နေကြောင်းကို သူမ မည်သို့ ရှာတွေ့သွားပါသနည်း။

မိနစ်အနည်းငယ်ခန့်ကြာအောင် စဉ်းစားပြီးနောက် လင်းရီ စိတ်သက်သာရာရသွားခဲ့သည်။

အမှန်တရားကို လျှို့ဝှက်ချက်တစ်ခု အဖြစ် ထားထား၍မရပေ။ မည်သူမဆို လုံလောက်အောင် တူးဆွလိုက်မည်ဆိုပါက ရှာတွေ့သွားမည်မှာ မလွဲမသွေပင်။

ချောင်ကျင်းချိုးကဲ့သို့ အမျိုးသမီးဆိုလျှင်တော့ ထွေထူးအားစိုက်နေရန်တောင်မလိုပေ။

သို့တိုင်အောင် သူ စက်ရုံဒါရိုက်တာ ဖြစ်ကြောင်း သူမသိသွားသော်လည်း လင်းရီ၏ လက်ရှိအခြေအနေကို တော့အကျိုးသက်ရောက်ခြင်း မရှိ။ လုံရှင်းသုတေသန စင်တာဥက္ကဋ္ဌ ၊ ချီရှန်းကျောက် နှင့် ဟော်ယွမ်ယွမ်တို့၏ အထောက်အထားကသာလျှင် အရေးကြီးဆုံးဖြစ်သည်။

ထိုသတင်းအချက်အလက်များ မပေါက်ကြားသေးသရွေ့တော့ သူ၏ လုပ်ငန်းအကြံအစည်များကို ထိခိုက်စေလိမ့်မည်မဟုတ်ပေ။

ချောင်ကျင်းချိုးကတော့ လုံရှင်း သုတေသနစင်တာမှာ သူ၏အပိုင်ဖြစ်ကြောင်း တွေးမိလိမ့်မည် မဟုတ်ကြောင်း သူအသေအချာသိသည်။

ထိုအကြောင်းများတွေးတောရင်း လင်းရှီ ချီရှန်းကျောက်ထံ ဖုန်းခေါ်လိုက်၏။

သူ နှစ်ယောက်စလုံးကို ချောင်ကျင်းချိုုရှေ့၌ သူတို့၏ အထောက်အထားများကို မဖော်ထုတ်ရန် သတိပေးထားပြီးဖြစ်သော်လည်း စက္ကန့်အနည်းငယ်မျှကြာအောင် စဉ်းစားပြီးနောက် ကြိုတင်ကာကွယ်သည့်သဘောဖြင့် ရှန်းထျန်းကျိုးထံ ဖုန်းခေါ်လိုက်သည်။

"ဒါရိုက်တာရှန်း... ကျုပ် ခင်များနား

အကူအညီလေးတစ်ခုလောက် တောင်းချင်လို့..."

"ဘာလို့အဲ့လောက်ထိ ယဉ်ကျေးနေတာ....

"ချီရှန်းကျောက်မှ ပြုံးလိုက်ပြီး

"မင်းလိုအပ်တဲ့အရာကိုသာ တန်းပြောလိုက်..."

"ဒါရိုက်တာရှန်းရဲ့လက်အောက်မှာ ဟက်ကာ

တစ်ချို့လောက်ရှိလား..."

"ဟက်ကာတွေလား....အင်း...ငါ့အသင်းထဲမှာတော့

အဲ့တာတွေလေ့လာရတာ ကြိုက်တဲ့သူတွေ

တစ်ယောက်စ နှစ်ယောက်စတော့ရှိတယ်... ဒါပေမယ့်

သူတို့ရဲ့စကေးတွေကတော့

အကန့်အသတ်နဲ့နော်.....မင်းလိုအပ်တဲ့ အနေအထားနဲ့ ကိုက်ညီချင်မှ ကိုက်ညီမှာ....."

ရှန်းထျန်းကျိုး လင်းရီအကြောင်း ကောင်းကောင်းနားလည်ပေသည်။ လင်းရီ အာရုံစိုက်နေသည်ဆိုမှတော့ သာမန်ကိစ္စတော့ မဟုတ်လောက်ချေ။

"ဒါပေမယ့် ဒီရဲ့နယ်ပယ်မှာ ကျွမ်းကျင်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ချို့တော့ရှိတယ်.... မင်းဖြစ်ချင်တာပြောလေ.... ငါသူတို့ကို ဆက်သွယ်လိုက်မယ်...."

"ဒါရိုက်တာရှန်းလည်း သိမှာပါ...ကုမ္ပဏီရဲ့ သတင်းအချက်အလက်ကို

ရှာကြည့်လို့ရတဲ့ 'ကောင်းကင်မျက်လုံး ' ဝက်ဘ်ဆိုဒ် ဆိုတာ....အဲ့ဝက်ဘ်ဆိုဒ်ထဲ ဖောက်ဝင်ပြီးတော့ ကျိုးဟိုင်က လင်းယွမ်အုပ်စုရဲ့ဥက္ကဌနာမည်ကို ချင်းဟာန်ဆိုပြီး ယာယီပြောင်းထားပေးလို့ရမလား...."

ချင်းဟာန် : ".........."

ငါက ဘာကောင်ကြီးမှမဟုတ်ဘူးလေ... ဘာလို့ ငါ့နာမည်ကို အလွဲသုံးစား လုပ်နေတာ

"ကောင်းကင်မျက်လုံး...."ရှန်းထျန်းကျိုး စဉ်းစားနေဟန်ဖြင့် ရေရွတ်လိုက်ပြီး "ရန်ကျင်းက ကုမ္ပဏီမလား....ပိုင်ရှင်က လီကျစ်မင်လေ...."

"အမ်... ခင်များက သိတယ်ပေါ့...."

"ဒါပေါ့ကွ... ငါနဲ့ လုပ်ဖော်ကိုင်ဖက် အရင်းခေါက်ခေါက်ကြီးတွေပဲလေ.... သူအရင်တုန်းက မိုက်ခရိုဆော့ဖ်မှာ တောင် အလုပ်လုပ်သွားသေးတယ်.... အတော်လေး သဘောကောင်းတဲ့လူလို့ ပြောရမယ်...."

"ငိုးပဲ...."လင်းရီ နှုတ်မှ လွှတ်ကနဲ ဆဲမိသွားခဲ့ပြီး "အဲ့လိုဆို ပိုပြီး လွယ်သွားတာပေါ့...."

"အိုကေ.... ငါ သူ့ကို ဖုန်းဆက်လိုက်မယ်.... အိုး ဒါနဲ့ ပြောမယ်ပြောမယ်နဲ့ ခုမှ သတိရတယ်...."

"ဘာများလဲ...."

"ရှေ့နှစ်ရက်လောက်တုန်းက ငါတို့ပရောဂျက်မှာ အသေးစား အောင်မြင်မှုလေးတစ်ခု ရထားတယ်....ငါ ရီပို့ကို သေချာစီစစ်ပြီးတော့မှ မင်းဆီ မေးလ်ပို့လိုက်မယ်ကွာ.... အားတဲ့ချိန် ဖတ်ကြည့်ပြီးတော့ လက်မှတ်ထိုးလိုက်....."

"အာ....မကောင်းဘူးထင်တယ်နော....ကျုပ်က ဘာမှမလုပ်ပဲနဲ့ ဒါရိုက်တာရှန်းရဲ့အားထုတ်မှုတွေကို အလကားယူနေသလိုကြီး ဖြစ်သွားပြီ....."

"သောက်ရေးမပါတာတွေ.. မင်းရဲ့ ထောက်ပံ့မှုတွေကြောင့်သာ မဟုတ်ရင် ဒီလိုရလဒ်မျိုးတွေ ထွက်လာမှာတဲ့လား.. "ရှန်းထျန်းကျိုး ပြောလိုက်သည်။

"ကောင်းပြီ....အဲ့လိုဆို
ကျုပ်တစ်ချက်ကြည့်လိုက်မယ်...."

"အိုကေ..."

......

ဖုန်းလန်ယဉ်ကျေးမှု၊ အထွေထွေမန်နေဂျာရုံးခန်း။

လင်းရိ ဖုန်းချသွားပြီးနောက် ချောင်ကျင်းချိုး
နေရာ၌ထိုင်နေသည်မှာ ဆယ်မိနစ်ကျော်သွားပြီဖြစ်၏။

သူမ လင်းရိပြောခဲ့သည့် စကားလုံးများကို
ဖြစ်နိုင်ချေမျိုးစုံမှ စဉ်းစားတွေးခေါ်နေသည်။

သို့သော်လည်း ယခုအချိန်ထိ သဲလွန်စကတော့ ရှာမတွေ့သေးချေ။

သူ၏ ဒေါက်တာဟူသည့် အထောက်အထားမှာတော့ လင်းရီမှ ငွေပေးဝယ်ထားခြင်းဖြစ်လောက်၏။ သူ၏ကိုယ်ပိုင်အစွမ်းအစနှင့် ရရှိထားခြင်းတော့ မဟုတ်လောက်ချေ။

အချိန်အတော်ကြာအောင် စဉ်းစားပြီးနောက် ချောင်ကျင်းချို့ မနေနိုင်ဘဲ သူ့အစ်ကိုထံ ဖုန်းခေါ်လိုက်သည်။

"အစ်ကို နင်အခု ဘယ်မှာလဲ...."

"စက်ရုံမှာ... ဘာကိစ္စရှိလို့....."

"ကျွန်မ အရေးကြီး ပြောစရာရှိတယ်...
စက်ရုံမှာစောင့်နေ ... အခုလာခဲ့မယ်...."

"ဟာ... ခု မလာသေးနဲ့ဦး....ငါအရေးတကြီး
အပြင်ထွက်စရာရှိသေးလို့...နောက်တစ်ခေါက်မှ
လာခဲ့တော့... "ချောင်ရှန့်ယွီ စိတ်မရှည်စွာ
ပြောလိုက်ပြီး

"မင်းအစ်ကိုက လုပ်စရာတွေ အများကြီး ရှိနေတယ်...
ဒီတော့ ဒါပဲ...."

မောင်နှမနှစ်ဦး အာဃာပြိုင်ဆိုင်ချိန်ဖြစ်၍ ယခု
ချောင်ရှန့်ယွီ အမုန်းဆုံးကို

မီးမောင်းထိုးပြပါဆိုလျှင်တော့ ချောင်ကျိုးချိုးသာ ဖြစ်ပေလိမ့်မည်။

တစ်ခါတစ်ရံ သူညီမကို ကားတိုက်သေပါစေဟုတောင် သူတိတ်တဆိတ် ဆုတောင်းမိသည်အထိ မုန်းတီးမိ၏။

"မချသေးနဲ့...."ချောင်ကျင်းချိုး အော်ဟစ်လိုက်ပြီး အမိန့်ပေးသည့် လေသံဖြင့် "နင့်ဘာနင် ဘယ်လောက် အလုပ်များနေပါစေ ကျွန်မကို စက်ရုံမှာ စောင့်နေရ....ဒါ သေရေးရှင်ရေးလောက်ကို အရေးကြီးတဲ့ ကိစ္စ .... "

ချောင်ကျင်းချိုး၏ အလျှော့မပေးသည့် လေသံကိုကြားတော့ ချောင်ရှန့်ယွီဘက်မှ ခေတ္တမျှ တိတ်ဆိတ်သွားပြီး "အဲ့တာဆိုလည်း အမြန်လာခဲ့... ငါ့မှာ အရေးတကြီး လုပ်စရာတွေရှိသေးတယ်...."

ဖုန်းချပြီးနောက် ချောင်ကျင်းချိုး သူမ၏
လက်ကိုင်အိတ်ကို လွယ်ကာ ကားသော့ကို ယူပြီး ရှန့်ရန်
စက်မှုဇုန်သို့ ထွက်လာခဲ့သည်။

သို့သော်လည်း သူမ ကားစက်မနှိုးမီ
ကောင်းကင်မျက်လုံး ဝက်ဆိုဒ်ထဲဝင်၍
လင်းယွမ်အုပ်စု၏ တရားဝင်ပိုင်ဆိုင်သူ နာမည်ကို
စစ်ကြည့်လိုက်၏။
လင်းရီ၏ နာမည်ကို တွေ့သည့်အခါမှသာ သူမ
စိတ်သက်သာရာ ရသွားခဲ့သည်။

ချောင်ရှန့်ယွီကတော့ ရုံးခန်းထဲရှိ ထိုင်ခုံပေါ်တွင်
ထိုင်လျက် သူ့အတွင်းရေးမှူး၏ အပြုအစုကို
ဇိမ်ခံရင်းမှိန်းနေလေသည်။

လင်းရီ ပြောလိုက်သည့်နေ့ကတည်းမှစ၍
သူဆေးလိပ်ဆိုပါက လှည့်ပင်မကြည့်တော့ချေ။
ထို့ကြောင့် အတော်လေး အဆင်ပြေနေခဲ့၏။

မကြာခင် သူ၏ ကိုယ်မှာ တဆတ်ဆတ်တုန်ခါလာပြီး
အတွင်းရေးမှူး၏ ခေါင်းကို တင်းကြပ်စွာ
ဆုပ်ကိုင်ထားလိုက်သည်။ ထို့နောက်
သက်တောင့်သက်သာဖြစ်ဟန်ဖြင့်
ထွက်သက်အရှည်ကြီး မှုတ်ထုတ်လိုက်၏။

အတွင်းရေးမှူးမလေးကတော့ နေသားကျနေဟန်ပင်။
ဘယ်လိုမှပင် ဖြစ်ပုံမရပဲ ရာဂစိတ်ထန်နေသည့်
မျက်နှာအမူအရာလုပ်လျက် နှုတ်ခမ်းသပ်ကာ
အားလုံးမျိုချလိုက်တော့သည်။

"အရမ်းအရသာရှိတာပဲ... ဘော့စ်
ဆေးလိပ်ဖြတ်လိုက်တာ အရမ်းကောင်းတဲ့
ဆုံးဖြတ်ချက်လို့တောင် ပြောလို့ရတယ်...." သူမ
ချောင်ရှန့်ယွီ၏ တန်ဆာကို သန့်ရှင်းပေးရင်း
ဇစ်ပြန်ပိတ်ပေးလျက် ပြောလိုက်၏။

"မင်းက ကောင်းမှန်း
အခုမှသိတယ်ပေါ့....အပြစ်ပေးတဲ့အနေနဲ့ မင်း ဒါကို
တစ်နေ့လုံးဝတ်ထားရမယ်...."
ချောင်ရှန့်ယွီမှ တစ်လက်မခွဲမျှ ရှည်လျားသည့်
အရာတစ်ခုကို အတွင်းရေးမှူးမ၏ကိုယ်ထဲသို့
ထိုးထည့်ရင်း ပြုံးလျက်ဆိုသည်။ ထိန်းချုပ်သည့်

ခလုတ်ကတော့ သူ့လက်ထဲ၌ရှိ၏။ အထင်သေးသည့်
သူမကို မကြာမကြာ အပြစ်ပေးရပေမည်။

"အပြင်မှာသွားစောင့်နေ .. ခဏနေဆို ကျင်းချိုးက
ရောက်လာခဲ့တော့မှာ...."

"ကောင်းပါပြီ ဘော့စ်...." ဖွာလန်ကျဲနေသည့်
ဆံပင်ပုံစံဖြင့် အင်္ကျီများကို သပ်ရပ်အောင် ပြင်ရင်း
ရုံခန်းထဲမှ ထွက်ခွာသွားလေသည်။

မကြာမီ ရုံးခန်းတံခါးမှာ ပွင့်ဟလာခဲ့ပြီး ချောင်းကျင်းချိုး
ဝင်လာခဲ့၏။

"ရှိး.. ကျင်းချိုးတောင်
ရောက်လာပါရောလား....ဘာသောက်မလဲ
ကော်ဖီလား...ရေအေးလား...."

"မလိုဘူး.... "ချောင်ကျင်းချိုး အေးစက်စက် ဆိုလိုက်ပြီး
"ကျွန်မ ခုရောက်လာတာက Sci-tech နဲ့
ပူးပေါင်းတာကို ချက်ချင်းရပ်ဖို့ လာပြောတာ...
ခုချက်ချင်းနော်....."သူမ နောက်ဆုံးစကားလုံးသိ
သိသာစေရန် မာန်နှင့် ဖိသိပ်၍ ပြောလိုက်သည်။

ချောင်ရှန့်ယွီ ကြက်သေသေသွားခဲ့၏။

'ဒီကောင်မက ဘာလားဟ....သူ့ခိုင်းတိုင်း
လိုက်လုပ်မယ်များအောက်မေ့နေတာလား....ဆောတီးပဲ
မနေ့ကနဲ့ ဒီနေ့နဲ့က မတူတော့ဘူး....'

"ကျောင်းချိုး...ငါ Sci-tech ကို ဒီလိုမျိုး
ငါ့လက်ထဲရောက်လာအောင်လို့ ဘယ်လောက်ထိ
ကြိုးပမ်းထားရလဲဆိုတာ မင်းနားလည်လား...."

"မင်းက ခုမှ သွားတောင်
စုံအောင်မပေါက်သေးတာကိုများ ငါ့လာပြီးတော့
ဘာလုပ်ပါ ညာလုပ်ပါဆိုပြီး
အမိန့်လာပေးနေတယ်ပေါ့...."

"Sci-tech နဲ့ ချုပ်ထားတဲ့ စာချုပ်ကနေ
အကျိုးအမြတ်တွေ
ဘယ်လောက်ရထားလဲဆိုတာကိုကော မင်းမသိတာ
လား....ဒါတောင်မှ ငါက
ရပ်တန့်လိုက်ရမယ်ဆိုတော့...အဲ့လိုလုပ်လိုက်ရင်

ကုမ္ပဏီက ဘယ်လောက် နစ်နာသွားမလဲဆိုတာကို မင်း မစဉ်းစားဘူးလား... မင်းရဲ့ဦးနှောက်က ဘယ်ကျောင်းရောက်နေတာ...."

"အစ်ကိုဘက်က လက်ခံဖို့ ခက်ခဲမယ်ဆိုတာ ကျွန်မ နားလည်တယ်... ဒါပေမယ့် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေ မဖြစ်အောင်လို့တော့ ကျွန်မတို့ ဒီမှာတင် ရပ်မှဖြစ်မှတော့မှာ...." တစ်ဖက်မှ တင်းလာ၍ သူမ၏ လေသံကို အနည်းငယ်လျှော့လိုက်သည်။

ချောင်ရှန့်ယွီ၏ အမူအရာမှာ သဘာဝမကျ ဖြစ်သွားခဲ့သည်။ သို့သော်လည်း သူ့ရှေ့ထိုင်နေသူမှာ သူညီမဖြစ်၏။ ထို့ကြောင့် မကျေမချမ်းဖြစ်မှုများကို ပိရိစွာ ဖုံးကွယ်ထားလိုက်လေသည်။

"ကျင်းချိုး.... မင်းက ငါ့ညီမ ဖြစ်နေတာကြောင့်မို့လို့
ကျိုးကြောင်းမဆီလျော်တာတွေ
တောင်းဆိုလာတာတောင်မှ အကြောင်းပြချက်
ကောင်းကောင်းပေးမယ်ဆိုရင် ငါတို့ စကားအေးဆေး
ဆက်ပြောလို့ရသေးတယ်...."

ထိုသို့ မေးခွန်းထုတ်ခံလိုက်ရသည့် အချိန်တွင်တော့
ချောင်ကျင်းချိုး မျက်မှောင်ကြုတ်သွားခဲ့သည်။

သူမတွင် တိကျသေချာသည့်
အကြောင်းပြချက်ဟူ၍မရှိ။ ထို့ကြောင့် သူမ
ထိုမေးခွန်းကို မဖြေနိုင်ပေ။

သူမလက်ထဲတွင်လည်း သတင်းအချက်အလက် အနည်းငယ်မျှသာရှိပြီး အများစုမှာတော့ သူမ၏ အလိုလိုသိစိတ်များသာဖြစ်၏။

သို့သော်လည်း ထိုအကြောင်းပြချက်လောက်နှင့်တော့ သူမအစ်ကို ကို ဖြောင်းဖြ၍ရလိမ့်မည် မဟုတ်ချေ။

"နင်နဲ့ အလုပ်တွဲ လုပ်နေတဲ့ လင်းရီဆိုတဲ့လူက ရိုးရှင်းတဲ့လူ မဟုတ်ဘူး..."

သူမတိုက်ရိုက် မပြောလိုက်သည်က ချောင်ရှန့်ယွီကို မနာကျင်စေသောကြောင့်ပင်။ သူမအမြင်တွင် တော့ သူမအစ်ကို၏ IQ မှာ လင်းရီနှင့် တူညီသည့် လယ်ဗယ်တစ်ခု၌ပင် ရှိမနေချေ။

လင်းရီ၏ သာမန်မဟုတ်သည့် အပြုအမူတို့က
အလကားသပ်သပ်တော့ မဟုတ်လောက်ချေ။
နောက်ကွယ်တွင် သူမတို့ သတိမမူမိသည့်
အကြောင်းအရင်းတို့ ရှိရပေမည်။

"အမှန်ပဲ... လင်းရီက တကယ့်ကို သာမန်မဟုတ်တာ...
မဟုတ်ရင် ငါ သူ့ကို ကိုယ်တွယ်ဖို့ လောက်ထိ
အားစိုက်ထုတ်လိမ့်မယ်လို့ ထင်လား....
"ချောင်ရှန့်ယွီ  မေးငေါ့၍ ပြောဆိုလိုက်သည်။

"ဒါပေမယ့် အစ်ကို နင်က သူဘယ်သူလဲဆိုတာ
သိလို့လား...."

"ဘယ်သူဖြစ်ရမှာ... ဝမ်ထျန်းလုံရဲ့ယောက်ဖလေ."
ချောင်ရှန့်ယွီမှ အထင်သေးစွာ
ကြည့်လျက်ပြောလိုက်၏။

"ဟမ့်... အဲ့လောက် ရိုးရှင်းတယ်လို့
ထင်နေတာလား....တကယ်တော့ သူက
လင်းယွမ်အုပ်စုလို ကုမ္ပဏီကြီးကို နောက်ကွယ်ကနေ
ထိန်းချုပ်နေတဲ့ သူဌေးကြီးပဲ....သူက လုံးဝကို
သာမန်လူမဟုတ်ဘူး...."

ငင်းကိုကြားတော့ ချောင်ရှန့်ယွီ
ကြက်သေသေသွားခဲ့၏။

လင်းရီတွင် ထိုမျှ စိတ်တုန်ဟီးဖွယ်
အထောက်အထားကြီး ရှိနေလိမ့်မည်လို့ သူ
မထင်မှတ်ထားခဲ့ပေ။
ယခုမတိုင်ခင်တော့ သူလင်းရီကို အူမချေးခါးကအစ
အကုန်သိသည်ဟု မှတ်ယူထားခဲ့၏။

သကောင့်သားမှာ လောင်းကစားမက်မောပြီး
မိန်းကလေးများနှင့် အချိန်ဖြုန်းရသည်ကို
ပျော်မွေ့သူတစ်ဦးပင်။

"သေချာလို့လား....."

"သေချာတာပေါ့.... မသေချာရင် ဒီထိ
တကူးတကလာပြီးတော့ ပြောမယ်များ
ထင်နေတာလား....."

ချောင်ရှန့်ယွီမှ သူမစကားလုံးများကို နားဝင်နေသည်ကိုမြင်တော့ ချောင်ကျင်းချိုး တိတ်တဆိတ် သက်ပြင်းချမိလိုက်သည်။

"နင် မယုံရင်လည်း ကောင်းကင်မျက်လုံး ဝက်ဆိုဒ်မှာ ရှာကြည့်ကြည့်လိုက်... အဲ့မှာ ကုမ္ပဏီအားလုံးရဲ့ အချက်အလက်တွေရှိပြီးသား....."

ချောင်ရှန့်ယွီ ခေါင်းညိမ့်ပြီး သူ၏ အတွင်းရေးမှူးကို အော်ခေါ်လိုက်သည်။

"ကျန်းမုန့်...."

"ဟုတ်ကဲ့ပါဘော့စ်....ဘာအလိုရှိလို့ပါလဲရှင့်...."

"လင်းယွမ်အုပ်စုအကြောင်း
အသေးစိတ်သိချင်တယ်...."

"ဟုတ်ကဲ့ပါ....."

အတွင်းရေးမှူးမှာ အသင့်ရှိသည့် သူမ၏ လပ်တော့ပ်ဖြင့် ကောင်းကင်မျက်လုံး ဝက်ဆိုဒ်ထဲသို့ ဝင်ရောက်ကာ လင်းယွမ်အုပ်စုအကြောင်း တူးဆွကြည့်လိုက်သည်။

ချောင်ကျင်းချိုးကတော့ ဆိုဖာပေါ်တွင် ထိုင်နေလျက် အလွန်အမင်း သက်တောင့်သက်သာ ဖြစ်နေလေသည်။

နောက်ဆုံးတော့ သူမအစ်ကိုမှာ သူမ၏စကားကို နားဝင်သွားခဲ့ချေပြီ။

သူမ မလာခင်ကလည်း ကောင်းကင်မျက်လုံးထဲရှိအချက်အလက်များကို အတည်ပြုပြီးဖြစ်၏။

သူမအစ်ကို ရှာကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ဘာဖြစ်နေသလဲဆိုတာကို နားလည်သွားပေလိမ့်မည်။

ချောင်ကျင်းချိုး သူမအစ်ကို ကို ဖြောင်းဖြနိုင်ပြီဟူ၍ တွေးတောနေကာရှိသေး ချောင်ရှန့်ယွီမှ သူမကို လှောင်ပြောင်သည့် အကြည့်တို့ဖြင့် ကြည့်နေကြောင်း သတိထားမိသွားသည်။

"ကျင်းချိုး.... ငါတော့ မင်းကို တကယ်ကြီး မျှော်လင့်ချက်မဲ့နေပြီ....."

အခန်း (၃၈၇)

လျှောက်သွားမနေနဲ့၊ ဖုန်းကိုလည်း ဖွင့်ထား

" အစ်ကို နင်ဘာပြောချင်နေတာ...."

"ဟမ့် မင်းကပဲ မေးရတယ်ရှိသေး.... ကိုယ့်ဘာကိုယ်ပဲ ကြည့်ကြည့်လိုက်...."

သူ့ရှေ့ရှိ ထိုင်နေသူမှာ သူညီမဖြစ်ကြောင်း ဂရုမစိုက်နိုင်တော့ပဲ ချောင်ရှန့်ယွီ၏အမူအရာမှာ လုံးဝကို အုံ့မှိုင်းနေလေသည်။ သူလက်တော့ပ်ကို ချောင်ရှန့်ယွီဘက်သို့ လှည့်ပြလိုက်၏။ စခရင်ပေါ် ရှိ

စာသားများကို မြင်သည့်အချိန်တွင်တော့
ချောင်ကျင်းချိုးမှာ လုံးဝ
ကြက်သေသေသွားတော့သည်။

အဘယ်ကြောင့်ဆိုသော် တရားဝင် ပိုင်ဆိုင်သူနေရာ၌
ချင်းဟန်၏ အမည်ကို ထင်းနေအောင်
ရေးသားထားသောကြောင့်ပင်။

"ဒါ...ဒါ... ဒါဘယ်လိုလုပ်ဖြစ်နိုင်မှာ....."

ချောင်ကျင်းချိုး မျက်လုံးလေးများ ပြူးကျယ်သွားခဲ့ပြီး
ဖြစ်ပျက်နေသည်များကို နားလည်နိုင်ခြင်း မရှိတော့ချေ။

လင်းယွမ်အုပ်စု၏ ဘောဇ်မှာ လင်းရီဖြစ်ကြောင်း သူမ
မိုးနှင့်မြေကို သက်သေထူ၍ ပြောနိုင်လေသည်။

မဟုတ်ပါက သူမနှင့်အတူ ရင်းနှီးမြုပ်နှံဖို့ ဆွေးနွေးလိမ့်မည် မဟုတ်ချေ။

'တရားဝင်ပိုင်ဆိုင်သူက ဘယ်လိုလုပ်ပြီး ချင်းဟန် ဖြစ်သွားခဲ့တာလဲတဲ့....'

"မဖြစ်နိုင်ဘူး...ဒါလုံးဝ မဖြစ်နိုင်ဘူး.....လင်းယွမ်အုပ်စုရဲ့နောက်ကွယ်သူဌေး ကြီးက လင်းရီဆိုတာ ကျွန်မ အာမခံနိုင်တယ်...."

"အဲ့တာဆို ဒီ ဝက်ဆိုဒ်ကပဲ မှားနေတယ်ပေါ့...."ချောင်ရှန့်ယွီ အေးစက်စွာ မေးမြန်းလိုက်ပြီး "မင်းကပဲ ငါ့ကို ကောင်းကင်မျက်လုံးမှာ ရှာကြည့်ဖို့ ပြောတယ်....ခုကျတော့ ဒီထဲက

သတင်းအချက်အလက်တွေကို
မယုံခိုင်းပြန်ဘူး....မင်းငါ့ကို လာစားနေတာလားကွ...."

ချင်းဟန်၏ နာမည်ကို စူးစိုက်ကြည့်ရင်း သူမ ထင်ယောင်ထင်မှားဖြစ်နေသည့်အလား ခံစားနေရသည်။ သူမ၏ ဦးနှောက်မှာ လျှင်မြန်စွာ အလုပ်လုပ်နေပြီး အဘယ်ကြောင့် ယခုကဲ့သို့ ပြောင်းလဲသွားကြောင်း အသည်းအသန် အဖြေရှာကြည့်နေတော့သည်။ သူမ မလာခင်က လင်းယွမ်ကုမ္ပဏီ၏ ဘော့စ်မှာ လင်းရီဖြစ်ကြောင်း အတည်ပြုထားခဲ့ပြီးယခုတော့ ချင်းဟန်ဟု စာလုံးအမည်းဖြင့် အထင်းသား ရေးထားသည်ကို မြင်တွေ့နေရ၏။

'ခုမှ ဘယ်လောက်ကြာသေးလို့...နာရီဝက်လားပဲ... အဲ့တာကို ဘယ်လိုလုပ်ပြီး ဒီလိုတွေ ပြောင်းလဲကုန်တာ...'

အကယ်၍ လင်းရီတွင် အာဏာပါဝါတို့ရှိလျှင်တောင် တရားဝင်ပိုင်ဆိုင်သူ၏ အမည်ကို နာရီဝက်နှင့် ပြောင်းလဲဖို့ရာ မည်သို့မျှ မဖြစ်နိုင်ချေ။

'သူ ဘယ်လိုတွေ လုပ်လိုက်တာပါလိမ့်.....'

"ငါ့ရဲ့ချစ်လှစွာသော ညီမလေး... မင်းက မင်းအစ်ကိုရဲ့ ရည်ရွယ်ချက်တွေကို သံသယဝင်နေတာလား....."ချောင်ရှန့်ယွီ ပြောလိုက်ပြီး "မင်းက ခု ကိုယ်ပိုင်ကုမ္ပဏီတစ်ခုလည်း တည်ထောင်ထားတယ်... နောက်ပြီး မင်းက

နောင်ကျရင် ယောက်ျားကလည်း ယူရဦးမှာ.... Cisco ကို မင်းလက်ထဲထည့်လိုက်တာက သူများကို ပေးလိုက်တာနဲ့ ဘာမှ မခြားတော့ဘူးမဟုတ်လား....ဒါတောင်မှ ဘာလို့ မင်းအစ်ကို ကို လက်ခံပေးဖို့ ဘာလို့ ဒီလောက်ထိ ခက်ခဲနေတာ....ဒါမှမဟုတ် မင်းအစ်ကိုရဲ့ အောင်မြင်မှုတွေကို လက်သင့်မခံနိုင်ဘူး ဖြစ်နေတာလား.....ချောင်မိသားစုဝင် တစ်ယောက်အနေနဲ့ မင်းဒီလိုလုပ်တာကြီးက သဘောထားသေးသိမ်လွန်းရာ မကျလွန်းဘူးလား....."

"ကျွန်မ ဘယ်တုန်းကမှ သဘောထား မသေးသိမ်ခဲ့ဖူးဘူး...."ချောင်ကျင်းချိုး ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး "ကျွန်မ ကိုယ်ပိုင်ကုမ္ပဏီကို

တည်ထောင်ပြီးကတည်းကနေ Cisco ကို လက်လွှဲယူဖို့ စဉ်းကိုမစဉ်းတော့တာ.... ကျွန်မ ခုလုပ်နေသမျှကလည်း ချောင်မိသားစုကို တတ်နိုင်သလောက် ကာကွယ်ဖို့ပဲ....."

"ဟက် ကာကွယ်တယ်....."ချောင်ရှန့်ယွီ နှာခေါင်းရှုံ့ပြီး ချောင်ကျင်းချိုးကို ကြည့်လိုက်သည်။ သူ၏ အကြည့်များထဲတွင်တော့ စက်ဆုပ်ရွံရှာမှုများ အထင်သေးမှုများနှင့် ပြည့်နှက်နေပြီး ညီမအရင်းကို ကြည့်သည့်အကြည့်ဟူ၍ပင် ယုံရန်ခက်ခဲလှ၏။

"ငါ့ကို Sci-tech နဲ့ OEM စာချုပ်ကို ရပ်ဆိုင်းပြီးတော့ အော်ဒါတွေကို အချိန်မှီ မပို့နိုင်ပဲ စာချုပ်ကတိချိုးဖောက်တဲ့အတွက်

လျော်ကြေးအကြီးစား ပေးရအောင်လုပ်တာက မင်းပြောတဲ့ ကာကွယ်မှုကြီးပေါ့....."

ချောင်ရှန့်ယွီကတော့ နိုင်ကွက်ကို တွေ့သွားသည့်အတွက် နာနာနှိပ်ကွတ်ကာ ချောင်ကျင်းချိုးကို စကားပြန်ပြောရန် အခွင့်အရေးပင်မပေးဘဲ "ဒါမှမဟုတ် မင်းက ငါ့ကို ဒီလိုတွေဖြစ်အောင်လုပ်ပြီးတော့ ငါ့အကြံအစည်တွေကို ဖျက်ဆီးဖို့ကြံနေတာလား....အဲ့ခါကျ အဖေကလည်း မင်းကို ဘက်လိုက်ပြီးတော့ မိသားစုထဲမှာလည်း မင်းရဲ့ ဂုဏ်သတင်းကို တည်ဆောက်ပြီးသား ဖြစ်သွားမယ်လေ...မင်းအဲ့လိုလုပ်ချင်နေတာမလား..."

"နင်ဘာတွေ လာပြောနေတာ....ငါတို့က သွေးရင်း
မောင်နှမတွေလေ.... ငါ့စိတ်ဓာတ်က အဲ့လောက်ထိ
မယုတ်ညံ့ဘူး....."
ချောင်ကျင်းချိုး ဒေါသထွက်စွာဖြင့် အသားများ
တဆတ်တဆတ်တုန်နေပြီး သူမ၏ နှုတ်ခမ်းနီပင်လျှင်
ဖြူဖျော့နေသည့်  နှုတ်ခမ်းသားတို့အား ဖုံးကွယ်ရန်
မစွမ်းသာတော့ချေ။

"အဲ့တာဆို မင်း ဒီကိစ္စကို
ဘယ်လိုလုပ်မှာ....လက်သင့်ခံနိုင်လောက်တဲ့
ဖြေရှင်းချက်ပေးမယ်ဆိုရင်တော့ အကောင်းဆုံးပဲ.... "

"ဟင်း....."ချောင်ကျင်းချိုး သက်ပြင်းအရှည်ကြီး
ချလိုက်သည်။

"ဒီလိုတွေဖြစ်လာမှတော့ ကျွန်မဘာက်ကလည်း ပြောစရာစကားမရှိတော့ဘူး....ဒီတိုင်းပဲ ထားလိုက်ကြတာပေါ့...."သူမ၏ အသံမှာ နဂိုအတိုင်း အေးစက်စက်ပြန်ဖြစ်သွားခဲ့သည်။

ယခုလိုအခြေအနေမျိုးတွင် သူမဘာပြောပြော အသုံးဝင်လိမ့်မည် မဟုတ်ကြောင်း ချောင်ကျင်းချိုး နားလည်ပေသည်။ ကိစ္စများမှာ ရှင်းပြရန် ခက်ခဲလှပြီး သူမလက်ထဲတွင် သက်သေတစ်စုံတစ်ရာလည်း မရှိစေကြောင့် အလျှော့ပေးထားလိုက်တော့သည်။

"အစ်ကို ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်...."

ထိုသို့ပြောပြီးနောက် သူမ လက်ဆွဲအိတ်ကို ယူကာ တံ့ဆိုင်းခြင်းမရှိ ရုံးခန်းထဲမှ ထွက်လာခဲ့၏။ ကားထဲတွင်တော့ ချောင်ကျင်းချိုး တစ်မိနစ်မျှ အသက်ပြင်းပြင်းရှိုက်ရင်း စိတ်တည်ငြိမ်အောင် ပြုလုပ်လိုက်သည်။ သို့သော် သူမ ပြဿနာ၏ အရင်းအမြစ်ကို စဉ်းစားမရသေးချေ။ သူမ ဖုန်းကို ကောက်ကိုင်ပြီး သူမအဖေထံ ခေါ်ဆိုလိုက်၏။

"ကျင်းချိုးလား... အဖေလည်း ခုလေးတင် ဖုန်းခေါ်မလို့ လုပ်နေတာ....."

"ဟုတ်လား အဖေက

ဘာလဲပြောမလို့....."ချောင်ကျင်းချိုး ဆွေးနွေးရန်

အလျင်မလိုပဲ အရင်မေးမြန်းလိုက်သည်။

"သမီးအစ်ကို ခုလေးတင် ဖုန်းဆက်လာတယ်...

သမီးသူ့ဆီ ရောက်လာခဲ့သေးတယ်ဆို....."

"အင်း...."

ချောင်ကျင်းချိုး

မျက်မှောင်တင်းတင်းကြုတ်လိုက်သည်။ မကောင်းသည့်

ခံစားချက်က သူမရင်ထဲ ပျံ့နှံ့လာလေသည်။

"အစ်ကိုက ဘာပြောလဲ...."

"ဟားဟား.... ဟိုလို ထွေထူးကိစ္စကြီး မဟုတ်ပါဘူးကွာ...."ချောင်ကျားတုံး အပြုံးလေးဖြင့် ပြောလိုက်ပြီး "လတ်တလော အဖေတို့ Cisco က အတော်လေး အဆင်ပြေနေတယ်.... သမီးအစ်ကိုရဲ့ ကြိုးပမ်းမှုတွေ အများကြီးပါတယ်လို့လည်း ဆိုရမှာပေါ့....ဒီတော့ သူ့ကို ဘာမှ စိတ်ပူမနေနဲ့.... ဒါနဲ့ သမီးရဲ့ မီဒီယာကုမ္ပဏီကကော အခြေအနေဘယ်လိုရှိလဲ...အဖေကူညီပေးရဦးမလား.... ."

"အဖေက သမီးကို အဲ့တာပြောဖို့ ခေါ်မလို့ပေါ့....."

"အင်း... အရေးကြီးတာတော့ မဟုတ်ပါဘူး..... သမီးအဆင်ပြေမပြေ အဲ့တာ အခြေအနေလေး သိချင်လို့...."

"သမီးဘက်ကတော့ အဆင်ပြေပါတယ်.... ဘာမှ စိတ်ပူဖို့ မလိုဘူး...."

"ဟုတ်ပါပြီ... ဒါနဲ့ အဖေ့ကို ဖုန်းခေါ်လိုက်တာက ဘာပြောမလို့လဲ....."

"ဘာမှ မဟုတ်တော့ဘူး.... ခုအဆင်ပြေသွားပြီ...."

ချောင်ကျင်းချိုး ဖုန်းချလိုက်ပြီး ဘေးသို့ ပစ်ချလိုက်သည်။ ထို့နောက် ထိုင်ခုံနောက်သို့ စိတ်ပျက်အားလျော့စွာဖြင့် မှီလိုက်ပြီး "လင်းရှီက အဖေတို့ကို အနေးနဲ့အမြန် အဆုံးသတ်တော့မှာဆိုတာကို အဖေတို့သိလား.....ဟင်း....."

..........

ကျိုကျုံးဗီလာတွင်။

ချောင်ကျင်းချိုးကိစ္စစီစဉ်ပြီးနောက် လင်းရှီ ဟွာရှန်းဆေးရုံသို့ ထွက်လာခဲ့၏။

သူ ဆေးရုံသို့ ဝင်ဝင်ချင်း လေထုမှာ မနေ့ကနှင့် ကွဲပြားနေပြီး အများကြီး သိပ်သည်းဖိစီးနေကြောင်း ခံစားနေရသည်။

ပါကင်ထိုးသည့်နေရာတွင်တော့ အဖြူအမည်း စစ်တပ် လိုင်စင်နံပါတ်ပြားများနှင့် ဂျစ်ကား၊ အော်ဒီ A6 များ ထိုးရပ်ထားသည်။ လိုင်စင်နံပါတ်ပြားများကို မြင်တော့ လင်းရှီ အထူးလူနာကို ပြေးမြင်ယောင်မိသွားသည်။

အဲ့ဒီလူနာကြောင့် စစ်သုံးကားတွေ ထိုးရပ်ထားတာနေမှာ....

သို့သော်လည်း အလွန်အမင်း မျက်စိဖမ်းစားနေသည့် အနီရောင် Civic တစ်စင်းလည်း ထိုးရပ်ထားသေး၏။

၎င်းကိုယ်ပေါ် ရှိ အနီရောင် လိုဂိုလေးကတော့ Type R ဖြစ်ကြောင်း ပြောပြနေလေသည်။

သွင်ပြင်သဏ္ဍာန်မှာ သာမန် Civics တို့နှင့် မကွာခြားလှသော်လည်း ဈေးနှုန်းပိုင်းတွင် အကြီးကြီး ကွာဟသွားခဲ့သည်။

Civic Type R များကို ဟွာရှတွင် ယွမ် ၈ သိန်းဖြင့် ရောင်းချလျက်ရှိပြီး ယင်းပမာဏက အနိမ့်ဆုံး ပြိုင်ကားတစ်စီး ဝယ်ရန် လုံလောက်လေသည်။

"နိုင်ငံထဲက လူနည်းစုတွေလောက်ပဲ ဒီလိုကားမျိုး စီးကြတော့တာ..."

လင်းရီ သူ့ရှာရီကို ပါကင်ထိုးရင်း ရေရွတ်လိုက်၏။ ထိုအချိန်တွင် ရှန်းထျန်းကျိုး၏ ရီပို့မှာ ရောက်လာခဲ့လေသည်။

အောက်ဆုံးတွင်တော့ တီထွင်သူများထဲမှ တစ်ဦးအနေဖြင့်  လင်းရီ လက်မှန်ထိုးရန် အသိပေးစာများ ရေးသားထားသည်။

လင်းရီလည်း အချိန်တွေအားနေသောကြောင့်
အစီရင်ခံစာကို တစ်ချက်လောက် ဖတ်ကြည့်ရန်
ဆုံးဖြတ်လိုက်လေသည်။

လင်းရီ ကြည့်ရင်းကြည့်ရင်းဖြင့် ရှုပ်ထွေးလာမှုတို့ကို
ခံစားလာရ၏။ လက်တွေ့အသုံးချကြည့်မှသာလျှင်
နားလည်နိုင်ပေလိမ့်မည်။

ပါဝင်သည့် ခေါင်းစဉ်များကတော့
ရှုပ်ထွေးပွေလီလွန်းပြီး သူကဲ့သို့ ချစ်ပ်နယ်ပယ်တွင်
ဆရာတစ်ဆူဖြစ်သူပင်လျှင် နားမလည်နိုင်ချေ။

လင်းရီ လုရင်းနှင့် စွန်းဖုယွီ၏ အစီရင်ခံစာကို
ဖတ်ရှုစဉ်က ထိုသို့ ခံစားချက်မျိုး မရရှိခဲ့ပေ။

သို့နှင့် လင်းရီလည်း အကြမ်းဖျင်း ဖတ်ကြည့်ရုံမျှသာ ဖတ်လိုက်သည်။ တစ်ခဏမျှ စဉ်းစားပြီးနောက် အီးမေးကိုပိတ်ကာ ရှန်းထျန်းကျိုးထံ ဖုန်းခေါ်လိုက်၏။

"ဘာလဲဖြစ်တာ...အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ တစ်ခုခုလွဲနေလို့လား..."

"ဒါရိုက်တာရှန်း ကိုယ်တိုင်လုပ်မှတော့ ဘယ်နားက လွဲနိုင်မှာ... "လင်းရီ ပြောလိုက်ပြီး "ကျုပ်က အစီရင်ခံစာရဲ့ အောက်ဆုံးမှာ အတိုင်ပင်ခံဆိုတဲ့ နေရာလေးတစ်ခု ထပ်ဖြည့်ချင်လို့...လုရင်းကို အဲ့တာလေး လုပ်ပြီးရင် ကျုပ်ဆီပြန်ပို့ပေးဖို့ ပြောပေးပါဦး...."

"အသေးမွှားလေးပါ... ငါလုပ်ပြီးရင် ပို့လိုက်မယ်...."

"ရပါတယ်... မလောပါနဲ့..."

လင်းရီ အဘယ်ကြောင့် ယခုလိုလုပ်ချင်နေမှန်း ရှန်းထျန်းကျိုး မသိသော်လည်း အထူးတလယ်လုပ်၍ ဂရုစိုက်မနေချေ။  သူ၏ အလုပ်မှာ သုတေသနကို တိုးတက်အောင်လုပ်ရန်သာဖြစ်သည်။

မကြာမီ ပြုပြင်ထားသည့် အစီရင်ခံစာ ပြန်ရောက်လ ခဲ့လေသည်။ လင်းရီကတော့ ဖွင့်မကြည့်တော့ပဲ နှလုံးအထုးကု ဌာနသို့သာ တန်းသွားလိုက်၏။

အလှည့်ကျ အဆိုင်းဆင်းရသည့် တာဝန်အရ ယနေ့မှာ သူ၏ နားရက်ဖြစ်ပြီး အရေးပေါ်ဌာနသို့ သွားရန် မလိုအပ်ပေ။

သို့သော်လည်း စနစ်မစ်ရှင်မှာ အလုပ်လုပ်နေစဉ်အတွင်း ပေါ်လာတတ်သောကြောင့် ဌာနသို့ သွား၍ လီချူးဟန်ထံ အလုပ်တောင်းရပေမည်။

သူရောက်သည့် အချိန်တွင်တော့ ဌာနတစ်ခုလုံးမှာ အလုပ်ကိုယ်စီရှုပ်နေကြပြီး ချောင်ရှင်းမှလွဲ၍ သူနှင့် ရင်းနှီးသူ တစ်ဦးတစ်ယောက်မျှလည်း မရှိချေ။

ချောင်ရှင်းလည်း ယနေ့ သူမအပေါ် အထက်လူကြီးများ အမြင်ကောင်းရှိစေရန် အလို့ငှာ နားရက်တွင် တခဏစာ အနားယူပြီး ဌာနသို့ရောက်လာခဲ့သည်။

"အစ်ကိုလင်း ရောက်လာပြီပေါ့..."လင်းရီကို မြင်သည့် အချိန်တွင် ချောင်ရှင်း အပြုံးလေးဖြင့် နှုတ်ဆက်လိုက်၏။

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ဒေါက်တာလီကော... ငါတို့ ဒီနေ့ ဘာလုပ်ရမှာလဲတဲ့...."

"ညီမလည်း ခုမှရောက်တာ.. ဒေါက်တာလီကို မမြင်မိသေးဘူး..."

"ဒါပေမယ့် ပြောသံကြားတာတော့ ဒီနေ့ အရေးကြီးတဲ့ ခွဲစိတ်မှုရှိတယ်ဆိုလားပဲ...ဒေါက်တာလီ လာပါ့မလားတောင် မပြောတတ်ဘူး...."

"အင်း... အဲ့တာဆိုလည်း ဒီမှာပဲ နေကြတာပေါ့..."

မကြာမီ လီချူးဟန် အပြင်မှ ဝင်လာခဲ့ပြီး
ချောင်ကျားဝမ်နှင့် ကျိုးဇီချန်းတို့လည်း နောက်မှ
လိုက်လာခဲ့လေသည်။

လင်းရီကို မြင်သည့်အချိန်တွင်တော့ ကျိုးဇီချန်း
မောက်မာစွာပြုံးလိုက်ပြီး လူတိုင်းကို
သူ့အောက်နိမ့်ကျသည့်ပမာ
အထင်သေးသည့်အမူအရာအား ပန်ဆင်ထား၏။

"ဒေါက်တာလီ..."လီချူးဟန်ကို မြင်တော့ ချောင်ရှင်းမှ
နှုတ်ခွန်းဆက်လိုက်သည်။

"နင်တို့ မနေ့က ညဆိုင်း ဆင်းပြီးပြီမဟုတ်လား...
အိမ်မှာ မအိပ်ပဲ ဒီဘာလာလုပ်တာ..."

"ကျွန်မ အိပ်ရေးဝသွားလို့လေ... ဒါကြောင့်မို့ စောစောလာပြီး စီနီယာတွေဆီကနေ အတွေ့ကြုံလာယူတာ...."

"နင်တို့ နှစ်ယောက်က ဒီနေ့ ဘာအဆိုင်းမှမရှိဘူး....တကယ်လို့ ဘာမှ လုပ်စရာ မရှိဘူးဆိုရင်လည်း အရေးပေါ်ဌာနကို သွားလိုက်ကြ.. မောရင်နားပေါ့... ကြိုက်သလိုသာဆုံးဖြတ်ကြ..."

"ဟုတ်ကဲ့ပါ ဒါရိုက်တာလီ..."

"ဟင်း... မနာလိုလိုက်တာကွာ... မင်းတို့က ဒီနေ့ ဘာတာဝန်မှ မရှိဘူးဆိုတော့

အရေးပေါ်ဌာနကိုသွားပြီးတော့ အချိန်ဖြုန်းလို့ရတယ်...
"
ကျိုးဇီချန်းမှ ပြောလိုက်သည်။

" ငါ့မှာကျတော့ မနေ့ညက ညဆိုင်းလည်း ဆင်းထားရ...
ခု ခွဲစိတ်ခန်းဝင်ဖွဲ့အတွက် ဆွေးနွေးခန်းထဲမှာလည်း
ထိုင်ရဦးမယ်...အိုက်ယား မျက်ခွံတွေတောင်
ဂဲဆွဲထားသလိုပဲ..."

"နင် အဲ့လောက် ပင်ပန်းနေရင်လည်း
သွားနားလိုက်လေ... လင်းရီက ဂျူတီမှ မရှိတာ...
ငါသူ့ကို ခေါ်သွားလိုက်မယ်..."လီချူးဟန်
ပြောလိုက်၏။

ကျိုးဇီချန်း "....."

ဒေါက်တာလီ...ခင်များကျွန်တော် ဟန်ရေးပြနေတာကို ဖျက်ဆီးဖို့ တမင်လုပ်လိုက်တာလား...

"မဟုတ်တာဗျာ.. ကျွန်တော်က ဒီတိုင်းစကားအဖြစ် ပြောတာလေးကို....လုံးဝ မအိပ်ချင်ပါဘူး..."ကျိုးဇီချန်း ကိုးရိုးကားယားဖြစ်စွာဖြင့် ပြောလိုက်သည်။

ချောင်ကျားဝမ်ကတော့ တစ်ခွန်းမျှ မဆိုချေ။ သူ၏ အမူအရာကင်းမဲ့နေသည့် မျက်နှာထားကြောင့် ဘာတွေးနေသလဲဆိုတာကို ခန့်မှန်းရ ခက်စေသည်။

ချောင်ရှင်း သူမ၏ ပစ္စည်းကိရိယာများကို စုဆောင်းရင်း အရေးပေါ်ဌာနသို့ သွားရန် ဟန်ပြင်လိုက်သည်။ လင်းရီလည်း ထို့အတူပင်။

"လင်းရီ...."

လင်းရီ လှည့်ထွက်တော့မည့် အချိန်တွင် နောက်ကျောမှ လီချူးဟန်၏ ခေါ်သံကို ကြားလိုက်ရ၏။

"ဒေါက်တာလီ ဘာလဲပြောမလို့..."

လီချူးဟန် တခဏမျှ တုံ့ဆိုင်းနေပြီးနောက် "လျှောက်သွားမနေနဲ့... ပြီးတော့ ဖုန်းလည်း ဖွင့်ထားဦး...."

"နားလည်ပါပြီ..."

သို့တိုင်အောင် လင်းရီ အနည်းငယ် ရှုပ်ထွေးနေသေးသည်။

လီချူးဟန်က ဘာလဲပြောချင်နေတာ...

နောက်ပိုင်းကျရင် ခွဲစိတ်ဖို့အတွက် သူ့ကို ခေါ်မှာမို့လို့လား...

သူတစ်ခုခုများ လွတ်သွားသေးလား...

အခန်း (၃၈၈)

**မှင်တက်ဖွယ်ရာ ချုပ်ရိုးရီပို့**

လင်းရီ ထွက်ခွာသွားပြီးနောက် လီချူးဟန်နှင့် ချောင်ကျားဝမ်တို့ တူဝရီးနှစ်ယောက် လက်ထဲတွင်

ဖိုင်တစ်ပွေ့ကြီး သယ်ဆောင်လျက် ဆွေးနွေးခန်းထဲသို့ ရောက်လာခဲ့ကြသည်။

နှလုံး သွေးကြောများနှင့် ပတ်သက်သည့် ခွဲစိတ်မှုမှာ ရှေးယခင်ကတည်းကပင် အလွန်အမင်း ရှုပ်ထွေးသည့် ခွဲစိတ်မှုကြီးဖြစ်၏။
ထို့ကြောင့် အမျိုးမျိုးသော ကျွမ်းကျင်ဆရာဝန်တို့ လိုအပ်မည်မှာ မြေကြီးလက်ခတ်မလွဲပင်။
အဘယ်ကြောင့်ဆိုသော် အမှားတစ်ချက်လေးကပင် လူနာကို အဆုံးသတ်သွားစေနိုင်သောကြောင့်ဖြစ်၏။

ထိုအချိန်တွင် ဟွာရှန်းဆေးရုံ၏ အဓိကမဏ္ဍိုင် ကျောရိုးများနှင့် ရာထူးအမြင့်ပိုင်း ကျွမ်းကျင်ဆရာဝန်များအားလုံး စုဝေးနေကြသည်။

ထိုအခြင်းအရာကလည်း ခွဲစိတ်မှုကို မည်သည့်အမှားမျှ မရှိစေရန် သေချာစေချင်သောကြောင့်ဖြစ်၏။

ထို့ပြင် ဆွေးနွေးခန်း၏ စားပွဲထောင့်တစ်နေရာ၌ စစ်ဝတ်ယူနီဖောင်းဖြင့် အမျိုးသားနှစ်ဦး ထိုင်နေလေသည်။ သူတို့နှစ်ဦးလုံး စကားတစ်ခွန်းမျှ မဆိုပဲ ဆွေးနွေးသမျှကို နားထောင်ရုံမျှ နားထောင်နေကြ၏။

ဆွေးနွေးသည့်စားပွဲဝိုင်း၏ အဓိကနေရာတွင် ထိုင်နေသူကတော့ ပုကွကွနှင့် အနည်းငယ် ဝဖိုင့်ဖိုင့်ရှိသည့် အမျိုးသားတစ်ဦးပင်။ သူ၏ မျက်ခုံးများမှာ အဖြူရောင်သမ်းနေပြီးအသက်ကတော့ ငါးဆယ်အရွယ်ခန့်လောက်ရှိပြီဖြစ်၏။

ထိုလူ၏ အမည်မှာတော့ မြောင်ကော်ဖုန်းဖြစ်ပြီး ဟွာရှန်းဆေးရုံ၏ဒါရိုက်တာ ဖြစ်သည့်အပြင် နိုင်ငံအတွင်းရှိ ထိပ်တန်း သွေးကြောခွဲစိတ်ဆရာဝန်နှင့် ယနေ့ခွဲစိတ်ကုသမှု၏ အဓိကခွဲစိတ်သူလည်း ဖြစ်သည်။

မြောင်ကော်ဖုန်းမှာ ခေါင်းဆောင်ခွဲစိတ်သူတစ်ဦးဖြစ်သော်လည်း သူတာဝန်ယူရသည့် အပိုင်းမှာတော့ ခွဲစိတ်မှု တစ်ခုတည်းသာ။

အဘယ်ကြောင့်ဆိုသော် အန်နျူရမ်ဇမ်ကဲ့သို့သော ရောဂါများမှာ နိုင်ငံတွင် ဖြစ်ပွားသူမရှားပါးပေ။

ထို့ကြောင့် ယခုရောက်ရှိနေကြသူအားလုံး ထိုရောဂါကုသပုံကို များစွာ အတွေ့အကြုံရှိပြီးစားဖြစ်၏။

သို့သော်လည်း အကြီးမားဆုံးအခက်အခဲကတော့ ခွဲစိတ်နေစဉ်အတွင်း ကြုံလာရမည့် အဆင့်ဆင့်ပြောင်းလဲမှုများသာဖြစ်၏။ အစိတ်အပိုင်းတစ်ခုခုမှ လွဲချော်သွားပါက ကြိုးစားထားသမျှ အရာအားလုံး သဲထဲရေသွန် ဖြစ်သွားပေလိမ့်မည်။

"ငါတို့ ခုလေးတင် အလားအလာများတဲ့ ဖြစ်နိုင်ချေအန္တရာယ် ရှစ်ခုအကြောင်းကို ဆွေးနွေးပြီးသွားပြီ....အန္တရာယ်အများဆုံးကတော့ သွေးကြောအတုကို ချုပ်တဲ့နေရာမှာပဲ..."

ထိုသို့ပြောပြီးနောက် မြောင်ကော်ဖုန်း သွမ့်ရုန်ချွမ်းကို ကြည့်လိုက်သည်။ "အဘိုးကြီးသွမ့် မင်းဘက်က ပြဿနာရှိလား..."

သွမ့်ရုန်ချွမ်း ခေါင်းခါရမ်းလိုက်ပြီး "မရှိဘူး...ငါ့ဘက်က အဲ့ဒီအပိုင်းကို ကိုင်တွယ်နိုင်ဖို့ အပြည့်အဝ ယုံကြည်ချက်ရှိတယ်..."

တိကျသေချာသည့် အဖြေကို ရရှိပြီးနောက် မြောင်ကော်ဖုန်းမှာ အများကြီး စိတ်သက်သာရာရသွားခဲ့ပြီး လီချူးဟန်ကို ကြည့်ကာ "ဒေါက်တာလီ ခု လူနာရဲ့အခြေအနေက အရမ်းအကောင်းကြီး မဟုတ်ဘူး.... ascending aortaရဲ့အချင်းက အရမ်းကြီးနေပြီးတော့ false lumen

ကလည်း အရမ်းကြီးနေတယ်...True lumenကကျတော့ ပိတ်လုပိတ်ခင်ဖြစ်နေပြီးတော့ အချိန်မရွေး ပေါက်ကွဲထွက်နိုင်တဲ့ အနေအထားမှာ...ခွဲစိတ်မှုက သေချာပေါက် ခက်ခဲမှာပဲ.. ဒေါက်တာ စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ပြီးပြီလား...."

"ကျွန်မဘက်ကတော့ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေကို အတတ်နိုင်ဆုံး လျော့ချဖို့ ဆုံးဖြတ်ထားပြီးထားပါ...တစ်နိုင်ငံလုံးကို မြေလှန်ရှာကြည့်ရင်တောင်မှ အန္တရာယ်နည်းအောင် လုပ်နိုင်တဲ့လူဆိုတာ ရှိမှာမဟုတ်ဘူးလေ....ကျွန်မရဲ့ဆရာ သေရာကပြန်ရှင်လာရင်တောင် သူလည်း

တတ်နိုင်သလောက် လျော့နည်းအောင်လို့ပဲ လုပ်လို့ရမှာ...ဒီတော့ စိတ်ချပါ ဒါရိုက်တာမြောင် ... ကျွန်မတာဝန်ယူရမယ့် အပိုင်းကိုတော့ ကျွန်မဘက်က စွမ်းစွမ်းတမံ ကျေပွန်အောင် ဆောင်ရွက်သွားမှာပါ...."

"ကောင်းပြီ...."မြောင်ကော်ဖုန်းပြောလိုက်ပြီး "ခုဆို ဘယ်အပိုင်းကမှ
ပြဿနာမရှိတော့ဘူး...ဌာနအသီးသီးကို
အဆင်သင့်ပြင်ထားဖို့ပြောလိုက်...နာရီဝက်အတွင်း
ခွဲစိတ်မှု စတင်မယ်...."

"နေဦး...."

လူတိုင်း စားပွဲဝိုင်းမှထပြီး ခွဲစိတ်ခန်းဝင်ရန် ပြင်ဆင်တော့မည့်အချိန်တွင် လီချူးဟန်၏ အော်သံကို လူတိုင်း ကြားလိုက်ရ၏။

"ဒေါက်တာလီက ဘာများ ထပ်ပြောဦးမလို့လဲ..."မြောင်ကော်ဖုန်း မေးလိုက်သည်။

"ကျွန်မအထင်တော့ ချုပ်တဲ့အပိုင်းနဲ့ ပတ်သက်ပြီး တစ်ခုခုမှားနေတယ်လို့ ထင်တာပဲ...."

သူမ ထိုသို့ ပြောလျှင်ပြောချင်း ခွဲစိတ်ခန်းထဲရှိ လူတိုင်း၏အမူအရာမှာ တစ်မျိုးတစ်မည် ဖြစ်သွားကြသည်။ အထူးသဖြင့်တော့ စစ်ဝတ်ယူနီဖောင်းနှင့် ထိုင်နေသည့်

အမျိုးသားနှစ်ဦးပင်။ သူတို့၏ အမူအရာမှာ ပို၍ ထူးဆန်းလာကြ၏။

"ဒေါက်တာလီ တစ်ခုခုမှားနေတယ်ဆိုတာက ဘာအဓိပ္ပာယ်လဲ ..."သွမ့်ရှန်ချွမ်း၏ အမူအရာမှာ ယခင်ကလောက် ခင်မင်ဖွယ်ရာ ကောင်းမနေချေ။

"ချုပ်တဲ့ အပိုင်းနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်တာက မလုံလောက်သေးဘူး...ပြီးတော့ ချုပ်တဲ့ နည်းလမ်းကိုလည်း သေချာ လေ့လာအကဲဖြတ်ဖို့ လိုအပ်သေးတယ်.....မသေချာတဲ့ ခွဲစိတ်မှုတွေမှာ အတက်အကျအလှည့်အပြောင်းတွေနဲ့ ဖြစ်နိုင်တဲ့ အန္တရာယ်တွေက အများကြီးပဲ... တိကျတဲ့ ပလန်တွေ

အရန်အစီအစဉ်တွေ မရှိပဲနဲ့ စမ်းတဝါးဝါးဆိုလို့ကတော့ အဆင်ပြေမှာ မဟုတ်ဘူး...."

"ဒေါက်တာလီ ဒီရဲ့ခွဲစိတ်ကုသမှုနယ်ပယ်မှာ ငါ့ရဲ့ အတွေ့အကြုံက
ဆယ်စုနှစ်တစ်ခုမကတော့ဘူး... ထောင်သောင်းမက မတူညီတဲ့ ခွဲစိတ်မှုတွေကိုလည်း ကြုံခဲ့ပြီးသွားပြီ....ဒေါက်တာလီက ကျုပ်ရဲ့ အတွေ့အကြုံနဲ့ အရည်အချင်းတွေကို သံသယရှိနေတာလား...."

"ကျွန်မ ဒါရိုက်တာသွမ့်ရဲ့အရည်အချင်းတွေကို ယုံပါတယ်....ဒါပေမယ့် လူနာရဲ့အခြေအနေက အရမ်းထူးခြားနေတယ်..... အများကြီးလည်း ပိုပြီး

ရှုပ်ထွေးလာနိုင်တယ်... ကျွန်မတို့ ခွဲစိတ်ခန်းမဝင်ခင်
ပိုပြီး တိကျသေချာတဲ့ ပလန်တစ်ခုတော့
ပြင်ဆင်ထားသင့်တယ်လို့တော့
ထင်တာပဲ..."လီချူးဟန်မှ ပြောလိုက်၏။

မြောင်ကော်ဖုန်းကတော့ ရှုပ်ထွေးနေသည်။
သွမ့်ရုန်ချွမ်းမှာ နိုင်ငံတွင်းရှိ
ထိပ်တန်းခွဲစိတ်ဆရာဝန်တစ်ဦးပင်။
ချုပ်သည့်အပိုင်းတွင်တော့ သူပင် ဒါရိုက်တာသွမ့်နှင့်
အလှမ်းဝေးနေဆဲဖြစ်၏။

ဌာန၏ လက်ထောက်ဒါရိုက်တာလီဆိုလျှင် ပိုပြီး
ဆိုးလိမ့်မည် မဟုတ်ပါလော။

ဒီအချိန်ကြီးကျမှ အဘိုးကြီးသွမ့်ကို ဘာလို့ မေးခွန်းတွေ လာထုတ်နေတာပါလိမ့်...

မဟုတ်မှလွဲရော သူမက ပိုကောင်းတဲ့ပလန်တစ်ခုကို ပြင်ဆင်ခဲ့လို့များလား...

"ဒေါက်တာလီ... ဒါက လူ့အသက်နဲ့ ဆိုင်တဲ့ ခွဲစိတ်မှုနော်... ဂိမ်းကစားနေတာမဟုတ်ဘူး...ကျုပ်ရဲ့ အစီအစဉ်ကို မေးခွန်းထုတ်ချင်နေတယ်ဆိုရင် ကျုပ်ထက် ပိုကောင်းတဲ့ အစီအစဉ်တွေကို ဒေါက်တာလီဘက်က ထုတ်ပြလာခဲ့ လို့ရတယ်...."

လီချူးဟန် USB ကို ထုတ်လိုက်ပြီး လက်ပ်တော့ပ်၌ တပ်ဆင်လိုက်သည်။

"ဒါက ကျွန်မတို့ နှလုံးအထူးကုဌာနက ဒေါက်တာတစ်ယောက် လုပ်ထားတဲ့ ချုပ်ရိုးအစီအစဉ်ပဲ...ကျွန်မ တစ်ကိုယ်တည်း အမြင်အရတော့ အတော်လေး မဆိုးဘူး... ဖြစ်လာမယ့်အန္တရာယ်ရဲ့၂၀% လောက်ကို လျှော့ချပေးနိုင်တယ်.... ရှင်တို့ တစ်ချက်ကြည့်လိုက်...
"

"ဒေါက်တာလီ ဌာနက ပလန်..."

မြောင်ကော်ဖုန်း၏ အကြည့်များက နှလုံးအထူးကု ဌာနရှိ အဖွဲ့ဝင် ဒါရိုက်တာသုံးဦးထံသို့ ကျရောက်သွားခဲ့ပြီး "မင်းတို့ထဲက ဘယ်သူရေးထားတာ...."

ချောင်ကျားဝမ်၊ လျို့ရှန်ရှန်းနှင့် ဖန်းရှူဖန့်တို့ အကြည့်ချင်း ဖလှယ်လိုက်ကြပြီး မေးခွန်းသင်္ကေတများဖြင့်

'ငါတို့မှာ အစီအစဉ် ရှိနေတာလားဟ...'

"ဒီအစီအစဉ်က ဒါရိုက်တာ သုံးဦး ဆွဲထားတာမဟုတ်ဘူး..... ဥာနက ဒေါက်တာအသစ် လင်းရီ ရေးဆွဲထားတာ...."

"လင်းရီ....."

ရေးဆွဲသူ၏ နာမည်ကို ကြားလိုက်သည့် အချိန်တွင်တော့ ဒါရိုက်တာသုံးဦးမှာ နေရာမှ ထခုန်လုနီးပါးဖြစ်သွားခဲ့သည်။

"ဒေါက်တာလီ... ခင်များ
လာနောက်နေတာလား...လင်းရီက မနေ့တုန်းကမှ
အသစ်ရောက်လာတဲ့
အလုပ်သင်ဆရာဝန်အသစ်ကလေးလေ...သူ့မှာ
ခွဲစိတ်အတွေ့အကြုံဆိုတာကလည်း
ရှိသေးမှာတောင်မဟုတ်ဘူး..ခုဟာက အရေးကြီးတဲ့
လူနာကို ခွဲစိတ်ရမှာနော်...ငှက်ပျောသီးတွေ ဖားတွေကို
ချုပ်မှာ မဟုတ်ဘူး....."

ချောင်ကျားဝမ်မှာ သွေးအန်လုနီးနီးဖြစ်သွားခဲ့၏။

လီချူးဟန်က ဘာထဖောက်နေတာလဲဟ...

လင်းရီက ရုပ်ချောတာနဲ့ပဲ သူ့ကို အခွင့်အရေးပေးဖို့ ကြိုးစားနေတာလား...

ဒါက လူ့အသက်နဲ့ဆိုင်တဲ့ ခွဲစိတ်မှု...မဟုတ်သေးဘူး ဆေးရုံတစ်ခုလုံးရဲ့တက်ခြင်းကျခြင်းနဲ့ သက်ဆိုင်တဲ့ အရေးကြီးကိစ္စလေ...ကလေးကစားနေတာမှ မဟုတ်တာ....

"အလုပ်သင်ဆရာဝန်အသစ်က ရေးထားတာ...."

မြောင်ကော်ဖုန်း၏ မျက်နှာအမူအရာမှာ မည်းမှောင်သွားခဲ့ပြီး သဘောတူမတူကိုတော့ သူ၏မျက်နှာအမူအရာကို တစ်ချက်ကြည့်သည်နှင့် သိနိုင်လေသည်။

လီချူးဟန်က ဘာဖြစ်မနေတာလဲဟ...ဒီလောက် အရေးကြီးနေတဲ့ အချိန်မှာတောင်မှ အရှုးလုပ်ချင်နေတာလား....

"ဒေါက်တာလီ...ခင်များလည်း ဒီခွဲစိတ်ကုသမှုက ဘယ်လောက်တောင် အရေးကြီးလဲဆိုတာ နားလည်လောက်မှာပါ... ဒီတော့ ခွဲစိတ်မှုကို ပိုပြီး အထောက်အကူဖြစ်စေမယ့် အကြံပြုချက်တွေပဲ ပေးဖို့ ကျုပ်မျှော်လင့်တယ်..."

"ကျွန်မကတော့ လင်းရှီရဲ့ အစီအစဉ်က ကောင်းတယ်လို့ ထင်တာပဲ...လူတိုင်း မဝေဖန်ခင် အစီအစဉ်ထဲမှာ ရေးထားတဲ့ အကြောင်းအရာတွေကို တစ်ချက်ကြည့်လိုက်ကြရအောင်...."

လီချူးဟန် မတ်တပ်ရပ်လိုက်ပြီး "ဒီရဲ့ ရီပို့ထဲမှာ ကျွန်မတို့ မျှော်လင့်မထားတဲ့ အန္တရာယ်တွေအပါအဝင် ဖြစ်နိုင်ချေများတဲ့ ချုပ်ရိုးနည်းလမ်း ဆယ့်လေးခုကို ရေးသားထားတယ်...မတူညီတဲ့ ချုပ်ရိုးနည်းလမ်းတွေကို မတူညီတဲ့ တစ်သျှူးတွေနဲ့ အင်္ဂါအစိတ်အပိုင်းတွေမှာ အသုံးပြုဖို့ အကြံပြုပြီးသား...ဒီနည်းလမ်းက ခွဲစိတ်နေတဲ့အချိန် ကြုံလာနိုင်တဲ့ အန္တရာယ်တွေကို အများကြီး လျှော့ချနိုင်တဲ့အပြင် လူနာရဲ့ ပြန်လည်ကောင်းမွန်မှုကိုလည်း ပိုပြီး တိုးတက်လာစေလိမ့်မယ်...."

လီချူးဟန် PowerPoint ကို ဆက်လက်
လှန်လှောလိုက်၏။

"ပြီးတော့ သူက ပိုပြီးထင်သာမြင်သာရှိအောင်လို့
အယ်နီမေးရှင်းလေးပါ
ပြင်ဆင်ထားသေးတယ်..တူညီတဲ့ ပြဿနာကိုမှ
မတူညီတဲ့ ချုပ်ရိုးနည်းလမ်းတွေ
အသုံးပြုသွားမယ်ဆိုရင် ကွဲပြားခြားနားတဲ့
ပြန်လည်သက်သာမှု ဖြစ်စဉ်တွေ
ဖြစ်လာလိမ့်မယ်....ကျွန်မအထင်တော့ ဒီရဲ့ ရီပို့က
လက်ရှိရင်ဆိုင်နေရတဲ့ ခွဲစိတ်ကုသမှုမှာ
လက်တွေ့အသုံးချဖို့ ပိုပြီး သင့်လျော်တယ်လို့
ထင်တာပဲ ..."

လင်းရီ၏ ပါဝါပွိုင့်ရီပို့ကို ကြည့်ရှုပြီး တခဏတွင်တော့ ဆွေးနွေးခန်းထဲရှိလူတိုင်း အံ့အားသင့်နေကြသည်။

တင်ပြသွားသည့် ရှုပ်ထွေးမှုမှာ သူတို့ စိတ်ကူးယဉ်နိုင်သည်ထက်ကို ကျော်လွန်နေလေသည်။

အကယ်၍ လီချူးဟန်ကသာ ကြိုမပြောခဲ့ပါက မည်သူကမျှ အလုပ်သစ်ဆရာဝန်အသစ်လေး ရေးဆွဲထားသည့် အစီအစဉ်ဖြစ်လိမ့်မည်လို့ ယုံကြည်ကြလိမ့်မည် မဟုတ်ချေ။

ပါဝါပွိုင့်ကို ကြည့်ရှုပြီးနောက် လူတိုင်း၏ အကြည့်များမှာ သွမ့်ရုန်ချွမ်းထံသို့ စုပြုံသွားခဲ့ကြ၏။

နိုင်ငံအတွင်းရှိ

ထိပ်တန်းခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်သည့်အလျောက်

သူ့တွင် ပြောရေးဆိုခွင့်ရှိသည်မှာ သဘာဝပင်။

"သောက်ပေါက်တတ်ကရတွေ...ဒါတွေအားလုံးက

သီအိုရီ သပ်သပ်ကြီးပဲ..

အလှည့်အပြောင်းမြန်ဆန်တဲ့ လက်တွေ့

ခွဲစိတ်မှုမှာ ဒီသီအိုရီတွေက ဘာမှ

သုံးစားလို့ရမှာမဟုတ်ဘူး....အဲ့ဒီ

အန်နီမေးရှင်းတွေကလည်း သူ့စိတ်ကူးနဲ့

ပြုလုပ်ထားတာသပ်သပ်ပဲ...လက်တွေ့

အသုံးချမယ်ဆိုရင် ဘာတစ်ခုမှ အသုံးဝင်မှာ

မဟုတ်ဘူး..."

မြောင်ကော်ဖုန်း အချိန်အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေပြီးနောက် လီချူးဟန်ကို ကြည့်လိုက်သည်။

"ဒေါက်တာလီရဲ့ အတွေးကကော....."

"ကျွန်မကတော့ လင်းရီကို ဒီခွဲစိတ်ကုသမှုမှာ ပါဝင်စေချင်တယ်...ကျွန်မ သူ့ရဲ့ စကေးတွေကို သိပြီးသား...သူပါဝင်လာတာက ကျွန်မတို့ ထင်မှတ်မထားတဲ့ အကျိုးကျေးဇူးတွေ ရရှိလာနိုင်တယ်... "

"ငါသဘောမတူဘူး..."

ပြောလိုက်သူကတော့ သွမ့်ကော်ဝေဖြစ်ပြီး သူ၏
အမူအရာကတော့ ထိုအချိန်၌ ကြည့်ကောင်းမနေချေ။

"မနေ့က အရေးပေါ်ဌာနမှာ ဘာမဟုတ်တဲ့
ဒဏ်ရာလေးကို ကောင်းကောင်းလေးချုပ်နိုင်တာနဲ့ပဲ
ဒီကနေ့ ခွဲစိတ်ကုသမှုမှာ ပါဝင်ဖို့
အရည်အချင်းရှိတယ်လို့ မင်းက
ထင်နေတယ်ပေါ့လေ....
..ဟာသလုပ်နေတယ်ဆိုရင်တောင်မှ ဒါကြီးကတော့
လွန်သွားပြီ.... "

အခန်း (၃၈၉)

**ဒီရဲ့အမျိုးသမီး ဆရာဝန်နဲ့ ပြချင်တယ်**

"မနေ့က အရေးပေါ်ဌာနမှာ ဒဏ်ရာ
ချုပ်တယ်ဆိုတာကလည်း
တစ်စိတ်တစ်ပိုင်းပဲ...အဲ့တာပြီးတော့ ကျွန်မသူ့ရဲ့
စကေးကို စစ်ဆေးကြည့်ပြီးသွားပြီ...ပြီးတော့
ရလဒ်ကလည်း ကျွန်မကိုတောင်မှ
ထိတ်လန့်သွားစေလောက်တဲ့ အထိပဲ...ဒီရဲ့ ရီပို့နဲ့ဆိုရင်
လင်းရီက ဒီနေ့ ခွဲစိတ်ကုသမှာ လက်ထောက်လုပ်ဖို့
အရည်အချင်းပြည့်မှီတယ်လို့ ထင်တယ်... "

"မင်းက သူ့ကို ငါ့ရဲ့လက်ထောက်
လုပ်ခိုင်းချင်နေတယ်ပေါ့လေ.... "

သွမ့်ရှိန်ချွမ်း အထင်သေးမှု အပြည့်ဖြင့် ကြည့်လိုက်ပြီး
"သူက ဒီတိုင်း အလုပ်သင်ဆရာဝန်အသစ်လေးပဲ...

ပြီးတော့ ခွဲစိတ်ခန်းအတွေ့အကြုံဆိုတာ ရှိသေးဦးမှာတောင် မဟုတ်ဘူး... သူ့လိုလူမျိုးကို ဒီလောက်အရေးကြီးတဲ့ ခွဲစိတ်ကုသမှုမှာ ပါဝင်ခိုင်းပြီးတော့ မင်းက ဘာတွေလုပ်ဖို့ စဉ်းစားနေတာ...."

"ခွဲစိတ်မှုကလည်း အရေးကြီးလို့ပဲ သူ့ကို ပါဝင်ခိုင်းချင်နေတာလေ... ကျွန်မက အန္တရာယ်တွေကို တတ်နိုင်သမျှ လျှော့ချချင်နေတာ..."

"ငါ လုံးဝ သဘောမတူဘူး...." သွမ့်ရှန်ချွမ်း ယတိပြတ် ငြင်းဆိုလိုက်ပြီး "ဘာခွဲစိတ်ခန်း အတွေ့အကြုံမှ မရှိတဲ့သူတစ်ယောက်ကို ငါ့လက်ထောက် ပေးမလုပ်နိုင်ဘူး....မဟုတ်ရင် အန္တရာယ် လျှော့ချရာ

မရောက်ပဲ ပိုပြီး အန္တရာယ်များအောင် လုပ်သလိုတောင် ဖြစ်သွားဦးမယ်...."

"ကျွန်မက အကြံပြုရုံ သပ်သပ်ပဲ... ရှင်တို့မှာ ပယ်ချပိုင်ခွင့်ရှိတယ်...."

ဆွေးနွေးခန်းထဲရှိ လူတိုင်း ငြိမ်သက်သွားကြသည်။ ဆွေးနွေးပွဲ၏ နောက်ဆုံးအခြေနေရောက်မှ ယခုလို ဖြစ်ပျက်လာလိမ့်မည်လို့ မမျှော်လင့်ထားရုံသာမက လီချူးဟန်နှင့် သွမ့်ရုံချွမ်းတို့ကလည်း အပြင်းအထန် ငြင်းခုန်ကြလိမ့်မည်လို့ မည်သူကမျှ ထင်မှတ်မထားကြချေ။

အဓိက ထိုင်ခုံတွင် ထိုင်နေသည့် မြောင်ကော်ဖုန်းကတော့ စကားတစ်ခွန်းမျှ မဆိုပေ။

သူ၏ အကြည့်များကတော့ ပရောဂျက်တာပေါ် ရှိ ပါဝါပွင့်စလိုက်တွင်သာ တွယ်ကပ်နေ၏။

သီအိုရီကြီးသပ်သပ်ဖြစ်စေ သို့မဟုတ် လေ့ကျင့်မှုနှင့် ပေါင်းစပ်ပြုလုပ်ထားသည်ဖြစ်စေ၊ ဤရီပို့မှာ လုံးဝ ပြည့်စုံလေသည်။

လင်းရီဟုခေါ်သော ဒေါက်တာငယ်လေးမှာ ခွဲစိတ်ခန်းအတွေ့အကြုံ ရှိမရှိကို အပထား ၊ ယခု ပါဝါပွိုင့်တစ်ခုတည်းကပင် သူ၏ ပါရမီကို သက်သေပြရန် လုံလောက်၏။

တစ်မိနစ်ကြာပြီးနောက် မြောင်ကောဖုန်း
စစ်ဝတ်ယူနီဖောင်းနှင့် အမျိုးသားနှစ်ဦးကို ကြည့်ပြီး
"ခင်များတို့ အထင်ကကော...."

"ကျုပ်တို့က ခွဲစိတ်တာတွေ ဘာမှ
နားလည်တာမဟုတ်ဘူး...ဆိုတော့ ကျုပ်တို့ ဒီကိစ္စထဲ
ဝင်စွက်ဖက်ပိုင်ခွင့်မရှိဘူးလို့
ပြောလို့ရတယ်...ဒါရိုက်တာမြောင်...ခင်များက
ဒီနယ်ပယ်မှာ ဆရာတစ်ဆူပါ....အားလုံးက ခင်များရဲ့
ဆုံးဖြတ်ချက်အပေါ် မူတည်နေတာပဲ..."

စက္ကန့်အနည်းငယ်မျှ တွေးတောပြီးနောက်
မြောင်ကော်ဖုန်း လီချူးဟန်ထံ
အကြည့်တစ်ချက်ပို့လိုက်ပြီး "အဲ့တာဆိုလည်း

လင်းရီကို ခွဲစိတ်ခန်းထဲ ခေါ် ခဲ့လိုက်ကွာ.. ဒါပေမယ့် ဒီတိုင်း ကြည့်ရုံသပ်သပ်ပဲရမှာနော်... သူ့အတွက် အတွေ့ကြုံပိုရသွားတော့လည်း ကောင်းတာပေါ့...."

မြောင်ကော်ဖုန်းမှာ အတွေ့အကြုံ ရင့်ကျက်လှပြီး နှစ်ဘက်စလုံးကို အပြစ်ပြုခြင်းမရှိဘဲ ဖြေရှင်းလိုက်၏။

သို့သော်လည်း သွမ့်ရုံချွမ်းကတော့ မျက်နှာမလှပေ။ အကြောင်းအရင်းမှာတော့ သူလင်းရီကို ခွဲစိတ်ခန်းထဲသို့ လုံးဝ မဝင်စေချင်သောကြောင့်ပင်။

သို့သော်လည်း မြောင်ကော်ဖုန်း၏ စကားလုံးများ၊ လီချူးဟန်၏ ကိုယ်ပိုင်ခွန်အားတို့နှင့် ရင်ဆိုင်ရသည့် အချိန်တွင်တော့ သူဘာမျှ ပြန်မပြောနိုင်ပေ။ ထို့ကြောင့် ခေါင်းညိမ့်၍ သဘောတူလိုက်ရ၏။

ထိုစဉ် လီချူးဟန်ကတော့ အမူအရာကင်းမဲ့လျက် သူမဘာတွေးနေလဲဆိုတာကိုတော့ မည်သူမျှ သိရှိနိုင်ခြင်း မရှိချေ။

"ကောင်းပြီ... ဆွေးနွေးပွဲက ဒီမှာတင် အဆုံးသတ်ပြီ...ဌာနအားလုံးက လူနာရဲ့အခြေအနေကို နောက်ဆုံး စစ်ဆေးဖို့ အသင့်ပြင်ထားကြ...ငါတို့ နာရီဝက်အတွင်း ခွဲစိတ်ကုသမှု စတင်မယ်..."

မြောင်ကော်ဖုန်း၏ ညွှန်ကြားချက်ကို ရရှိပြီးနောက် ဆွေးနွေးခန်းထဲရှိ လူတိုင်း ခွဲစိတ်ကုသမှုအတွက် စတင်ပြင်ဆင်ကြတော့၏။

ထိုအချိန် ဆွေးနွေးခန်းအပြင်ဘက်တွင်တော့
အပြာရောင် ဂျင်းပန်၊ အရပ်အမောင်း ခပ်မြင့်မြင့်နှင့်
အမျိုးသမီးတစ်ဦး မတ်တပ်ရပ်နေလေသည်။

သူမ၏ ဆံနွယ်များကို သပ်ရပ်စွာ ချည်နှောင်ထားပြီး
ရွှေသမင်ကဲ့သို့ မျက်လုံးပုံရိပ်လေးထဲတွင်တော့
စိုးရိမ်ပူပန်မှုတို့က ဝန်းရံနေလေသည်။

ထိုအမျိုးသမီးကတော့ လျန်ရှူရွှယ်မှ တစ်ပါး
အခြားသူမဟုတ်ပေ။

ဆွေးနွေးခန်းတံခါး ပွင့်လာသည်ကိုမြင်တော့ လျန်ရှူရွှယ်
စစ်ယူနီဖောင်းဝတ် အမျိုးသားနှစ်ဦးထံသို့
သွက်သွက်ကလေး ပြေးသွားလိုက်သည်။

"အခြေအနေက ဘယ်လိုရှိလဲ... ဘာလို့ ထွက်လာဖို့ ဒီလောက်တောင် ကြာနေရတာ..."

"ဆွေးနွေးနေကြရင်း နောက်ဆုံးအဆင့်ရောက်တော့မှ အငြင်းပွားစရာလေးတွေ ဖြစ်နေလို့လေ... ကံကောင်းတာက အေးအေးချမ်းချမ်းလေးနဲ့ပဲ ပြီးဆုံးသွားခဲ့တာ...ခု သူတို့က ခေါင်းဆောင်ကို နောက်ဆုံးတစ်ခေါက် စစ်ဆေးဖို့ ပြင်ဆင်နေကြပြီ...ခဏကြာရင် ခွဲစိတ်မှုက စတင်တော့မှာ..."စစ်ဝတ်ယူနီဖောင်းနှင့် အမျိုးသားတစ်ဦးမှ ပြောလိုက်သည်။

"ဖြစ်နိုင်ချေရှိတဲ့ အန္တရာယ်တွေကကော...သူတို့ ဘာပြောလဲ... ပြင်းထန်လောက်လား...."

"အဲ့တာကတော့ ပြောရခက်တယ်... သူတို့ရဲ့ ဒေါက်တာလီပြောတာတော့ ဖြစ်နိုင်ချေရှိတဲ့ အန္တရာယ်တွေကို အကောင်းဆုံး လျှော့ချသွားပေးမယ်လို့တော့ ပြောတာပဲ... လက်ရှိ ပြည်တွင်းက ဆေးရုံနယ်ပယ်မှာ ဒီဆေးရုံက ခွဲစိတ်ဖို့ စိတ်အချရဆုံးလို့တော့ ထင်တာပဲ...."

လျှန်ရှုရှယ်၏ အမူအရာမှာ ခါးသီးသွားခဲ့ပြီး "ကြည့်ရသလောက်တော့ တစ်ကြိမ်မှာ ခြေလှမ်းတစ်လှမ်းပဲ လှမ်းလို့ရမယ်နဲ့တူတယ်...."

"စိတ်ချပါ.. ခေါင်းဆောင်အဆင်ပြေမယ်လို့ ငါတို့ ယုံကြည်တယ်...."

"အင်း... ကျွန်မလည်း အဲ့လိုပဲ မျှော်လင့်ပါတယ်..."

........

လင်းရီနှင့် ချောင်ရှင်းတို့ အရေးပေါ်ဌာနသို့ ရောက်လာခဲ့ပြီး အလုပ်မစခင် ပြင်ဆင်စရာရှိတာများကို ပြင်ဆင်ရင်း "အစ်ကိုရီ ...အစ်ကိုက ဒီနေ့ ဦးဆောင်...ညီမက ဆေးမှတ်တမ်းတွေနဲ့ ဆေးစာတွေကူရေးပေးမယ်...."ချောင်ရှင်း ပြုံးလိုက်ပြီး "အစ်ကို့နားက သင်ယူရင်းပေါ့...."

"အဲ့လိုကြီး မပြောစမ်းပါနဲ့ဟ... မင်းနဲ့ငါက အတူတူပဲလေ... ဘာဆိုင်လို့ သင်ယူတဲ့ အကြောင်းတွေ လာပြောနေတာ...."

"နှိမ့်ချမနေစမ်းပါနဲ့ အစ်ကိုရယ်... မနေ့က အစ်ကို
ချုပ်တဲ့ လက်ရာကို ဒေါက်တာလီကတောင်မှ
ချီးမွမ်းရတယ်... ဒီတော့ သေချာပေါက်
ညီမအထက်မှာပဲလေ...ဒီနေ့တော့ အစ်ကိုက
ဦးဆောင်သင့်တယ်လေ..."

"အိုကေ... အဲ့တာဆို ဒီနေ့ ငါက ဦးဆောင်မယ်.
မနက်ဖြန်ကျရင်တော့ နေရာလဲကြတာပေါ့...."

"ဟုတ်..."
ချောင်ရှင်း လင်းရီကို တလက်လက်တောက်ပနေသည့်
အကြည့်တို့ဖြင့် ကြည့်လိုက်သည်။

အစ်ကိုရီက အရမ်းချော၊

အရမ်းအရည်အချင်းရှိပြီးတော့ အရမ်းလည်း

ကြင်နာတတ်တာပဲနော်....

ဒီလောကကြီးမှာ သူ့လောက် ပြည့်စုံတဲ့ ယောက်ျားမျိုး

မီးထွန်းရှာလို့ တွေ့ပါ့မလားပဲ....

တွေ့ခဲ့ရင်တောင်မှ အဲ့သူက သေချာပေါက်

လူမဟုတ်လောက်ဘူး....

အရေးပေါ်ဌာနတွင်တော့ လူနာများစွာရှိနေကြပြီး

အားလုံး၏ အမူအရာမှာတော့ တစ်ထေရာတည်းပင်။

စိုးရိမ်ကြောင့်ကြနေကြ၏။

၎င်းတို့၏ ဒဏ်ရာများမှာ ပြင်းထန်သည်ဟု
ထင်ရသော်လည်း  လက်တွေ့တွင်တော့
အသက်အန္တရာယ် လုံးဝမရှိပေ။

လင်းရီမှ ထမင်းစားရေသောက်ပမာ
ကိုင်တွယ်နိုင်လေသည်။

ချလပ်...

လင်းရီ လူနာ၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာပြီး
ချောင်ရှင်းမှ ဆေးစာများ ရေးပေးနေစဉ်
သက်လတ်ပိုင်းအမျိုးသမီးမှာ အပြင်ဘက်မှ
ရေးကြီးသုတ်ပျာဖြင့် ဝင်ရောက်လာခဲ့၏။

"ခင်မျှား ဘာတွေလဲ ဖြစ်နေတာ...."လင်းရီ မေးလိုက်၏။

"ကျွန်မကို တစ်ချက်လောက်ကြည့်ပေးပါဦး ဒေါက်တာရယ်... ကျွန်မ အစာအိမ်ထဲမှာ ဓားစကြာတွေ ရောက်နေတဲ့အတိုင်းပဲ..."

"ခဏစောင့်... ကျုပ်ဒီလူနာကို ဆေးစာရေးပေးပြီးရင် ခင်မျှားကို စမ်းသပ်ပေးမယ်... "

"ဘာဆေးစာရေးမှာ...သူ့ကြည့်တော့ဖြင့် ဖျားတဲ့ ရုပ်တောင် မပေါ်ဘူး...ပြန်လွှတ်လိုက်တော့.. ကျွန်မက တကယ့်ကို အရေးပေါ်အခြေအနေဖြစ်နေလို့ပါ ဒေါက်တာရယ်...."

လင်းရီ မျက်မှောင်ကုပ်သွားခဲ့သည်။ သူတစ်ခုခု ပြောတော့မည့် အချိန်တွင် ရိုးသားပုံရသည့် တောင်သူရုပ်နှင့် ဦးလေးကြီးမှာ စကားပြောလာခဲ့၏။

"ဒေါက်တာပြောတဲ့ဆေးတွေအားလုံးကို ကျွန်တော်မှတ်မိပါတယ်... ကျွန်တော် ဆောင်ရမယ့် ရှောင်ရမယ့် အရာတွေကိုလည်း ဒေါက်တာ  ရေးချထားပေးပြီးပြီ မဟုတ်လား...ကျွန်တော့်ကိုဆေးစာ ရေးပေးမနေပါနဲ့တော့... ဒီက အစ်မကြီးကိုပဲ အရင်ကြည့်ပေးလိုက်ပါ...."

"အင်း အဲ့လိုလုပ်လည်း ရတယ်လေ..."လူနာမှ စိတ်မရှိသည်ကို မြင်တော့ လင်းရီလည်း သက်လတ်ပိုင်း

အမျိုးသမီးဘက်သို့ လှည့်ကာ "ထိုင်... ပြီးတော့ ခင်များရဲ့တုန်ကင်ကဒ်ပြားကိုပေး...."

"တုန်ကင်ကဒ်ပြား....အဲ့တာက ဘာကြီးလဲ...."

"ခင်များ နာမည်စာရင်း ပေးပြီးရင် ရတဲ့ ကဒ်ပြားလေးလေ...."

"နာမည်စာရင်းပေးတဲ့နေရာမှာ လူတွေ အများကြီး တန်းစီနေတော့ နာမည်မပေးခဲ့လိုက်ဘူး...ဒါပေမယ့် ကျွန်မကို အရင်ဆုံး စစ်ဆေးပေးရမယ်.. ကျွန်မက အရမ်းအရေးကြီးတယ်...."

"နာမည်စာရင်း မပေးထားဘူး...ခင်များက နာမည်စာရင်း မပေးထားတော့ ကျုပ်က ဘယ်လိုသွားစစ်ပေးရမှာ ...."

"နာမည်စာရင်းပေးတဲ့ကောင်တာမှာက လူတွေ အများကြီးတန်းစီနေကြတာလေ... နာမည်ပေးမယ်ဆို ဘယ်လောက် စောင့်ရမလဲတောင် မသိဘူး...ဒေါက်တာ ကျွန်မကို အရင်စမ်းသပ်ပေးရမယ်... ကျွန်မ ရောဂါက အရမ်းအရေးကြီးတယ်..."

"ခင်များ ရောဂါက အရေးကြီးတယ်ဆိုတော့ ကျန်တဲ့သူတွေရဲ့ ရောဂါကကော အရေးမကြီးတော့ဘူးလား...."

"ကျွန်မက အရမ်းအသက်ကြီးနေပြီ... အပြင်မှာက လူငယ်လေးတွေ အများကြီးပဲ..သူတို့ ခဏလောက်လေး စောင့်လိုက်လို့လည်း ဘာဖြစ်သွားမှာမို့လို့.....ကျွန်မကိုသာ အရင်စမ်းသပ်ပေးစမ်းပါ...."

"ခင်များ ခုသွား တန်းစီရင် တန်းစီ .. မစီချင်ရင် တခြားဆေးရုံမှာ သွားပြ...ဒီမှာတော့ အသက်ကြီးတယ်ဆိုပြီး အခွင့်ကောင်းလာမယူနဲ့..."

လင်းရီ ဆရာဝန် အလုပ်လုပ်နေသောကြောင့် သူ တတ်နိုင်ဆုံး လေသံကို ထိန်း၍ ပြောလိုက်သည်။ သို့တိုင်အောင် ယခုလိုလူမျိုးနှင့်

ကြုံဆုံလာချိန်တွင်တော့ သူ မတတ်နိုင်စွာဖြင့် ဒေါသထွက်မိလေသည်။

"ကောင်လေး...နင်စကားကို ဘယ်လိုတွေ ပြောနေတာလဲ...ငါက အဲ့လို လုပ်ရမှာ ပျင်းလို့ ဒီကို တန်းလာခဲ့တာလေ... ပြီးတော့ နင်က ငါမွေးရင် ငါ့သားလောက်ပဲ ရှိဦးမယ်.....ဒါတောင်မှ စော်စော်ကားကား ငါ့ကို အသက်ကြီးတာ အခွင့်ကောင်းယူတယ်ဆိုပြီးပြောဝံ့တယ်ပေါ့လေ......." အမျိုးသမီးမှ လင်းရီကို လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပြီး "ယုံချင်ယုံ မယုံချင်နေ... ငါနင့်ကို ကွန်ပလိန်းတက်ပြီ...."

"ကျုပ် ဒီလိုပြောတာတောင်မှ ယဉ်ကျေးလွန်းရာ ကျနေပြီ... လစ်စမ်း....."

လင်းရီ၏ အေးစက်စက်အကြည့်ကို မြင်သည့် အချိန်တွင်တော့ သက်လတ်ပိုင်း အမျိုးသမီးမှာ ရှိန်သွားခဲ့ပြီး တစ်ခွန်းမျှ ပြန်မပြောရဲပဲ အမြီးကုပ်၍ အခန်းထဲမှ ထွက်သွားလေသည်။

"ဟမ့် ကိုယ့်တစ်ဘို့တည်း သိတဲ့လူတွေ... ဒီမှာလည်း တကယ့် လူဘောက်သောက်ပဲ..."
လင်းရီ ရေရွတ်လိုက်၏။

"ဟုတ်တယ် ဟုတ်တယ် ...အစ်ကိုရီပြောတာ မှန်တယ်...."ချောင်ရှင်း ချီးမွမ်းလိုက်၏။

အစ်ကိုရိုက ခုလေးတင်

အရမ်းလှမ်းမိုးနိုင်တာပဲနော်....ပြီးတော့ အရမ်းလည်း

ယောက်ျားလည်း ပီသတယ်... နောက်ကျ အဲ့လို

ထောင့်မကျိုးတဲ့ လူနာတွေနဲ့တွေ့ရင် သူမလည်း အဲ့လိုပဲ

ဆက်ဆံမယ်...

ခု ကောင်းကောင်း သင်ယူချည်မှ...

ထိုအချိန်တွင်တော့ ကြည့်ကောင်းသည့်

အဆင်းရှိသူတို့၏ အားသာချက်ကို အပြည့်အဝ

မြင်တွေ့နိုင်လေသည်။ လင်းရီ အော်ငေါက်လိုက်ခြင်းမှာ

အများအမြင်တွေတော့ ယောက်ျားဆန်သူ

တရားမျှတသူ အသွင်ကို ဖြစ်ပေါ်စေသည်။ အကယ်၍

ကြည့်မကောင်း ရုပ်ဆိုးဆိုး

လူတစ်ဦးသာအော်ငေါက်လိုက်မည်ဆိုပါက
အရိုင်းအစိုင်းကောင်၊ လူကြီးသူမကို
မရိုသေတတ်သူအဖြစ်သို့ အရာသွင်းခံရပေလိမ့်မည်။

"နောက်တစ်ယောက်...."

လင်းရီ အော်လိုက်၏။ ဆယ်စက္ကန့်မျှ ကြာပြီးနောက်
ငယ်ရွယ်သည့် အမျိုးသမီးတစ်ဦးမှာ
သာမန်အဝတ်အစားတို့နှင့် အခန်းထဲသို့
ရောက်လာလေသည်။

သူမ၏ သွင်ပြင်သဏ္ဌာန်နှင့်
ကိုယ်လုံးကိုယ်ပေါက်ကတော့ မဆိုးလှချေ။
သို့သော်လည်း သူမ၏ မျက်နှာ အမူအရာမှာတော့
အနည်းငယ် ထူးဆန်းနေလေသည်။

လူနာမှာ အလိုက်တသိရှိလှ၏။ ပြောစရာမလိုပဲ သူမ၏
တုန်ကင်ကဒ်ပြားကို
လင်းရီထံကမ်းပေးလိုက်သည်။သို့သော်လည်း သူမ၏
မျက်လုံးထဲတွင်တော့ အမည်မသိ
အတွေးပုံရိပ်တစ်ချို့တို့ ထင်ဟပ်နေလေသည်။

"မိန်းကလေးရဲ့အခြေအနေကို ပြောပါ...ဘယ်နေရာ
နေလို့မကောင်းတာလဲ..."လင်းရီ မေးမြန်းလိုက်၏။

"ဒေါက်တာ...ကျွန်မ ဒေါက်တာ့ကို တစ်ခုလောက်
တောင်းဆိုလို့ရမလား..."

"ရပါတယ်.. ပြောကြည့်လေ...."

"ကျွန်မ ဒီရဲ့ အမျိုးသမီးဆရာဝန်နဲ့ ပြလို့မရဘူးလား…”

အခန်း (၃၉၀)

**ဖြစ်နိုင်တာက လင်းရီ မိန်းကလေးတွေကို**

**စိတ်မဝင်စားတော့တာလား**

လင်းရီနှင့် ချောင်ရှင်းတို့ သူမအခြေအနေကို ရုတ်ချည်း သဘောပေါက်သွားခဲ့သည်။

"ညီမလေးက သားဖွားမီးယပ်ဆရာနဲ့ တွေ့ချင်နေတာလား…."ချောင်ရှင်းမှ မေးလိုက်၏။

"ဟုတ် ဟုတ်ပါတယ်..."

ချောင်ရှင်း သူမ၏ အနေအထားကို ပြောင်းလဲလိုက်ပြီး အမျိုးသမီး လူနာကို စူးစိုက်ကြည့်ကာ "အရင်ဆုံး ညီမလေးကို အစ်မတစ်ခု ကြိုပြောထားမယ်... အစ်မကလည်း မိန်းမသားပဲ.. ဒီတော့ အများကြီး နားလည်တယ်...ဒါပေမယ့် ဒီနေရာက ဆေးရုံဆိုတာကိုတော့ ညီမလေးက မှတ်ထားပေး.... ညီမလေးရဲ့ အထိအတွေ့ မခံနိုင်တဲ့ တစ်ချို့နေရာတွေက အစ်မတို့လို ဆရာဝန်တွေအတွက်ကျတော့ သာမန်ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းလို့ပဲ မြင်တယ်...ဟွာရှန်းဆေးရုံက ဆရာဝန်တွေ အကုန်လုံးက ပရော်ဖက်ရှင်နယ်ဆန်တဲ့သူတွေဆိုတာ ညီမလေး ယုံကြည်ထားရမယ်...."

"နောက်ပြီး ဒေါက်တာလင်းက အစ်မထက် ပိုသိ ပိုကျွမ်းကျင်တယ်... ညီမလေး ဖြစ်နေတာတွေကို သူ့ဆီ ယုံယုံကြည်ကြည်နဲ့သာပြောလိုက်... ကုသဖို့ မနှောင့်နှေးစေနဲ့...မဟုတ်ရင် ညီမလေးရဲ့ ကျန်းမာရေးအတွက်လည်း မကောင်းဘူး..."

လင်းရီကတော့ မေးစေ့ အသာပွတ်လိုက်သည်။

'မင်းထက် ပိုသိ ပိုကျွမ်းတယ်ဆိုတာက ဘာသဘောတုန်းဟ... မင်းလုပ်မှပဲ ငါလည်း သားဖွားမီးယပ်ဆရာဝန်လုံးလုံး ဖြစ်တော့မယ်...'

"ဟုတ် ဟုတ် ဒါ ဒါ ဒါက ဒီ ဒီလိုပါ...
"အမျိုးသမီးငယ်လေးမှာ အချိန်အကြာကြီး စကား

အထစ်ထစ်အငေါ့ငေါ့ဖြစ်နေပြီး ယင်းက လင်းရှိန်နှင့် ချောင်ရှင်းတို့ကို ပို၍ စိတ်ပူစေသည်။

"သခွားသီး ကျိုးသွားလို့...."

"အမ်.... ဘာပြောလိုက်တယ်... ဘာကြီးကျိုးသွားတာ..."

"သ သခွားသီး...."

နှစ်ယောက်သား အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ သူတို့အားလုံးမှာ အရွယ်ရောက်ပြီးသူများ ဖြစ်ကြပြီး ဆရာဝန်များလည်း ဖြစ်နေသေး၏။ ထို့ကြောင့် သူမဆိုလိုချင်သည့် အဓိပ္ပာယ်ကို သဘောပေါက်လေသည်။

ချောင်ရှင်း အမျိုးသမီး၏ ဝမ်းဗိုက်ကို ကြည့်လိုက်ပြီး "အထဲမှာ ကျိုးကျန်နေခဲ့တာတော့ မဟုတ်လောက်ဘူးမလား...."

အမျိုးသမီးငယ်လေးမှာ မျက်နှာ ရဲရဲနီသွားပြီး သူမ ကြားနိုင်ရုံလောက် အသံလေးဖြင့် ပြောလိုက်၏။

"အင်း......"

"ရှင်းရှင်း မင်းကိုင်တွယ်လိုက်တော့ကွာ... မင်းတို့ နှစ်ယောက်လုံးက အမျိုးသမီးတွေဆိုတော့ ငါ့ထက်ပိုသိမှာပေါ့...."

"အစ်ကိုရီကလည်း ဘာတွေလာပြောနေတာ... ညီမက တစ်ခါမှ မကျိုးဖူးပါဘူးနော်...."ချောင်ရှင်း ရှင်းပြလိုက်၏။

"တစ်ခါမှ မကျိုးဖူးဘူး...အဲ့လိုဆို မင်းရဲ့ နည်းစနစ်တွေက အတော်ကောင်းလို့ ဖြစ်လိမ့်မယ်...အတော်ပဲ.. တစ်ခါတည်း သူ့ကို ဘယ်လိုလုပ်ရမလဲဆိုတာ နည်းပြလိုက်ပေါ့ကွာ..."

"မ မဟုတ်ဘူး... ညီမ ဆိုလိုချင်တာက ညီမ တစ်ခါမှ သခွားသီး မသုံးဖူးဘူးလို့..."

"တစ်ခြားပစ္စည်းတွေ သုံးလည်း အတူတူပဲ.. ဘာမှသိပ်မခြားနားဘူး... မင်းပဲကိုင်တွယ်လိုက်...."

ချောင်ရှင်း ကူကယ်ရာမဲ့စွာဖြင့် အမျိုးသမီး လူနာကို
ကန့်လန့်ကာထားသည့် အခန်းလေးထဲသို့
ခေါ်သွားလိုက်၏။

မိနစ်အနည်းငယ်ကြာပြီးနောက် လင်းရီ
အမျိုးသမီးတစ်ဦး သက်တောင့်သက်သာ ရှိလွန်း၍
ညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရသည်။
ထိုမိန်းကလေးမှာ သူမကိုယ်သူမ
မထိန်းချုပ်နိုင်သည့်ပုံပင်။

မကြာမီ ချောင်ရှင်းနှင့် မိန်းကလေးတို့နှစ်ယောက်
ထွက်လာပြီး မိန်းကလေး၏ အမူအရာမှာတော့
ပုံမှန်ပြန်ဖြစ်သွားချေပြီ။

"အစ်ကိုလင်း ညီမဆေးစာကို
ဘယ်လိုရေးပေးလိုက်ရမလဲ...."

လင်းရဲ့ စက္ကန့်အနည်းငယ်လောက် စဉ်းစားပြီးနောက်
"နောက်တစ်ခါဆို ခရမ်းသီးသုံးလို့ ရေးလိုက်ကွာ...."

ဖူး....

ချောင်ရှင်း သွေးတစ်လုပ် အန်ထုတ်လုနီးနီး
ဖြစ်သွားခဲ့သည်။

အစ်ကိုရဲ့က တကယ့် ကျွမ်းကျင်သူကြီးပဲ...

အမျိုးသမီးလူနာမှာတော့ ဆေးစာကို ယူလျက်
ရှက်ရွံ့စွာဖြင့် အခန်းထဲမှ ထွက်ခွာသွားလေသည်။

'အရမ်းရှုက်ဖို့ ကောင်းတာပဲ...'

"အစ်ကိုရီ.. ကျွန်မ မြင်မိသလောက်တော့ အစ်ကိုရီက အတွေ့အကြုံ ရင့်ကျက်နေတဲ့ ဒရိုင်ဘာဟောင်းကြီး အတိုင်းပဲနော်... "

"တကယ်တော့ ငါ မမောင်းတာတောင် အတော်ကြာနေပြီ...အကုန်လုံးက ပါရမီသပ်သပ်ချည်းပဲ..."လင်းရီ ပြောလိုက်ပြီး "ဥပမာပြောရရင် ခုလေးတင် အမျိုးသမီးလူနာ အသုံးပြုသွားတဲ့ သခွားသီးက အရှေ့မြောက်ပိုင်းကပဲ...ပိုပြီး တိကျအောင် ပြောရမယ်ဆိုရင် လုံကျန်းစီရင်စုကဖြစ်မယ်..."

"ဟမ် ဘာလို့..."

"လုံကျန်းစီရင်စုက စက်မှုဇုန်ဟောင်း ဖြစ်ရုံတင်
မကသေးဘူး... အသီးအနှံတွေကို တွင်ကျယ်အောင်
စိုက်ပျိုးတဲ့ စီရင်စုလည်းဖြစ်တယ်...အဲ့ဒီကထွက်တဲ့
သခွားသီးတွေက အရည်တရွှမ်းရွှမ်းနဲ့ အစိမ်းစားလို့
အရမ်းကောင်းတယ်...ဒါပေမယ့် တစ်ခုဆိုးတာက
လွယ်လွယ်နဲ့ ကျိုးတတ်တာပဲ... "

"ဒါပေမယ့် တောင်ပိုင်းက သခွားသီးတွေကျတော့
မတူဘူး...သူတို့က အစိမ်းစားဖို့ ခက်ပြီးတော့
လွယ်လွယ်နဲ့လည်း မကျိုးတတ်ဘူး...."

"တောက်ဘက်ပိုင်းက သခွားသီးတွေက ခုနက
မိန်းကလေး သုံးသလိုမျိုး အသုံးပြုဖို့
သင့်လျော်တယ်ဆိုပေမယ့် ခရမ်းသီးနဲ့တော့

သွားယှဉ်ရင်လို့မရဘူး...ဘာလို့ဆို သခွားသီးရဲ့
မျက်နှာပြင်မှာက ကြမ်းရှရှ
အဖုသေးသေးလေးတွေပါတယ်လေ.... "

"အစ်ကိုရီပြောတာကို ညီမတော့
သဘောမတူဘူး..."ချောင်ရှင်း ပြောလိုက်၏။

"ငါ့ သီအိုရီက ဒီလောက်ခိုင်မာနေတာကို မင်းက
ငြင်းချင်နေသေးတယ်ပေါ့....."

"တချို့လူကြီးအရုပ်တွေမှာ အဲ့လိုအဖုလေးတွေ
ထည့်ထားပေးတယ်ဆိုတာ အစ်ကိုရီလည်း သိမှာပါ...
အဲ့သခွားသီးလေး ကြမ်းတာလောက်တော့
ဘာပြောကောင်းမလဲ...."

"အာ ဟုတ်သားပဲဟ..."လင်းရီ ရုတ်ချည်း
သဘောပေါက်သွားပြီး "ရှင်းရှင်း ငါတို့နှစ်ယောက်က
အတော်လေး ပါတနာကျတာပဲကွ...တကယ်လို့
ငါကားပြန်မောင်းဖြစ်ရင် မင်းကို ခေါ်လိုက်မယ်.... "

"အာ..အစ်ကိုရီကလည်း ညီမက
နောက်တာပါဆိုနေ..."ချောင်ရှင်း သူမမျက်နှာကို
လက်ဖြင့် အုပ်လျက် ပြောလိုက်သည်။

ကလင် ကလင် ကလင်

နှစ်ယောက်သား အတွေ့အကြုံများ ဖလှယ်နေစဉ်
လင်းရီ၏ ဖုန်းသံ မြည်လာခဲ့၏။ လီချူးဟန်မှ
ခေါ်ဆိုလာခြင်းပင်။

"ဟဲလို ဒေါက်တာလီ...."

"ဆေးရုံရဲ့ ၁၃ ထပ်ကို လာခဲ့လိုက်...နင် ခွဲစိတ်ခန်းထဲမှာ ငါ့ရဲ့ လက်ထောက် လုပ်ရမယ်.. မြန်မြန်လေးနော်...."

လင်းရီ ကြက်သေသေသွားခဲ့၏။

ငါ့ကို ပါဝင်ခွင့် ပြုလိုက်တာလားဟ...

ဒေါက်တာလီက အရမ်းရဲဝံ့တာပဲ...

"နားလည်ပါပြီ..."

လီချူးဟန်၏ အခန်းမှာ ၁၃ထပ်မြောက်၏ အခန်းနံပါတ် ၈ ပင်။ သူမဘက်မှ အချိန်သိပ်မရ၍ အတိုးချုံး ပြောလိုက်ခြင်းဖြစ်၏။

"ဒေါက်တာလီ ငါ့ကို ခိုင်းစရာရှိလို့ ခေါ်နေပြီ...
အရေးပေါ်ဌာနကိုတော့ မင်းပဲ
ဆက်တာဝန်ယူထားလိုက်တော့..."

"အိုကေ..."

လင်းရီ ၁၃ ထပ်မြောက်သို့ လျှင်မြန်စွာ
ရောက်ရှိလာခဲ့၏။

လင်းရီ အခန်းထဲသို့ ဝင်ရန် ခြေလှမ်းပြင်ခါရှိသေး သူ၏
အမူအရာမှာ ရုတ်ချည်း အေးခဲသွားသည်။
အဘယ်ကြောင့်ဆိုသော် သူ လျှန်ရှူရှယ်ကို
မြင်တွေ့လိုက်ရသောကြောင့်ပင်။

တစ်ချိန်တည်းတွင် လျှန်ရူရှယ်လည်း သူ့ကို မြင်တွေ့လိုက်ရ၏။

သူတို့နှစ်ဦး၏ အကြည့်များမှာ လမ်းခုလတ်အလယ်တွင် ဆုံသွားခဲ့ပြီး ထူးဆန်းသည့်လေထုမှာ ရုတ်ချည်း လွှမ်းမိုးလာခဲ့သည်။

လင်းရီကတော့ တည်တည်ငြိမ်ငြိမ်နှင့် သူမ အဘယ်ကြောင့် ဤနေရာသို့ ရောက်နေလဲဆိုတာ စဉ်းစားကြည့်နေသည်။

တစ်ဖက်ရှိ လျှန်ရူရှယ်မှာတော့ ရှုပ်ထွေးနေခဲ့၏။

အကယ်၍ လင်းရီ သာမန်အဝတ်အစားများ ဝတ်ထားမည်ဆိုလျှင်တော့ သူမ ဘာမျှ ပြောလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း လင်းရီမှာ အဖြူရောင် ကုတ်နှင့် ခွဲစိတ်ခန်းသုံးmask ကို တပ်ဆင်ထားသည်။

'သူဘာကြောင့် ဒီလိုတွေ ဝတ်ထားရတာလဲ..'

"ရှင်...ရှင်ဒီကို ဘာလာလုပ်တာ..."

"အဟမ်း..ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ပေးပါရစေ...ကျုပ်က နှလုံးအထူးကု ဌာနက ဒေါင်တာလင်းရီပါ...ပြီးတော့ ဒေါက်တာလီရဲ့လက်ထောက်ပေါ့..."

"ဟင်...."

အမြဲတစေ တည်ငြိမ်နေခဲ့သည့် လျှန်ရူရှယ်မှာ လင်းရီ ဒေါက်တာဖြစ်နေသည်ဟု သတင်းကြားတော့  မည်မျှပင် စိတ်ပြင်ဆင်ထားစေကာမူ သူမ၏ တည်ငြိမ်မှုကို ဆက်ထိန်းမထားနိုင်တော့ချေ။

သူက ဒုတိယမျိုးဆက် ဘီလီယမ်နာ၊ လုံရှင်းစင်တာရဲ့ ဒါရိုက်တာ၊ နောက်ပြီး ချစ်ပ်နယ်ပယ်က ဆရာတစ်ဆူလေ....

အဲ့ဒီအထောက်အထားတွေထဲမှာ ဆရာဝန်နဲ့ ဆက်စပ်တာဆိုလို့ ဘာတစ်ခုမှကို မရှိတာ...

ဒီလို ပရော်ဖက်ရှင်နယ် အလုပ်အကိုင်ဆိုတာက

လွယ်လွယ်နဲ့ ရနိုင်တာမျိုးလည်း မဟုတ်ဘူး...

ပြီးတော့ လီချူးဟန်လို ဂျီးနီးယပ်စ်တောင်မှ

ဆယ်နှစ်လောက် မလေ့ကျင့်ပဲ ဒီနေ့လို

ခွဲစိတ်အရည်အသွေးမျိုး ရှိလာဖို့ ဆိုတာ မဖြစ်နိုင်ဘူး...

အဲ့တာကို ဒီကောင်က ဘယ်လိုလုပ်ပြီး

ဆရာဝန်ဖြစ်လာတာလဲတဲ့..

တစ်ယောက်ယောက်လောက်

လာရှင်းပြပေးကြပါဦးလို့......

"ညီမလေး...မင်းတို့ အချင်းချင်း သိကြလို့လား..."

စစ်ဝန်ယူနီဖောင်းနှင့် အမျိုးသားတစ်ဦးမှ
မေးလိုက်သည်။

လျှန်ရှုရွယ် ခေါင်းညိမ့်လိုက်ပြီး "အင်း..သူ့နာမည်က
လင်းရီလေ..."
ထိုမျှလောက်ပင်။ သူမ လင်းရီ၏ မည်သည့်
အထောက်အထားကိုမျှ မဖော်ထုတ်ခဲ့ပေ။

အကြောင်းအရင်းမှာလည်း သူမ ဘာဖြစ်နေလဲဆိုတာ
နားမလည်သေးသောကြောင့်ပင်။

"ဒီတော့ မင်းက ဒေါက်တာလင်းပေါ့... "

သက်လတ်ပိုင်း အမျိုးသားမှ သူ၏ လက်ကို
ဆန့်တန်းလိုက်ပြီး

"ကောင်းချို....တွေ့ရတာ ဝမ်းသာပါတယ်....."

"လင်းရီ ..တွေ့ရသာဝမ်းသာပါတယ်..."

"ဟင်... အစ်ကို နင်တို့လည်း သူ့ကို သိကြတယ်ပေါ့..."

"ခုလေးတင် ဆွေးနွေးခန်းထဲမှာ ဒါရိုက်တာတွေ အငြင်းပွားကြတယ်ဆိုတာကလည်း သူ့ကြောင့်ပဲလေ... ဒေါက်တာလီက သူ့ရဲ့ရီပို့နဲ့ ဒါရိုက်တာမြောင်ကို ဖြောင်းဖြလိုက်တာ...မဟုတ်ရင် သူ ဒီနေရာမှာ ရှိနေမှာတောင် မဟုတ်ဘူး..."

"မဖြစ်နိုင်တာ... ခွဲစိတ်ရင် အခက်ဆုံးအပိုင်းက ချုပ်ရိုးချုပ်တာလေ...ချုပ်ရိုးရီပို့က တကယ်ကြီး သူရေးထားတာလား...."

"အမှန်ပဲ... "ကောင်းချို ပြောလိုက်ပြီး "ငါ ခုနလေးတင်
သူ့ရဲ့ရီပို့ကို စီနီယာဆေးမှူးစီ ပို့လိုက်တော့ ဟိုဘက်က
အကဲဖြတ်ပေးလိုက်တာ
အရမ်းမြင့်တယ်.....ဒေါက်တာလင်းရဲ့စကားတွေက
တကယ်လည်း ပြောင်မြောက်ပါပေတယ်..."

၎င်းကိုကြားတော့ လျှန်ရူရှယ် တခဏမျှ
တွေးခေါ် နိုင်စွမ်း ဆုံးရှုံးသွားတော့၏။
အစ်ကိုကောင်းမှာ အမြဲတစေ မာနကြီးသူဖြစ်သည်။
လင်းရီကို ထိုမျှ အကဲဖြတ်ပုံထောက်သည်ကို
ကြည့်လျှင်တော့ လင်းရီ၏ စကားတို့မှာ
အင်မတန်မြင့်မားပုံပင်။

သို့သော်လည်း ယခုလို ချုပ်နိုင်ရန် အတွေ့အကြုံမှာ ဆယ်နှစ်မက လိုအပ်၏။

သူ့က ဘာလို့ ဒီလောက် ငယ်ငယ်လေးနဲ့ အဲ့လောက် ထူးချွန်နေရတာလဲတဲ့....

အကယ်၍ နယ်ပယ်တစ်ခုတည်းတွင် ထူးချွန်ပြောင်မြောက်နေလျှင် ပါရမီရှင် ဖြစ်နေသောကြောင့်ဟု အကြောင်းပြချက် ပေး၍ရသည်။

သို့သော်လည်း လင်းရီကတော့ ခြားနား၏။

မိုက်ခရိုချစ်ပ်နယ်ပယ်တွင်လည်း ဆရာတစ်ဆူ ဖြစ်နေပြန်သည်။

အရေးအကြီးဆုံးကတော့ ကျိုကျိုတက် ချမ်းသာသည့် ဒုတိယမျိုးဆက်လည်း ဖြစ်နေသေး၏။

ထိုအချိန်တွင်တော့ လျန်ရူရှယ်၏ ခေါင်းထဲတွင် ကြယ်များဖြင့် ပြည့်နှက်သွားပြီး...

လင်းရိက ဒီလောက်ချမ်းသာနေတာတောင်မှ သူမ မမျှော်လင့်ထားတာတွေ မဖြစ်နိုင်တာတွေကို ဘာလို့ လုပ်လုပ်ပြနေတာ....

မဟုတ်မှလွဲရော သူ မိန်းကလေးတွေကို စိတ်မဝင်စားတော့တာများလား....

အဲ့တာတော့ မဖြစ်နိုင်လောက်ပါဘူးနော....

စာစဉ် (၂၆) ပြီး၏။